# ပါဠိမဟာဝဂ္ဂ

# အမေးအဖြေကျမ်း

ဦးဇောတိပါလ

သာသနာတော်သုံးရပ်၏အသက်ဖြစ်သော ဝိနည်းသိက္ခာ
ပုဒ်ဘွဲ့ ၄ ၊ အကျဉ်းချုပ်-ပြဆိုရာဖြစ်သော
“ဒွေမာတိကာ”ကျမ်း၌ အမေး- ၂၈၄ . ၃၁
အဖြေ ပြုလုပ်၍ (၈၈၁)

၂၄၇

# ပါတိမောက္ခ

## အမေးအဖြေကျမ်း။

ကို

မန္တလေးမြို့မင်းဒိန်တိုက်၊ ပဒိယသန့်ယှဉ်သောကျောင်း၊
နေသော-ဝတ္ထုဆရာတော် “ဓမ္မကောဘိပါလ”
အရှင်သူမြတ် ရေးသားအပ်သည်၊

[illegible]

[illegible]

[illegible]

COPYRIGHT. REGISTERED.

[illegible]

[illegible]

## ပါတ်ိမောက္ခ အမေးအဖြေကျမ်းကို ရေးသားခြင်း၏ အကြောင်း နိဒါန်း။

''ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ''၊ ပါဠိ- အဋ္ဌကထာ၊ မိန့်မှာတော်မူအပ်သည်နှင့် အညီ၊ ဘုရားမြတ်စွာ သာသနာတော် သုံးရပ်၏ အသက်သည်ကား၊ ဝိနည်းပင်တည်း၊ ဝိနည်း တည်သည် ရှိသော်၊ သာသနာတော် သုံးရပ်၊ မပြတ် မစဲ၊ အမြဲတည်၏ဟု ဆိုရလေသည်။ ။ဤသို့ သာသနာတော် သုံးရပ်၏ အသက်၊ သာသနာတော် သုံးရပ်၏ အခွန့်ရှည်ကြာ၊ တည်ရာမူလ၊ ပဘဝဖြစ်သော ''ဝိနည်းကျမ်းဂန်'' တို့၌၊ ကွယ်ဝှက်တိမ်မြုပ်၊ အသိဉာဏ် ရှုပ်မည့်နေရာ လိန ဂူဠ ဌာနတို့၌၊ အမေးအဖြေ- ပြုလုပ်၍၊ ကျမ်းဂန် တစောင်၊ ထုတ်ဆောင် ရေးသားရမှုကား၊ ကောင်းလေစွ။.... ထိုဝိနည်းကျမ်းဂန်တို့တွင်လည်း၊ ရဟန်းတော် တို့၏ စောင့်ထိန်းရာ အချုပ်၊ (၂၂၇) သွယ်သောသိက္ခာပုဒ်၊ (၃၁၁) သွယ်သော သိက္ခာပုဒ်တို့ကို၊ အကျဉ်းချုပ် ပြရာ ဖြစ်သော- ဘိက္ခု- ဘိက္ခုနီ- ဒွေမာတိကာ (၂) ကျမ်းကို၊ အမေး-အဖြေ ပြုလုပ်၍၊ ''ပါတိမောက္ခအမေး-အဖြေ ကျမ်း'' ဟူသော အမည်ဖြင့်၊ ရေးသားရမှုကား၊ ''အတိုင်းထက်အလွန်၊ တမ်းခွန်နှင့်ဘုရား'' ဆိုဘိသကဲ့သို့၊ အထူးသဖြင့် သာလွန် ကောင်းမွန်လေစွ....ဟု၊ အသင့်-ယူကျုံး၊ နှလုံးသွင်းမိသည်အားလျော်စွာ၊ ဤဘိက္ခု- ဘိက္ခုနီ-ဒွေမာတိကာ (၂) ကျမ်းတို့၌လည်း လိန ဂူဠ အရာဌာနတို့ [illegible] ကာ်ါအဋ္ဌကထာကို ချုပ်ရိုစဉ်း[illegible]ါ၊ ကျမ်းများစွာကို၊ [illegible] စေ့ငု ကြ[illegible]ရှု ပြီးလျှင်၊ အမေး-အဖြေ- ပြုလုပ်၍၊ [illegible]မောက္ခ[illegible] အဖြေကျမ်းကို၊ ခ္ဆလေး-ရွှေမြို့တော်-

# နိဒါန်း။

"မစိုးရိမ်တိုက်" ပရိယတ္တိ နယူပဒေသကျောင်း၊ ကျောင်းထိုင် နာယက "ပရိယတ္တိ သာသန ဟိတ ဓမ္မာ စရိယ" စာချ ဆရာတော် "**ဦးဇောတိပါလ**" အရှင်သူမြတ်သည်၊ မဟာသဿာဟာ၊ ထက်မြက်သော ဝီရိယဖြင့်၊ ရေးသား တည်ထွင်၊ စီရင်တော်မူအပ်သတည်း။

ဝိနယသဆေက၊ ဝိနယ ကောသလ္လ၊ ဝိနယဓရ၊ သာသန စိရဋ္ဌိတိက၊ အလိုရှိတော်မူကြသော ပုဂ္ဂိုလ် အပေါင်းနှင့်တကွ၊ ဝိနယုသာဝ၊ ဝိနည်းစာပြန်ပွဲ၊ ဝင်နွှဲကြသော ပုဂ္ဂိုလ် အပေါင်းတို့သည်၊ ဤကျမ်းကို၊ လေ့လာကြည့်ရှု၊ သင်ကြားခြင်းကိုပြုက၊ ဝိနည်း၌ တတ်သိ လိမ္မာ၍၊ ဝိနည်း စာပြန်ပွဲ ဟူသမျှတို့၌၊ အောင်ပန်းအထူးကို၊ ဆွတ်ခူးနိုင်ကြပြီးလျှင်၊ ပဋိပတ္တိ အကျင့်နည်းလမ်း၌၊ လိမ္မာတော်မူကြ၍၊ သာသနာတော် သုံးရပ်၊ အစွန့်ရှည်ကြာ တည်ရသော အကြောင်းမူလ ပဘဝဖြစ်သည်။ ။ငါးထောင်သာသနာ၊ အစွန့်ရှည်ကြာ၊ တည်ပါစေကြောင်း၊ စိတ်မွန်ကောင်းဖြင့်၊ နှစ်ထောင်းအားရ၊ အပတ်တကုတ်၊ ကြိုးစား အားထုတ် နိုင်ကြပါစေသတည်း။

ဤ ပါတိမောက္ခ အမေးအဖြေကျမ်းကို၊ ရန်ကုန်မြို့-ရွှေတိဂုံဘုရားကြီး ဈေးတော်ရုံ-ရာဇာနုဝါဒီ ပိဋကတ်စာအုပ်ဆိုင်ရှင်-ကိုပေါ် ရင်က မှုပိုင်ရှိပါ၍၊ ကောင်းမွန်သေသပ်စွာနှင့် စက်တင် ပုံနှိပ်ခြင်းကို ပြုလုပ်ပါသတည်း။

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
စာချဆရာတော် ဦးဇောတိပါလ၊
ပရိယတ္တိနယူပဒေသကျောင်း၊
မစိုးရိမ်တိုက်-မန္တလေးမြို့၊

# ပါတိမောက္ခ အမေး အဖြေကျမ်း။


| မာတိကာစဉ်။ | | မျက်နှာနံပါတ်။ |
|---|---|---|
| ပဏာမပုဗ္ဗကဂဏ္ဍ၁ရန် | | ၁ |
| နိဒါန | | ၅ |
| ပါရာဇိက | | ၂၄ |
| သံဃာဒိသိသ် | | ၃၇ |
| အနိယတ | | ၅၂ |
| နိဿဂ္ဂိပါစိတ်-စီဝရဝဂ် | | ၅၆ |
| ။ | ဧဠကလောမဝဂ် | ၇၆ |
| ။ | ပတ္တဝဂ် | ၈၀ |
| သုဒ္ဓပါစိတ်-မုသာဝါဒဝဂ် | | ၈၈ |
| ။ | ဘူတဂါမဝဂ် | ၉၇ |
| ။ | ဘိက္ခုနောဝါဒဝဂ် | ၁၀၅ |
| ။ | ဘောဇနဝဂ် | ၁၀၈ |
| ။ | အစေလကဝဂ် | ၁၂၆ |
| ။ | သုရာပါနဝဂ် | ၁၃၂ |
| ။ | သပ္ပါဏကဝဂ် | ၁၃၆ |
| ။ | သဟဓမ္မိကဝဂ် | ၁၄၂ |
| ။ | ရတနဝဂ် | ၁၄၈ |
| ပါဋိဒေသနီ | | ၁၅၃ |
| သေခိယ | | ၁၅၆ |
| အဓိကရဏသမထ | | ၁၇၂ |

## (ခ) ဘိက္ခုနီ-ပါတိမောက္ခ-အမေး အဖြေ-ကျမ်း။

မာတိကာစဉ်။ မျက်နှာနံပါတ်။


ဘိက္ခုနီ-ပါရာဇိကာ .... .... .... ၁၇၅
။ သံဃာဒိသိသ် .... .... ၁၇၉
။ နိဿဂ္ဂိပါစိတ် .... .... ၁၈၈
ဘိက္ခုနီ-သုဒ္ဓပါစိတ်-လသုဏဝဂ် .... .... ၁၉၁
။ ။ ရတ္တန္ဓကာရဝဂ် .... ၁၉၈
။ ။ နဂ္ဂဝဂ် .... .... ၂၀၂
။ ။ တုဝဋ္ဋဝဂ် .... .... ၂၀၆
။ ။ စိတ္တာဂါရဝဂ် .... ၂၀၈
။ ။ အာရာမဝဂ်.... .... ၂၁၃
။ ။ ဂဗ္ဘိနီဝဂ် .... .... ၂၁၇
။ ။ ကုမာရိဘူတဝဂ် .... ၂၁၉
။ ။ ဆတ္တုပါဟနဝဂ် .... ၂၂၂
နိဂုံး ။ပဉ္စနဝသိသဆုတောင်း (၂) ဂါထာ .... ၂၂၅

# ပါတိမောက္ခ

## အမေးအဖြေကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမပုဗ္ဗက ဂန္ထာရမ္ဘ။

၁။ အနန္တဉာဏံ သမ္ဗုဒ္ဓံ၊ ပုညက္ခေတ္တံ သဒေဝကေ သလ္လံ။
ဓမ္မံ သမ္ဗုဒ္ဓပူဇိတံ နတွာ သံဃံ နိရင်္ဂဏံ။ ။
၂။ ပါတိမောက္ခဿ ဒီပနံ၊ သောတုန္နံ ဘာသာဝ ....။
ပဉ္စမှာ ... ဒီပံ၊ ပကာသံ ပုစ္ဆာဝိဿဇ္ဇနံ။ ။

ဒု-ပဒ်၊ နှိမ်-ချိုး-ရှိခိုး၊ ပါ-တိမောက်၊ ဒီပ ... သရုပ်၊ ... [illegible] ... သည်၊ ... ဉာဏ်၊ ... များ၊ ... ရှိသော ... [illegible] ... ကြောင်း ... ။ ... နိုင်သော ဉာဏ်တော် ... ရှိသော ... ဉာဏ် ... ရှိသော ။

•ရ။.—1

[ဤ၌၊ အနက်ကို ညာဏံ-ဆိုလိုလျက်၊ ဆန္ဒာနုရက္ခဏ အသို့ငါ နိဂ္ဂဟိတ်ကျေ၍၊ အနက်ကို ညာဏ-နေသည်။ ။"ဆန်းကြောင့် ပျက်ကျေ၊ ယွင်းကွက်သွေ၊ ဆောင်လေနက်ပေးခါ"ဟူသည်နှင့်အညီ၊ ကျေသောနိဂ္ဂဟိတ်ကို ဆောင်၍၊ အနက်ကို ညာဏံ—ဟု အနက် ပေးသည်။ ။အမှာ စကားချပ်]။ ။ဥတ္တာ ဂိသတ္တကောသလ္လံ၊ မေးခြင်း-ဖြေခြင်းနှ၊ ပြိုင်သူ ဘက်ကင်း၊ လွန်မင်းစွာ လိမ္မာတော် မူသော။ သမ္ဗုဒ္ဓံ၊ ကြွင်းမဲ့ ဥဿုံ၊ အလုံးစုံသောတရားတို့ကို၊ ဆရာမကူ၊ သယမ္ဘူ။ ဉာဏ်ဖြင့်၊ ဒိဒိအလိုလို၊ ကိုယ်တော်တိုင်သာ သိတော် မူသော မြတ်စွာ ဘုရားကို။ နတွာ နမာမိ၊ ကိုယ်-နှုတ်-စိတ်တို့ဖြင့်၊ ဂုဏ်တော် အပေါင်းကိုနှလုံးသွင်းခါ၊ ရှိသေလေးမြတ်စွာရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ သမ္ဗုဒ္ဓပူဇိတံ၊ မြတ်စွာဘုရားတို့သည် ဂါရဝရသေ ဝန-ဘာဝနာသေဝန အားဖြင့် အဘန်တလဲလဲ မှီဝဲသုံးသပ် ပူဇော်အပ်သော။ ဓမ္မဉ္စ၊ မဂ်လေးတန်-ဖိုလ်လေးတန်-နိဗ္ဗာန်-ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်ကို လည်း။ နတွာ-နမာမိ၊ ကိုယ်-နှုတ်-စိတ် တို့ဖြင့်-ဂုဏ်တော် အပေါင်းကိုနှလုံးသွင်းခါ၊ ရှိသေလေးမြတ်စွာရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ နိရင်္ဂဏံ၊ ယှဉ်ညှိသော အပါယ်စသည်သို့ လား ကြောင်းဖြစ်သော ကိလေသာမရှိသော။ သံဃဉ္စ၊ သံဃာတော် အရှင်မြတ်ကိုလည်း။ နတွာ-နမာမိ၊ ကိုယ်-နှုတ်-စိတ်တို့ဖြင့် ဂုဏ်တော်အပေါင်းကို နှလုံးသွင်းခါ၊ ရှိသေလေးမြတ်စွာ ရှိခိုး ပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ။[ကဿံ-မှာ စပ်သေ]။

ပဌမဂါထာ အနက် ပြီး၏။

သောတူနံ၊ သုတေသန၊ အလိုရှိကြသော ရဟန်းရှင်လူနှင့် ဘကွ၊ စာပြန်ပွဲ ဟူသမျှ၊ ဝင်နွှဲကြကုန်သော-နုပျိုထွားထွား၊ စာသင်သားတို့အား။ ဝါ၊စာသင်သားတို့၏။ ပဌမရသာဝေသု၊ ရှိသမျှ အဖုံဖုံ၊ ပဌမပြန်ပွဲ အလုံးစုံတို့၌။ ဒိပ္ပ၊ လျင်မြန်စွာ။ ဝါ၊ ရုတ်တရက် တခဏခြင်း။ ဝိသဇ္ဇေတွာ၊ ဉာဏ်အမြင် လှလှနှင့်၊ အဓိဘော်ကျအောင်ဖြေဆိုနိုင်ကြ၍။ ပဌမံ၊လက်ဦး အစ၊ တစ်ဂဏန်းက။ ဇယံ၊ အောင်ပန်းအထူးကို။ ဒါတုံစ၊ ပေးစေ ခြင်းငှါရင်း။ ဉာဏ ဝဍ္ဎိတုံ စ၊ ဉာဏ် အမြင်ပွါး၊ သုတ များစေ ခြင်းငှါရင်း။ ပုစ္ဆာဝိသဇ္ဇနံ၊ ပါတိမောက်နှင့် ကင်္ခါ၊ မို့ချုပ်အခါ၊ ကျမ်းများစွာကို၊ သေချာစေ့ငု၊ ကြည့်ရှု ရေးသား အပ်သော **ပါတိမောက္ခ အမေးအဖြေကျမ်း**ကို။ ကဿံ၊ မဟာသာဟ၊ ထက်မြက်သော ဝီရိယဖြင့်၊ အချက် ကျကျ ရေးသားခြင်းကို-ပြုပါအံ့သတည်း။

ဒုတိယဂါထာ အနက် ပြီး၏။

---

အောက်၌ ဘော်ပြ ထားသော ဖြေဆိုပုံ နမူနာ ကဲ့သို့၊ ပုစ္ဆာ (၁)ခု၏ အဖြေ အဆုံးအဆုံး၌၊ မျဉ်း ကြောင်းကြီး ထင်ထင်တား၍၊ ဖြေဆိုကြရန် များစွာ သင့်လျော်လေသည်။

မြန်မာဘာသာ စကားပြင် အဖြေအဆုံး၌၊ "ပါဠိ ဟူသမျှ၊ အဆိုး သာသာ ပါဠိပြ၍ ဖြေဆိုပါ" ဟု မေးလျှင်၊ ထည့်၍ ဖြေဆိုရန် လိုပေသည်။

သို့မဟုတ်လျှင်၊ ပါဠိကို ထည့်၍ ဖြေဆိုရန် မလိုပေ။ သို့ရာတွင်၊ ပါဠိကို ကျက်မှတ် လိုသူတို့ အတွက်၊ ထည့်စွက်၍ ရေးသား လိုက်ပါသည်။ အလွန် ရှည် လျားသော ပါဠိများကိုမူကား၊ ဤကျမ်း၌ ထည့်စွက် ရေးသားမည် မဟုတ်ပေ။ အကြောင်းမူကား၊ စာသင် သားတို့အား အချိန်များစွာကုန်၍၊ လိုရင်းသို့မရောက် နိုင်မည်စိုးသောကြောင့်တည်း။

ဤကျမ်းမှာ တိုတိုတုတ်တုတ်နှင့်၊ လိုရင်းကိုထုတ် နုတ်ရေးသားသော ကျမ်းဖြစ်၍၊ စကား ကျဉ်းကျဉ်း နှင့်၊ လိုရင်းမိအောင် ရေးသားခဲ့ပေသည်။ စာပြန်ပွဲ- ဝင်နွှဲကြသော ပုဂ္ဂိုလ် အပေါင်းတို့လည်း၊ ဤကျမ်း ဖြေဆို ပုံကဲ့သို့၊ စကား ကျဉ်းကျဉ်း နှင့်၊ လိုရင်း မိအောင်ဖြေဆိုကြရန်အထူးပင်သင့်လျော်လေသည်။ သို့ရာတွင်၊ အကျယ် တဝင့် သိလိုသူ ပုဂ္ဂိုလ်တို့ အတွက်၊ အချို့ အဖြေများ အဆုံး၌၊ ရုတ်တရက် ရှာဖွေ၍ ကြည့်ရှု နိုင်ရန်၊ နံပါတ်များ ညွှန်းပြထား ပါသည်။ ။ကင်္ခါ အဋ္ဌကထာမှာ ဇမ္ဗူ။ မိတ်ဆွေ ကင်္ခါ ဋီကာသစ်- ဋီကာဟောင်း မှာ- ပြည်ကြီး မဏ္ဍိုင်၊ ကင်္ခါယောဇနာမှာ-သုဓမ္မဝတီ၊ ပါဠိတော် မှာ-ဘေနသိဒ္ဓိ ပုံနှိပ်တိုက်ရိုက်ဟု အသီးသီးမှတ်ယူ စေလိုကြောင်း။ - ။အမှာစကားချင်း။

၁-မေး။ ။ပါဠိ မောက္ခ နှင့်ကို၊ အဖိတ်- အပေါင်း-
ဝိဂ္ဂဟပြု၍၊ ဓာတ်ပစ္စည်း-ညွှန်ကြား ပြီးလျှင်၊
အနက်ကောက်ပြပါ။

၁-ဖြေ။ ။ပါဠိ ရက္ခတီတိ ပါဠိ၊ ။ပါဠိ ဓာတ်၊ တိ
ပစ္စည်း။ ။စောင့်သော ပုဂ္ဂိုလ် ပေ၏။
မောက္ခေတိ မောစယတီတိ မောက္ခံ၊
မောက္ခဓာတ်၊ အ-ပစ္စည်း။ ဘာသည်၊ မုစဓာတ်၊
အ-ပစ္စည်း။ ။သိသာပေ၏။
ပါဠိ မောက္ခေတိ မောစယတီတိ ပါဠိ
မောက္ခံ၊ ။ပါဠိဖြင့်သော-မောက္ခဓာတ်၊
အ-ပစ္စည်း။ ။ကြောင့်ပန် သိ ပေ၏။

---

၂-မေး။ ။ပါဠိ မောက္ခ သုဒ္ဓပဒ-ဝဂ္ဂပဒ-
ကို ပြပါ။

၂-ဖြေ။ ။ပါဠိမောက္ခသည် သုဒ္ဓပဒ။ ။၁-သုဒ္ဓ
ပါဠိမောက္ခ၊ ။၂-ဝဂ္ဂပါဠိမောက္ခ ဖြစ်
ပါသည်။
ပါဠိ မောက္ခ ဝဂ္ဂ ပဒ။ ။
၁ ဘိက္ခုပါဠိမောက္ခ၊ ။၂-ဘိက္ခုနီပါဠိ
မောက္ခ ဖြစ်ပါသည်။

---

၃-မေး။ ။ဘိက္ခုပါဠိမောက်၌ ဒွေ ဘာဝ ကို
ဘယ်ပြပါ။

၃-ဖြေ။ ။ဘိက္ခုပါဠိမောက်၌၊ ဒွေသတ္တသည်၊

ပါတိမောက္ခ အမေးအဖြေကျမ်း။

၁-နိဒါနုဒ္ဒေသ။ ။၂-ပါရာဇိကုဒ္ဒေသ။ ။ ၃-သံဃာဒိသေသုဒ္ဒေသ။ ။၄-အနိယတုဒ္ဒေသ။ ။၅-ဝိတ္ထာရုဒ္ဒေသ။ ။ဤ-၅-ပါး တို့သည်၊ဥဒ္ဒေသဝိဘာဂ ဖြစ်ပါသည်။

---

၄-မေး။ ။ဘိက္ခု ပါတိမောက်၌၊ ဥဒ္ဒေသ ပရိစ္ဆေဒကို ဖော်ပြပါ။

၄-ဖြေ။ ။နိဒါန်းကိုပြပြီး၍၊ ကြွင်းသော ဥဒ္ဒေသတို့ကို၊ သုတသဒ္ဒါဖြင့် ကြားခြင်းသည်၊ နိဒါနုဒ္ဒေသ။

နိဒါန်း-ပါရာဇိက- တို့ကို ပြပြီး၍၊ ကြွင်းသော ဥဒ္ဒေသတို့ကို၊ သုတ သဒ္ဒါဖြင့် ကြားခြင်းသည်၊ပါရာဇိကုဒ္ဒေသ။

နိဒါန်း- ပါရာဇိက- သံဃာဒိသိသ် တို့ကို ပြပြီး၍၊ ကြွင်းသော ဥဒ္ဒေသ တို့ကို၊ သုတ သဒ္ဒါဖြင့် ကြားခြင်းသည်၊ သံဃာဒိ သေသုဒ္ဒေသ။

နိဒါန်း- ပါရာဇိက- သံဃာဒိသိသ်- အနိယတတို့ကို ပြပြီး၍၊ ကြွင်းသော ဥဒ္ဒေသကို၊ သုတ သဒ္ဒါဖြင့် ကြားခြင်း သည်၊ အနိယတုဒ္ဒေသ။

အလုံးစုံ အကျယ် ပြခြင်းသည်၊ ဝိတ္ထာရုဒ္ဒေသ။ ။[ဝိတ္ထာရုဒ္ဒေသမှာ၊ သုတ သဒ္ဒါဖြင့် မကြားရ]။

၅-မေး။ ။ဘိက္ခုနီ ပါတိမောက်၌၊ အနိယ တရွေသ ယုတ်လျော့ ခြင်းကို၊ အကြောင်းပြ ဖြေဆို ပြီးလျှင်။ ၎င်းဥဒ္ဒေသ၊ ဘိက္ခုနီပါတိမောက်၌၊ လိုက်ရန်-သင့်-မသင့်-ဆိုးဖြတ်ပါ။

၅-ဖြေ။ ။ဘိက္ခုနီမ တို့အား၊ အနိယတ ပညတ်ခြင်း မရှိသောကြောင့်၊ ဘိက္ခုနီ၌၊အနိယတဥဒ္ဒေသ ယုတ်လျော့ပါသည်။ ။၎င်းဥဒ္ဒေသ၊ဘိက္ခုနီ၌၊လိုက်သင့်ပါသည်။ ။

ဋီကာသစ်။ (၁၁)

---

၆-မေး။ ။နိဒါန်းကို ရွတ်ဆို ပြီးလျှင်၊ အနန္တရာယ် (၁၀)ပါး တို့တွင်၊ တပါးပါး ပေါ်ပေါက်၍၊ သုတသဒ္ဒါဖြင့်သိမ်းရာ၌၊ အောက်ပါ ပေယျာလကို ဘော်လိုက်ပါ။

ဥဒ္ဒိဋ္ဌံခေါ အာယသ္မန္တော နိဒါနံ၊လ။သိက္ခါတဗ္ဗန္တိ။

၆-ဖြေ။ ။ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ သုတာ ခေါပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ။ သုတာ ခေါ ပနာယသ္မန္တေဟိ တေ ရသ သံဃာဒိသေသာ ဓမ္မာ။ သုတာခေါ ပနာ ယသ္မန္တေဟိ ဒွေ အနိယတာ ဓမ္မာ။ သုတာခေါ ပနာ ယသ္မန္တေဟိ တိံသနိဿဂ္ဂိ ယာ ပါစိတ္တိယာ ဓမ္မာ။ သုတာခေါ ပနာ ယ သ္မန္တေဟိ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ။သုတာ

ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ခေါ ပနာယသ္မန္တေဟိ သေခိယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ခေါ ပနာယသ္မန္တေဟိ သတ္တ အဓိကရဏသမထာ ဓမ္မာ။ ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္ဝဍ္ဎမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။

[နိဒါန်းပြ မပြီးမီ သုဘာသဒ္ဒါဖြင့် မကြားရ။ ။အမှာစကား]။

---

၇-မေး။ ။သုဏာတု မေ ဘန္တေ သံဃော-၌၊ သုဏာတူတိ ဣဒံ သဝနာဏတ္တိ ဝစနံ- ဘွင့်ရာ၊ နာသေ့ ဟု-စေခိုင်းခြင်းအာဏတ္တိဖြစ်၍၊ ၎င်းအာဏတ္တိသည်၊ ဘုရား- ပါတိ မောက္ခုဒ္ဒေသကရဟန်း-၂-ပါး တို့တွင်၊ အဘယ်သူ၏ အာဏတ္တိနည်း။ အကယ်၍ ပါတိမောက္ခုဒ္ဒေသကရဟန်း၏ အာဏတ္တိဖြစ်ခဲ့က၊ မထေရ်ကြီးကိုစေခိုင်းရာကျမည်ဖြစ်၍၊ သီတင်းငယ် သုဏာတု ဆိုခြင်း-သင့်-မသင့်-အကြောင်းပြ ဖြေဆိုပါ။

၇-ဖြေ။ ။ပါတိမောက္ခုဒ္ဒေသက ရဟန်းသည်၊ ဤသို့ ဆိုအပ်၏-ဟု ဘုရား ဟောတော် မူသော ကြောင့်၊ ဘုရား၏ အာဏတ္တိ ဖြစ်ပါသည်။

ပါတိမောက္ခုဒ္ဒေသက ရဟန်း၏ အာဏာတွင် မဟုတ်ပါ။ထို့ကြောင့် သိတင်းငယ်-သုဏော တု-ကို ဆိုရန် သင့်ပါသည်။

ဝိုကာသစ် (၁၂)

---

၈-မေး။ ။သုဏောတုမေ ဘန္တေ သံဃော၌၊သံဃော၏ ဘေဒ၊ ၎င်း ဘေဒ၏ ဝိသေသ၊ ဥပုသ်ကို ပညတ်ရာ၌ လိုအပ်သော အဓိပ္ပေတသံဃာ ကိုလည်း ဘော်ပြပါ။

၈-ဖြေ။ ။သံဃော၏ ဘေဒကား၊ ၁-ဒက္ခိဏေယျ သံဃာ၊ ၂-သမ္မုတိသံဃာဖြစ်ပါသည်။ ။ ဘေဒ၏ ဝိသေသကား၊ အရိယာပုဂ္ဂိုလ် ရှစ် ယောက်အပေါင်းကို၊ဒက္ခိဏေယျသံဃာ။ ။ သာမည အားဖြင့် ရဟန်း အပေါင်းကို သမ္မုတိ သံဃာ။ ။ဥပုသ်ကို ပညတ်ရာ၌ လိုအပ်သော အဓိပ္ပေတ ကား၊ သမ္မုတိ သံဃာတည်း။

---

၉-မေး။ ။အနူပေါသထော၌ဥပေါသထောကိုဝစနတ္ထ ပြု၍၊ခတု-ပန္နသညွှန်းပြီးလျှင်၊ ၎င်း၏ဟော အင်သော အနက်ကိုလည်း ဘော်ပြပါ။

၉-ဖြေ။ ။ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော။ ။ ဥပ ရှေ့ရှိသော-ဝသဓာတ်၊ ထပစ္စည်း၊ ။ ဥပေါသထ သဒ္ဒါသည်၊ သီလ- စသည်နှင့်

ပြည့်စုံသည်ဖြစ်၍ နေရာ ဖြစ်သော ဥပုသ်နေ့ကို ဟောသည်။

---

၁၀-မေး။ ။ပန္နရသော ပါဌ်ဖြင့်၊ ပြအပ်သော ဥပုသ်၊ ပယ်အပ်သော ဥပုသ် တို့ကို ပြပြီးလျှင်၊ စာတုဒ္ဒသီ- ပန္နရသီ-ဥပုသ် နှစ်ပါး- အပေါင်းသချ်ာမျှပြ၍၊တနှစ်၌ ရသင့်သော ပကတိ စာရိတ္တ ဥပုသ် အရေအတွက်ကိုလည်း ပြပါ။

၁၀-ဖြေ။ ။ပန္နရသောပါဌ်ဖြင့်၊ နေ့၏ အစွမ်းဖြင့် ဥပုသ် ၃-ပါး တို့တွင်၊ ပန္နရသီ ဥပုသ်ကို ပြ၍၊ စာတုဒ္ဒသီ-သာမဂ္ဂီ ဥပုသ်-၂-ပါးကို ပယ်သည်။

စာတုဒ္ဒသီ (၆)ဥပုသ်၊ ပန္နရသီ (၁၈) ဥပုသ်၊ တနှစ်၌ ပကတိစာရိတ္တ(၂၄)ဥပုသ် ရှိပါသည်။

---

၁၁-မေး။ ။တနှစ်၌၊ ပကတိ စာရိတ္တ ပဝါရဏာ-ဘယ်နှစ်ရက် ရှိပါသနည်း။ရေတွက်ပြပါ။

၁၁-ဖြေ။ ။တနှစ်၌၊ ပကတိ စာရိတ္တပဝါရဏာ-၃-ရက် ရှိပါသည်။ ။အရေ အတွက်ကား။ ပုရိမဝါ ကျွတ်ကုန်သော ရဟန်း တို့အား၊ (၁) သီတင်းကျွတ် လပြည့်။ (၂) သီတင်းကျွတ် လဆုတ်- ၁၄- ရက်။ ။တန်ဆောင်မုန်း လပြည့်။

ပစ္စိမပါဠိကျွတ်ကျန်သော ရဟန်းတို့အား၊ (၃)တန်ဆောင်မုန်းလပြည့်။

---

၁၂-မေး။ ။သာမဂ္ဂီ ဥပုသ် ဟူသည် အဘယ်နည်း။ တနှစ်၌၊ သာမဂ္ဂီဥပုသ်နေ့ အဘယ်နှစ်ရက် ဖြစ်သင့်ပါသနည်း။

၁၂-ဖြေ။ ။သာမဂ္ဂီဥပုသ် ဟူသည်၊ သံဃာ ညီညွတ်သောနေ့၌ ပြုသော ဥပုသ်တည်း။

တနှစ်၌ ရက်ပေါင်း(၃၆၀)ရှိရာ၊ စာတုဒ္ဒသီ- ပန္နရသီ (၂၄) ရက်မှ တပါးသော ကြွင်းသော (၃၃၆) ရက်သည်၊ သာမဂ္ဂီ ဥပုသ်နေ့ ဖြစ်သင့်ပါသည်။

---

၁၃-မေး။ ။သုဏာတုမေဘန္တေသံဃော-စသော ဥတ်၌၊စာတုဒ္ဒသီ-သာမဂ္ဂီ ဥပုသ်နေ့ဖြစ်အံ့။ ပြင်၍ ဆိုသင့်သော ပါဌ်များကို ပြင်ဆင်လိုက်ပါ။

၁၃-ဖြေ။ ။သုဏာတုမေ ဘန္တေသံဃော-စသော ဥတ်၌၊ စာတုဒ္ဒသီ ဥပုသ်နေ့ ဖြစ်အံ့။ အဇ္ဇုပေါသထော စာတုဒ္ဒသော-ဟု ပြင်၍ ဆိုသင့်ပါသည်။

သာမဂ္ဂီ ဥပုသ်နေ့ ဖြစ်အံ့။ အဇ္ဇုပေါသထော သာမဂ္ဂီ-ဟု ပြင်၍ဆိုသင့်ပါသည်။ ။ အခြား ပါဌ်မှာ ပြင်ဖွယ် မရှိ။

---

၁၄-မေး။ ။ပကတတ္တာ အရ-ပကတတ် ရဟန်း ဟူသည် အဘယ်နည်း။ ၎င်းပကတတ္တာပုဒ်ကို ဝစနတ္ထ ပြုခဲ့ပါ။

၁၄-ဖြေ။ ။ပကတတ္တာ အရ-ပကတတ် ရဟန်း ဟူသည်၊ ပကတိ သဘော ဖြစ်သော သီလ ရှိသော အနုက္ခိတ္တ- ပါရာဇိက အနဇ္ဈာပန္န ရဟန်းတည်း။

ဝစနတ္ထကား။ ။ပကတော သဘာဝေါ အတ္တာ သီလံ ဧတေသန္တိ ပကတတ္တာ၊ အဝိပန္နသီလ ဘိက္ခူ။

---

၁၅-မေး။ ။ယာဝတိကာ စ ဘိက္ခူ။ ကမ္မပတ္တာ။ ပတ္တကလ္လ အင်္ဂါအရ-အယုတ်ဆုံး လေးပါးကျွန်သော ရဟန်းတို့သည်၊ ဟတ္ထပါသ်ကို မစွန့်မူ၍ တသိမ်တည်း၌ တည်ရမည်ဟု ဆိုရာ၊ အဘယ်သိမ်ကိုရည်၍ ဆိုပါသနည်း။

၁၅-ဖြေ။ ။၎င်းပတ္တကလ္လ အင်္ဂါ အရ-တသိမ်တည်း၌ တည်ရမည်ဟု ဆိုရာ၊ ဗဒ္ဓသိမ်-အဗဒ္ဓသိမ်-နှစ်ပါးလုံးကိုရည်၍ ဆိုပါသည်။

---

၁၆-မေး။ ။ဗဒ္ဓသိမ်-အဗဒ္ဓသိမ်-နှစ်လုံး တို့၏ ထူးခြားဟန် ဘော်ပြပါ။

၁၆-ဖြေ။ ။ကမ္မဝါစာယ ဗဒ္ဓါ သီမာ ဗဒ္ဓသီမာ။ ။ ကမ္မဝါစာယ အဗဒ္ဓါ သီမာ အဗဒ္ဓသီမာ-

ဟူသော ဝစနတ္ထနှင့် အညီ၊ ကမ္မဝါစာဖြင့် ဖွဲ့အပ်သော သိမ်သည် ဗဒ္ဓသိမ်။ ။ကမ္မဝါစာဖြင့် မဖွဲ့အပ်သော သိမ်သည် အဗဒ္ဓသိမ် ဖြစ်ပါသည်။

---

**၁၇-မေး။** ။ဗဒ္ဓသိမ်၏ အပြားကို ရေတွက်ပြပါ။

**၁၇-ဖြေ။** ။ဗဒ္ဓ သိမ်၏ အပြားကား။ (၁) ခဏ္ဍသိမ်၊ (၂) သမာနသံဝါသကသိမ်၊ (၃)အဝိပ္ပဝါသသိမ် ဖြစ်ပါသည်။ ။ကာဒ်ါ (၇)

---

**၁၈-မေး။** ။အဗဒ္ဓ သိမ်၏ အပြားကို ရေတွက်ပြပါ။

**၁၈-ဖြေ။** ။အဗဒ္ဓ သိမ်၏ အပြားကား။ (၁) ဂါမသိမ်၊ (၂)သတ္တဗ္ဘန္တရသိမ်၊ (၃)ဥဒကုက္ခေပသိမ် ဖြစ်ပါသည်။

---

**၁၉-မေး။** ။ခဏ္ဍသိမ်- မဟာသိမ်-၂-ပါး တို့၏ အထူးတော်ပြပါ။

**၁၉-ဖြေ။** ။"တိုက်ထောင့်ခဏ္ဍာ၊ တိုက်လုံးကျ၊ ဗဒ္ဓသိမ်မဟာ"- ဟူသည်နှင့် အညီ၊ ကျောင်းတိုက်တခုလုံးကို မရှိမချ မှု၍၊ ကျောင်းတိုက်၏ တပိုင်းတစိတ်-တထောင့်တကွက်၌ သမုတ်သော ဗဒ္ဓသိမ်သည်၊ခဏ္ဍသိမ်မည်၏။

ကျောင်းတခုလုံးကို ဖြစ်စေ၊ အနီးအနားဖြစ်သော ကျောင်းတိုက် အများကို ဖြစ်စေ၊

ရှိ၍သရုတ်သော ဗုဒ္ဓသိမ်သည်၊ မဟာသိမ် မည်၏။

---

၂၀-မေး။ ။သဘာဂါပတ္တိ ယောစ နုဝိဇ္ဇန္တိ-၌၊ သဘာဂ သည်၊ ဝတ္ထု သဘာဂ အာပတ်-အာပတ္တိ သဘာဂ အာပတ်-နှစ်မျိုးရှိရာ၊ အဘယ်ကို ယူရမည်နည်း။

၂၀-ဖြေ။ ။သဘာဂါပတ္တိ ယောစ နုဝိဇ္ဇန္တိ-၌၊ သဘာဂ နှစ်မျိုးတွင်၊ ဝတ္ထု သဘာဂ အာပတ်ကို ယူရပါသည်။

---

၂၁-မေး။ ။ဝိကာလ ဘောဇန အစ ရှိသော ဝတ္ထု သဘာဂအာပတ်ကို ဒေသနာ ကြားခြင်း၌ သင့်မည်လော။ ကြားလျှင် အဘယ်အာပတ် သင့်မည်နည်း။

၂၁-ဖြေ။ ။ဝတ္ထုသဘာဂ အာပတ်ကို ဒေသနာ ကြား ခြင်း၌ မသင့်။ ကြားလျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။

---

၂၂-မေး။ ။သဘာဂါပတ္တိ ယောစ နု ဝိဇ္ဇန္တိ-ဟူ၍၊ ပတ္တ ကလ္လ အင်္ဂါ ဆိုသောကြောင့်၊ သံဃာအား လုံး ဝိသဘာဂအာပတ်ရှိကြကုန်သော်၊ ဥပုသ်ကံ-ပတ္တကလ္လ ဖြစ်ပါမည်လော။

၂၂-ဖြေ။ ။သိမ်ယာဒိအားလုံး ဝိသဘာဂ အာပတ် ရှိကြသော်လည်း၊ ၎င်း ဥပုသ်ကံ- ပဝါရဏာကလ္လ ဖြစ်ပါသည်။ ။ပုဂ္ဂိုလ်မှာအာပတ်သင့်သည်၊ သိမ်ယာမှာ အာပတ် မသင့်။ ။ကင်္ခါ ဋီကာသစ်(၂၉)

---

၂၃-မေး။ ။ဝဇ္ဇနီယ ပုဂ္ဂိုလ် (၂၁)ယောက် ရေတွက်လိုက်ပါ။

၂၃-ဖြေ။ ။"လူ-နီ-သိက္ခ၊သာ-နှစ်ဝ၊သိက္ခ-အန္တိမာ။ ။မစွန့်-မကု၊ မရှုတုံငြား၊ သရုပ်ကြား၊ သုံးပါးဥက္ခိတ္တာ။ ။ပဏ်-သေ-ပက်-ဆန်၊ ပဋ္ဌာနှန့်၊ ဒွိသံ- ဥဘော- ပါ။ ။ဧကောဒိသာ၊ ဝဇ္ဇိယာ၊ ထုတ်ပြ ပါဠိမှာ"။

---

၂၄-မေး။ ။ဝဇ္ဇနီယပုဂ္ဂိုလ်(၂၁)ယောက်ကို၊ ဘယ်မှ အပြပုံ၍ ကြည့်ရမည်နည်း။

၂၄-ဖြေ။ ။ဝဇ္ဇနီယပုဂ္ဂိုလ် (၂၁)ယောက်ကို၊သိမ်ယာ၏ နှစ်ဘောင်ထွာ ဟတ္ထပါသ်မှ အပြပုံ၍ ကြည့်ရပါသည်။

(ဝဇ္ဇနီယပုဂ္ဂိုလ်သည် ဥပသမ္ပဒကံ အစရှိသည်ကို ဆောင်ရွက်၍ ရဟန်းကို သိမ်မှုအတတ်ပြီးသည်၊ ဝင်ထက် ရှိကြောင်းပြီးသဘည်။ ။

၂၅-မေး။ ။ဝဇ္ဇနီယ ပုဂ္ဂိုလ် (၂၁) ယောက် တို့တွင်၊ တိရစ္ဆာန် အရ၊ နွား-မြင်း-စသည်ကို ယူရမည်လော။ သို့မဟုတ်- အဘယ်ကို ယူရမည်နည်း။

၂၅-ဖြေ။ ။တိရစ္ဆာန်အရ၊ နွား-မြင်း-စသည်ကို မယူရ။ နတ်-နဂါး-ဂဠုန်- စသော အမနုဿ ဇာတိ ဖြစ်သော ရဟန်း အဖြစ်ကို ပယ်သော တိရစ္ဆာန်တို့ကိုသာ ယူရပါသည်။

---

၂၆-မေး။ ။တိတ္ထိတို့ကို၊ ဝဇ္ဇနီယပုဂ္ဂိုလ် (၂၁)ယောက် တို့တွင်၊ အဘယ် ပုဂ္ဂိုလ်၌ ထည့်သွင်း ရေတွက်ရမည်နည်း။

၂၆-ဖြေ။ ။တိတ္ထိတို့ကို၊ ဝဇ္ဇနီယပုဂ္ဂိုလ် (၂၁)ယောက် တို့တွင်၊လူ၌ထည့်သွင်းရေတွက်ရပါသည်။

---

၂၇-မေး။ ။သံဃော ဥပေါသထံ ကရေယျ- ပါဠ်ဖြင့်၊ ပြအပ်သော ဥပုသ်-ပယ်အပ်သော ဥပုသ် တို့ကို ဘော်ပြပါ။

၂၇-ဖြေ။ ။သံဃော ဥပေါသထံ ကရေယျ-ပါဠ်ဖြင့်၊ ကာရကပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဥပုသ်-၃-ပါး တို့တွင်၊ သံဃဥပုသ်ကို ပြ၍၊ ဂဏဥပုသ်- ပုဂ္ဂလဥပုသ်(၂)ပါးကို ပယ်သည်။

၂၈-မေး။ ။ပါတိမောက္ခံ ဥဒ္ဒေသ-ပါဌ်ဖြင့်၊ ပြအပ်သော ဥဒ္ဒေသ- ပယ်အပ်သော ဥဒ္ဒေသတို့ကို ဘော်ပြပါ။

၂၈-ဖြေ။ ။ပါတိမောက္ခံ ဥဒ္ဒေသ-ပါဌ်ဖြင့်၊ ကတ္တမွာ ကာရ၏ အစွမ်းဖြင့် ဥဒ္ဒေသ (၃) ပါးတို့တွင်၊ သုတ္တုဒ္ဒေသ ဥဒ္ဒေသကိုပြ၍၊ ပါရိသုဒ္ဓိ ဥဒ္ဒေသ- အဓိဋ္ဌာန် ဥဒ္ဒေသ (၂) ပါးကိုပယ်သည်။

---

၂၉-မေး။ ။ပါတိမောက္ခံ ဥဒ္ဒေသ-ပါဌ် အရ၊ ပါတိ မောက္ခုဒ္ဒေသ ဘေဒ ကိုရင်း၊ ဥဒ္ဒေသက ပုဂ္ဂိုလ် အသီးအသီး ကိုရင်း၊ ဤ၌ လိုအပ် သောပါတိမောက္ခုဒ္ဒေသကိုရင်း၊ဘော်ပြပါ။

၂၉-ဖြေ။ ။ပါတိမောက္ခုဒ္ဒေသဘေဒကား။ (၁) ဩဝါဒ ပါတိမောက္ခုဒ္ဒေသ။ (၂) အာဏာ ပါတိ မောက္ခုဒ္ဒေသဖြစ်ပါသည်။

ဥဒ္ဒေသက ပုဂ္ဂိုလ်ကား။ (၁) ဘုရား (၂) သာဝက ဖြစ်ပါသည်။ ယထာက္ကမ ယှဉ်လေ။ ။ဤ၌ အာဏာပါတိမောက္ခုဒ္ဒေသ ကိုလိုအပ်၏။

---

၃၀-မေး။ ။သုံးပါး- ပါရိသုဒ္ဓိ ဥဒ္ဒေသ ပြုကြရာ၌၊ ဥတ် ထားပုံ ပါဠိကိုရေးပါ။

၃၀-ဖြေ။ ။သုဏာတု မေ အာယသ္မန္တော၊ အဇ္ဇုပေါ သထော စာတုဒ္ဒသော၊ ယဒိ အာယသ္မန္တာနံ

ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ။

ပန္နရသီ ဖြစ်အံ့၊ စာတုဒ္ဒသော နေရာ၌၊ ပန္နရသောပြင်၍ဆိုလေ။

---

၃၁-မေး။ ။အဓိဋ္ဌာန် ဥပုသ် ပြုရာ၌၊ ဆိုရသောပါဠိကို ရေးသားပါ။

၃၁-ဖြေ။ ။အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသောတိ အဓိဋ္ဌာမိ။ ။ပန္နရသီဖြစ်အံ့၊ စာတုဒ္ဒသော နေရာ၌၊ ပန္နရသောပြင်၍ဆိုလေ။

---

၃၂-မေး။ ။ဥပုသ် အင်္ဂရပ် (၁၀) ပါး ရေတွက်လိုက်ပါ။

၃၂-ဖြေ။ ။"မီး- မင်း- ခိုးသူ၊ မိစ်ဆိမ်းရေ- လူ၊ ဘီလူး- သားရဲ-မြွေ။ ။အသက်-ဗြဟ္မ၊ စရိယာ၊ ဒသ အင်္ဂရေ"။ ။ဝိနယသံခိပ် (၁၄၃)

---

၃၃-မေး။ ။ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့၏ အထူးကို ဖော်ပြပါ။

၃၃-ဖြေ။ ။သံဃာ မစည်းဝေးမီ ရှေးအဘို့၌ ပြုအပ်သောကြောင့်- ပုဗ္ဗကရဏ။ ဥပုသ် မပြုမီ ရှေးအဘို့၌ပြုအပ်သောကြောင့်-ပုဗ္ဗကိစ္စ။ ။ ဤကား အထူး။

သုတ္တန် နည်းအားဖြင့်၊ မချွတ် ပြုအပ်သောကြောင့် ကရဏီယ။ မပြုခြင်း၌ လည်း အပ်သောအမှုသည် ကိစ္စ။ ။အထူး။ ။ သီလက္ခန်အဋ္ဌကထာယော ဇနာ (၁၇၆)

---

၃၄-မေး။ ။မထေရ်ကြီးက စေခိုင်း ပါလျက်၊ ထံမြက် လှဲခြင်း-စသော ပုဗ္ဗကရဏတို့ကို မပြုသော သီတင်းသုံးအား၊ အဘယ်အာပတ်သင့်ပါသနည်း။

၃၄-ဖြေ။ ။တံမြက် လှဲခြင်း စသော ပုဗ္ဗကရဏ တို့ကို မပြုသော သီတင်းသုံးအား၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

၃၅-မေး။ ။ဆန္ဒပေးခြင်း ပါရိသုဒ္ဓိ ပေးခြင်းအကျိုးများ ကိုဖော်ပြပါ။

၃၅-ဖြေ။ ။ဆန္ဒပေးခြင်း အကျိုးကား။ သံဃာ၏ သာယာ ချင် ဥပုသ် ပြုခြင်းကိုရင်း၊ ဥပုသ်မှ ကြွင်းသော သံဃကိစ္စကိုရင်း၊ ပြီးပြည့်စုံ စေ၏။ မိမိ၏ဥပုသ်ပြုခြင်းမပြီးမပြည့်စုံစေနိုင်။

ပါရိသုဒ္ဓိပေးခြင်း အကျိုးကား။ သံဃာ၏ရင်း၊ မိမိ၏ရင်း၊ ဥပုသ်ပြုခြင်းကို ပြီးပြည့်စုံ စေ၏။ ဥပုသ်မှ ကြွင်းသော သံဃကိစ္စကို မပြီးမပြည့်စုံစေနိုင်။

၃၆-မေး။ ။သံဃော ဥပေါ သထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ- ဟူ၍၊ ဥတ်၌- နာမယောဂ ပဌမပုရိသ်ဖြင့် ဟောတော်မူသောကြောင့်၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ- ပါဌ်၌လည်း၊ ပါတိမောက္ခံ ဥဒ္ဒိသိဿတိ-ဟု နာမယောဂ ပဌမ ပုရိသ်ဖြင့် ဟောသင့်လျက်၊ အဘယ်ကြောင့် မဟောပါသနည်း။

၃၆-ဖြေ။ ။သံဃာဂိုဏ်းညီညွတ် ခြင်းကြောင့် ပုဂ္ဂိုလ် ပါတိမောက် ပြသည့်ရှိသော်၊ သံဃာပါတိမောက်ပြသည်မည်သောကြောင့်၊ ရှေးဥတ်၌၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ-ဟု နာမယောဂ ပဌမ ပုရိသ်ဖြင့် ဟောသည်။ စင်စစ် သံဃာပါတိမောက်ပြသည် မဟုတ်။ ပုဂ္ဂိုလ်သည်သာ လျှင် ပြခြင်း ဖြစ်သောကြောင့်၊ နောက်၌- ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ-ဟု အမှယောဂ ဥတ္တမပုရိသ်ဖြင့် ဟောပါသည်။

---

၃၇-မေး။ ။ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ- ဟူ၍ ဝဒန္တ ပုဂ္ဂလနိဿိတအစွမ်းဖြင့်၊ အမှယောဂဖြင့်ဟောတော်မူသောကြောင့်၊ သုဏာထ မနသိကရောထ-ဟု သုဏန္တ ပုဂ္ဂလနိဿိတအစွမ်းဖြင့်၊ တုမှယောဂဖြင့် ဟောသင့်သည် မဟုတ်

ပါလော၊ အဘယ်ကြောင့်-သုဿောဘမ-မနသိကရောမ-ဟု ဟောတော်မူသနည်း။

၃၇-ဖြေ။ ။မိမိပါတိမောက်ပြသဖြင့်၊ မိမိ ဥပုသ်ပြုခြင်း ဌါသာမဖြစ်။ သမဂ္ဂသံဃာ၏ ဥပုသ်ပြုခြင်း ဖြစ်၏။ ထိုပါတိမောက်ပြသော ရဟန်းသည်လည်း၊ သံဃာ၌ အတွင်းဝင်၏။ ဤသို့ပါတိမောက်ပြသော ရဟန်း၏ သံဃာ၌ အတွင်းဝင်သောကြောင့်၊ သုဿောဘမ-မနသိ ကရောမ-ဟု ဟောတော်မူပါသည်။

---

၃၈-မေး။ ။အာပတ်သင့်ခြင်း အကြောင်း (၆) ပါးကို ရေတွက်လိုက်ပါ။

၃၈-ဖြေ။ ။ (၁) အလဇ္ဇိတာ၊ (၂) အညာဏတာ၊ (၃) ကုက္ကုစ္စပကတတာ၊ (၄) အကပ္ပိယေ ကပ္ပိယ သညိတာ၊(၅)ကပ္ပိယေ အကပ္ပိယ သညိတာ၊(၆)သတိသံမောသာ။ ။ဤ ၆-ပါးသည်၊ အာပတ်သင့်ခြင်းအကြောင်း ဖြစ်ပါသည်။

---

၃၉-မေး။ ။အာပတ်ခုနစ်ပုံ ရေတွက်လိုက်ပါ။

၃၉-ဖြေ။ ။အာပတ်ခုနစ်ပုံကား။ ။ပါရာဇိက-သံဃာဒိသိသ် - ထုလ္လစ္စဉ်း - ပါစိတ် - ပါဋိဒေသနီ - ဒုက္ကဋ်-ဒုဗ္ဘာသီ-ဖြစ်ပါသည်။

ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
၂၁၅

## အကျဉ်းမှတ်ရန် လက်ခ။

ပါ-သံ-ထုလ်-စိတ်၊ဋီ-ကင်္-သိတ်၊ရှေးကြိတ်ခုနှစ်ပါး။

---

၄၀-မေး။ ။နိဒါန်း၌၊ ယာဝ တတိယံ အနုသာဝိတံ ဟောတိ-အရ၊ အဘယ်ပါဌ်ကို ယူရမည်နည်း။

၄၀-ဖြေ။ ။ယာဝ တတိယံ အနုသာဝိတံ ဟောတိ-အရ၊ နိဒါန်းအဆုံး၌။ ကစ္စိတ္ထပရိသုဒ္ဓါ၊ ဒုတိယမ္ပိပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ ပါဌ်ကို ယူရပါသည်။

---

၄၁-မေး။ ။နိဒါန်း၌၊သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်၏သင့်ရာ-အာပတ္တိခေတ်ပုဒ်ကိုဘော်ပြပါ။

၄၁-ဖြေ။ ။နိဒါန်း၌၊သမ္ပဇာနမုသာဝါဒ ဒုက္ကဋ် အာပတ်၏သင့်ရာ-အာပတ္တိခေတ် ပုဒ်ကား။ ကစ္စိတ္ထ ပရိသုဒ္ဓါ။လ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ ဟူသော ယာဝ တတိယအနုသာဝနအဆုံးဖြစ်ပါသည်။

---

၄၂-မေး။ ။နိဒါန်းအဆုံး၌၊ ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ-စသောပါဌ်သည်၊ မာတိကာပါဠိတော်စာအုပ်ပေ၌၊ တို ကိုရိုက် ရေးသားလျက်-ရှိသင့် မရှိသင့်ဆိုးဖြတ်ပါ။

၄၂-ဖြေ။ ။နိဒါန်းအဆုံး၌၊ ဥဒ္ဒါန်း ခေါ် အကျဉ်းချုပ်ဖြစ်သော နိဒါန်-စသောပါဠိသည်၊ မာတိကာပါဠိတော်စာအုပ်ပေါ်၌၊ တိုက်ရိုက် ရေးသားလျက် မရှိသင့်။ ပါဠိမောက်ပြသော ကာလ၌သာ ထည့်၍ရွတ်ရမည်။

---

၄၃-မေး။ ။သမ္မာသမ္ဗုဒ္ဓဒေသနာ ပဋ္ဌာနက ၌၊ ပါဠိတ် အဘိဓမ္မာ ဖြစ်သင့်လျက်၊ အဘယ်ကြောင့် နိက္ခေပ အဘိဓမ္မာဖြစ်ပါသနည်း။

၄၃-ဖြေ။ ။သမ္မာသမ္ဗုဒ္ဓဒေသနာ အဘိဓမ္မာသည်၊ ဒေသနာ ဝါဒလက္ခဏာကြောင့်မဖြစ်။ သမ္မာသမ္ဗုဒ္ဓဒေသနာ ဝါဒေါကို ပေါ်ဘိ၊ နိက္ခေပ ပေါ်ဘိ-ဟူသော ဘုရားစကားတော်ကြောင့် နိက္ခေပ အဘိဓမ္မာ ဖြစ်ပါသည်။

---

၄၄-မေး။ ။သမ္မာသမ္ဗုဒ္ဓ ဒေသနာဝါဒသော ပေါ်ဘိ- အရ၊ နိက္ခေပ အဘိဓမ္မာသည်၊ အဘယ်ဒွါရ၌၊ အဘယ်သမုဋ္ဌာန အဘိဓမ္မာဟူသနည်းပါ။

၄၄-ဖြေ။ ။သမ္မာသမ္ဗုဒ္ဓ ဒေသနာဝါဒသော ပေါ်ဘိ- အရ၊ နိက္ခေပအဘိဓမ္မာသည်၊ ဝစီဒွါရ၌၊ အကိရိယ သမုဋ္ဌာနအဘိဓမ္မာဖြစ်ပါသည်။

နိဒါန်းပြီး၏။

## ပါရာဇိကာ။

၄၅-မေး။ ။ယောပန ဘိက္ခု-၌၊ ဘိက္ခု-အရ၊ ရဟန်း (၈) မျိုး ရေတွက်လိုက်ပါ။

၄၅-ဖြေ။ ။ရဟန်း (၈)မျိုးကား။ ။(၁) ဧဟိဘိက္ခု ရဟန်း။ (၂)သရဏာဂမနရဟန်း။ (၃)ဩဝါဒ ပဋိဂ္ဂဟဏ ရဟန်း။ (၄) ပဉှာ ဗျာကရဏ ရဟန်း။ (၅) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏရဟန်း။ (၆)ဒူတေနရဟန်း (၇) အဋ္ဌဝါစိကရဟန်း။ (၈)ဉတ္တိစတုတ္ထရဟန်းဖြစ်ပါသည်။

---

၄၆-မေး။ ။လောကဝဇ္ဇ သိက္ခာပုဒ်- ပဏ္ဏတ္တိဝဇ္ဇသိက္ခာ ပုဒ်တို့၌၊ အလိုရှိအပ်သော ရဟန်း အသီး အသီးကို ဖော်ပြပါ။

၄၆-ဖြေ။ ။လောကဝဇ္ဇသိက္ခာပုဒ် တို့၌၊ ဉတ္တိစတုတ္ထ ရဟန်းကိုသာအလိုရှိအပ်ပါသည်။ ။ပဏ္ဏတ္တိ ဝဇ္ဇသိက္ခာပုဒ်တို့၌ကား။ ဧဟိဘိက္ခု စသော ရဟန်းအားလုံးကို အလိုရှိအပ်ပါသည်။

---

၄၇-မေး။ ။ဥပသမ္ပဒ ကံ၏၊ အဘယ်၏ အစွမ်းဖြင့် အကုပ္ပဖြစ်သည်ကိုဖော်ပြပါ။

၄၇-ဖြေ။ ။ဥပသမ္ပဒ ကံ၏၊ ဝတ္ထု သမ္ပတ္တိ- ဉတ္တိ သမ္ပတ္တိ- အနုသာဝန သမ္ပတ္တိ- သီမာ သမ္ပတ္တိ- ပရိသာ သမ္ပတ္တိ၏ အစွမ်းဖြင့် အကုပ္ပဖြစ်ပါသည်။

၄၈-မေး။ ။သိက္ခာ-သာဇီဝ-နှစ်ပုဒ်ကို၊ ဝစနတ္ထ ပြ၍၊ အရကောက်ပြပါ။

၄၈-ဖြေ။ ။သိက္ခိတဗ္ဗာတိ သိက္ခာ။ ။အရကား။ ။ပါတိမောက္ခသံဝရ သီလ ဟု ဆိုအပ်သော အဓိသီလသိက္ခာတည်း။

သဟာဇီဝန္တိ ဧတ္ထာတိ သာဇီဝံ။ ။အရကား၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟု ဆိုအပ်သော သာဇီဝတည်း။

---

၄၉-မေး။ ။သိက္ခံ အပစ္စက္ခာယ-၌၊ သိက္ခာ တင်ခြင်း အင်္ဂါ- သိက္ခာ ချခြင်း အင်္ဂါကို ရေတွက်လိုက်ပါ။

၄၉-ဖြေ။ ။"သိက္ခာတင်-ပဉ္စင်္ဂ၊ သိက္ခာချမှု-ဆဋင်္ဂါ"-ဟူသည်နှင့် အညီ၊ ဝတ္ထု သမ္ပတ္တိ၊ ဥတ္တိ သမ္ပတ္တိ၊ ကမ္မဝါစာ သမ္ပတ္တိ၊ သီမာ သမ္ပတ္တိ၊ ပရိသာ သမ္ပတ္တိ။ ။ဤငါးပါးသည်၊ သိက္ခာ တင်ခြင်း အင်္ဂါတည်း။

"စိတ်-ခေတ်-ကာလ၊ ပယောဂ၊ ဗောန-ပုဂ္ဂလာ"။ ။ဤ ခြောက်ဖြာသည်၊ သိက္ခာ ချခြင်း အင်္ဂါတည်း။

---

၅၀-မေး။ ။ပါရာဇိကော ဟောတိ-၌၊ ပါရာဇိကော-ပုဒ်ကို၊ သိက္ခာပုဒ်-အာပတ်-ပုဂ္ဂိုလ်- ရအောင်၊ အသီးအသီး ဝစနတ္ထ ပြုပြပါ။

၅၀-ဖြေ။ ။သိက္ခာပဒါဘိက္ကူနံ ပုဂ္ဂလံ သာသနတော-ပရာဇေတီတိ ပါရာဇိကံ။ ။သိက္ခာပုဒ်ရ၏။

အာပတ္တိ အဇ္ဈာပန္နံ ပုဂ္ဂလံ သာသ-နတော ပရာဇေတီတိ ပါရာဇိကာ။ ။အာပတ်ရ၏။

သာသနတော ပရာဇိသတီတိ ပါရာဇိ-ကော။ ။ပုဂ္ဂိုလ် ရ၏။

---

၅၁-မေး။ ။အသံဝါသော-၌၊ သံဝါသ- ပုဒ်ကို၊ ဝစနတ္ထ-ပြု၍၊ သံဝါသ အရကောက်ပြပါ။

၅၁-ဖြေ။ ။သဟ ဝသန္တိ ဧတ္ထာတိ သံဝါသော။ ။ဝစနတ္ထ။ ။သံဝါသ အရကား၊ ဧကကမ္မ-ဧကုဒ္ဒေသ-သမသိက္ခတာ သုံးပါးတည်း။

---

၅၂-မေး။ ။အာပတ္တိပုဒ်ကို၊ ဝစနတ္ထပြု၍၊ အရကောက်ပြပါ။

၅၂-ဖြေ။ ။အာဏာဝီတိက္ကမဝသေန အာပဇ္ဇိတဗ္ဗာတိ အာပတ္တိ။ ။ဝစနတ္ထ။ ။အာပတ်အရကား၊ အကုသိုလ်- စိတ္တုပ္ပါဒ်- ရုပ် အဗျာကတ တည်း။ ။သာရတ္ထ-ဝဇိရဗုဒ္ဓိ အလို။

တနည်း။ နာမ ပညတ်-အတ္ထ ပညတ် တည်း။ ။ဝိမတိ အလို။

၅၃-မေး။ ။မင်္ဂလသုံးဆယ်ကို ရေတွက်ပြပါ။

၅၃-ဖြေ။ ။လူ-နတ်-တိရစ္ဆာန်-မိန်းမ (၃) ယောက်။ တယောက် တယောက်၌၊ သုံးမဂ်စီ ဖြစ်၍၊ ကိုးမဂ်။ ။ထို့အတူ-လူ-နတ်-တိရစ္ဆာန်-ဥဘတောဗျည်း(၃)ယောက်၌၊ကိုးမဂ်။ ။လူ-နတ်-တိရစ္ဆာန်-ယောကျ်ား (၃) ယောက်။ တယောက် တယောက်၌၊ နှစ်မဂ်စီ ဖြစ်၍၊ ခြောက်မဂ်။ ။ထို့အတူ-လူ-နတ်-တိရစ္ဆာန်-ပဏ္ဍုက် (၃) ယောက်၌၊ ခြောက်မဂ်။ ။ ပေါင်း မဂ်သုံးဆယ် ဖြစ်ပါသည်။

---

၅၄-မေး။ ။မေထုနပဋိသေဝနအမှုပြု၍၊ အဘယ်မဂ်-အဘယ်အရပ်- အဘယ်မျှ ပမာဏ နိမိတ်၊ ထိရောက်မှု၊ ပါရာဇိက ကျသနည်း။

၅၄-ဖြေ။ ။"မဂ်သုံးချမှာ၊ စိုစွတ်ရာ၊ ပမာနှမ်းမျှဘည်း။ ။ နိမိတ် ရောက်ထိ၊ သသယာမိ၊ ပါရာ ဇိက ချည်း"။

---

၅၅-မေး။ ။သိက္ခာ ပုဒ် ပညတ်ရာ နိဒါန်း ဖြစ်သော ချနစ်တိုင်း ချနစ်ဌာနကို ရေတွက်ပြပါ။

၅၅-ဖြေ။ ။သိက္ခာ ပုဒ် ပညတ်ရာ နိဒါန်း ဖြစ်သော ချနစ်တိုင်း ချနစ် ဌာနကား။ ။ဝေသာလီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ အာဠဝိ၊ ကောသမ္ဗီ၊ သက္က၊ ဘဂ္ဂ-တိုင်းတို့တည်း။

၅၆-မေး။ ။ပညတ်အပြားကို ရေတွက်ပြပါ။

၅၆-ဖြေ။ ။ပညတ်အပြားကား။ ။၁-မူလပညတ်။ ။၂-အနုပညတ်။ ။၃-အနုပ္ပန္နပညတ်။ ။၄-သဗ္ဗတ္ထပညတ်။ ။၅-ပဒေသပညတ်။ ။၆-သာဓာရဏပညတ်။ ။၇-အသာဓာရဏပညတ်။ ။၈-ဧကတော ပညတ်။ ။၉-ဥဘတော ပညတ်။ ။ပေါင်း- ၉-ပါး ဖြစ်ပါသည်။

---

၅၇-မေး။ ။အနုပ္ပန္န ပညတ် ဟူသည်၊ အဘယ်နည်း။ ၎င်းသည်၊ အဘယ်၏ အစွမ်းဖြင့်၊ အဘယ် ပုဂ္ဂိုလ်တို့အား လာသနည်း။

၅၇-ဖြေ။ ။အနုပ္ပန္န ပညတ် ဟူသည်၊ အဖြစ် မဖြစ်မီ ပညတ်ခြင်းတည်း။ ၎င်းသည်၊ ဂရုဓမ်-၈-ပါး ကိုဝန်ခံသည်၏အစွမ်းဖြင့်၊ ဘိက္ခုနီမတို့အား သာလျှင်လာပါသည်။ရဟန်းယောကျ်ားတို့၌၊ အနုပ္ပန္နပညတ် မရှိ။

---

၅၈-မေး။ ။ပဒေသ ပညတ်- ၄-ပါး ဟူသည် အဘယ် နည်း။ရေတွက်ပြပါ။

၅၈-ဖြေ။ ။၁-ဝိနည်းမိုရ်လျှင်ငါးယောက်မြောက်သော ဂိုဏ်းဖြင့် ရဟန်းခံခြင်း။ ။၂-အထပ်ထပ် သော ဘိနပ်ကို စီး ခြင်း။ ။၃-အမြဲ ရေချိုး

ခြင်း။ ။၄-သားရေအခင်း။ ။၎င်း-၄-ပါးသည်၊ ပဒေသပညတ် ဖြစ်ပါသည်။

---

၅၉-မေး။ ။ပဒေသ ပညတ် သိက္ခာပုဒ်-၄-ပါး တို့ဖြင့်၊ အဘယ်အရပ်၌သာအာပတ်သင့်၍၊အဘယ် အရပ်၌ အာပတ် မသင့်သနည်း။

၅၉-ဖြေ။ ။ပဒေသ ပညတ် သိက္ခာပုဒ်-၄-ပါး တို့ဖြင့်၊ မဇ္ဈိမဒေသ၌သာ အာပတ်သင့်၍၊ ပစ္စန္တရာဇ် အရပ်၌ အာပတ် မသင့်ပါ။

---

၆၀-မေး။ ။ပါတိမောက်၌၊ ပဒေသ ပညတ် သိက္ခာပုဒ် အဘယ်နှစ်ခု လာရှိပါသနည်း။ ၎င်းသိက္ခာ ပုဒ်ကို ဘော်ပြပါ။

၆၀-ဖြေ။ ။ပါတိမောက်၌၊ ပဒေသ ပညတ် သိက္ခာပုဒ် တခုသာ လာရှိပါသည်။ ။၎င်း သိက္ခာပုဒ် ကား။ ။ယော ပန ဘိက္ခု ဩရေနဒ္ဓမာသံ နှာယေယျ။ လ။ အယံ တတ္ထ သမယော။ သိက္ခာပုဒ်တည်း။

---

၆၁-မေး။ ။ပါတိမောက်၌၊ သဗ္ဗတ္ထ ပညတ္တိ သိက္ခာပုဒ် တို့ကို ဘော်ပြပါ။

၆၁-ဖြေ။ ။ပါတိမောက်၌၊ ယော ပန ဘိက္ခု ဩရေနဒ္ဓ မာသံ နှာယေယျ-ဟူသော ပဒေသ ပညတ် သိက္ခာပုဒ်တခုကိုထား၍၊ကြွင်းသမျှ သိက္ခာ ပုဒ်တို့သည်၊သဗ္ဗတ္ထပညတ် ဖြစ်ပါသည်။

၆၂-မေး။ ။အာပတ် ခုနစ်ပုံကို၊ သီလဝိပတ္တိ-အာစာရ ဝိပတ္တိ-ခွဲ၍ပြပါ။

၆၂-ဖြေ။ ။ပါရာဇိက- သံဃာဒိသိသ် အာပတ် နှစ်ပုံ သည်၊သီလဝိပတ္တိ။ ။ကြွင်းသောအာပတ် ငါးပုံသည်၊အာစာရဝိပတ္တိ။

---

၆၃-မေး။ ။အလုံး ရုံသော အာပတ် တို့၏ သမုဋ္ဌာန်-၆-ပါးကို ရေတွက်ပြပါ။

၆၃-ဖြေ။ ။အလုံး ရုံသော အာပတ် တို့၏ သမုဋ္ဌာန်-၆-ပါးကား။ ။၁-ကာယော။ ။၂-ဝါစာ။ ။ ၃-ကာယဝါစာ။ ။၄-ကာယစိတ္တံ။ ။၅-ဝါစာ စိတ္တံ။ ။၆-ကာယဝါစာစိတ္တံ-ဖြစ်ပါသည်။ ။ ၎င်း-၆-ပါးကို၊ သိက္ခာပုဒ်၏ သမုဋ္ဌာန် ဟူ၍ လည်း ဆိုအပ်သည်။

---

၆၄-မေး။ ။ကြိယာ၏ အစွမ်းဖြင့် အာပတ် ငါးမျိုးကို ရေတွက်ပြပါ။

၆၄-ဖြေ။ ။"ပြု-မပြုနှင့်၊နှစ်ခုအရုံးမပြုတုံ့နှင့်၊ ပြုတုံရုံခါ၊ ပြုခါသင့်မူ၊ပြု-မပြု၊ငါးခု-ကြိပြား"။

---

၆၅-မေး ။သညာဝိမောက္ခ-နောသညာဝိမောက္ခ တို့၏ အဓိပ္ပါယ် ဘော်ပြပါ။

၆၅-ဖြေ။ ။ထိုအာမှုကို ပြုလိုသောစိတ် မရှိလျှင်၊ ပြုမိ သော်လည်း အာပတ်မှ လွတ်၏။ ဤကား၊ သညာဝိမောက္ခတည်း။

ထိုအမှုကို ပြုလိုသော စိတ်မရှိ သော်လည်း၊ ပြုမိလျှင်အာပတ်မှမလွတ်၊ ဤကား နောသညာဝိမောက္ခတည်း။

---

၆၆-မေး။ ။လောကဝဇ္ဇ- ပဏ္ဏတ္တိဝဇ္ဇ- တို့၏ အဓိပ္ပါယ် ဘော်ပြပါ။

၆၆-ဖြေ။ ။ပါရာဇိက အာပတ် စသည်တို့ကဲ့သို့၊ အကုသိုလ် စိတ်နှင့် ပြုမှ သင့်သော အာပတ်မျိုး သည်၊လောကဝဇ္ဇတည်း။

သဟာသေယျ အာပတ် စသည်တို့ကဲ့သို့၊ ဘုရားပညတ်၍သာ အပြစ်အာပတ် ရသော အာပတ်မျိုးသည်၊ပဏ္ဏတ္တိဝဇ္ဇတည်း။

---

၆၇-မေး။ ။သစိတ္တက-အစိတ္တကတို့၏ အဓိပ္ပါယ် ဘော်ပြပါ။

၆၇-ဖြေ။ ။သညာ ဝိမောက္ခနှင့် သစိတ္တက အဓိပ္ပါယ် တူပါသည်။

နောသညာ ဝိမောက္ခနှင့် အစိတ္တက အဓိပ္ပါယ် တူပါသည်။

---

၆၈-မေး။ ။ပဌမ ပါရာဇိက၏- နိဒါန်း- ပုဂ္ဂိုလ်- ဝတ္ထု- တို့ကို ဘော်ပြပါ။

၆၈-ဖြေ။ ။ပဌမ ပါရာဇိက၏ နိဒါန်းကား၊ ဝေသာလီ ပြည်တည်း။ ။ပုဂ္ဂိုလ် ကား၊ ရှင် သုဒိန်

တည်း။ ။ဝဏ္ဏကား၊ မေထုန် ဝိတိက္ကမန-ဝဏ္ဏတည်း။

၆၉-မေး။ ။ပဌမပါရာဇိကသိက္ခာပုဒ်၏ မူလပညတ်နှင့် အနုပညတ် နှစ်ပါးကို ဘော်ပြပါ။

၆၉-ဖြေ။ ။ပဌမပါရာဇိကသိက္ခာပုဒ်၏ မေထုန်ဖွဲ့ ပဋိသေဝေယျ-ကား၊ မူလ ပညတ်တည်း။ ။(၁) သိက္ခံ အပစ္စက္ခာယ။ ။(၂) အန္တမသော တိ ရစ္ဆာနဂတာယပိ။ ။ဤကား၊ အနုပညတ် ၂-ပါးတည်း။

၇၀-မေး။ ။အနုပညတ် ၃-မျိုးကိုဘော်ပြပြီးလျှင်၊ပဌမ ပါရာဇိကသိက္ခာပုဒ်၌ လိုအပ်သော အနု ပညတ်ကို ထုတ်ပြခဲ့ပါ။

၇၀-ဖြေ။ ။အနုပညတ် ၃-မျိုးကား။(၁)အာပတ္တိကရ၊ (၂)အနာပတ္တိကရ၊ (၃) အာပတ္တိဥပတ္ထမ္ဘ ကရတည်း။ ။ပဌမ ပါရာဇိကသိက္ခာပုဒ်၌၊ အာပတ္တိ ဥပတ္ထမ္ဘကရကို လိုအပ်၏။

၇၁-မေး။ ။ပဌမပါရာဇိက၏အင်္ဂါကိုရေတွက်လိုက်ပါ။

၇၁-ဖြေ။ ။ပဌမ ပါရာဇိက၏ အင်္ဂါကား။ (၁)မှီဝဲလို သောစိတ်။ (၂) မဂ်တချဖြင့် မဂ်တချသို့ သွင်းခြင်း။ပေါင်း ၂-ပါးတည်း။

ပဌမ ပါရာဇိက ပြီး၏။

၇၂-မေး။ ။ဂါမာ ဝါ အရညာ ဝါ-ပါဠိ၌၊ ဂါမအရ-ပိုင်းခြား၍ ပြပါ။

၇၂-ဖြေ။ ။အရံရှိသော ရွာ၏အရံသည်ပင်လျှင်၊ ရွာ၏အပိုင်းအခြားတည်း။ ။အရံမရှိသောရွာ၏အဆုံးစွန်သော အိမ်၏ ဃရူပစာ၌ တည်သော-ထာမ မဇ္ဈိမယောကျ်ား၏ အားကုန်လွှဲ၍ ပစ်အပ်သောခဲ၏ ကျရာအရပ်အတွင်းသည် ဂါမတည်း။

---

၇၃-မေး။ ။အာရညအရ-ပိုင်းခြား၍ ပြပါ။

၇၃-ဖြေ။ ။ဂါမ- ဂါမူပစာရကို ထား၍၊ ကြွင်းသောအရပ်သည် အရညမည်၏။

---

၇၄-မေး။ ။ဃရနှင့်ဃရူပစာရအရ-ပိုင်းခြား၍ပြပါ။

၇၄-ဖြေ။ ။တံစက်ကြောင်း၏ ရေကျရာ အရပ်အတွင်းသည်ဃရမည်၏။ ။အိမ်တံခါး၌ ရပ်တည်သောမာတုဂါမသည်၊ အကြင် ချက်ဆေးရေကို စွန့်၏။ ထိုချက်ဆေးရေ၏ ကျရာ အရပ်သည် ဃရူပစာရမည်၏။

---

၇၅-မေး။ ။ဂါမူပစာရကို ပိုင်းခြား၍ပြပါ။

၇၅-ဖြေ။ ။အရံမရှိသောရွာ၏ ဂါမထိုက်သော အရပ်မှ-ခဲတကျ၏ အတွင်းသည် ဂါမူပစာရ။ ။

အရံရှိသော ရွာ၏ တံခါးခုံ၌ တည်သော သူသည့် ပစ်အပ်သော ခဲတကျ အတွင်း သည် ဂါမူပစာရမည်၏။

---

၇၆-မေး။ ။ဒုတိယ ပါရာဇိက အဒိန္နနှင့် ဒန္တပေါက်ာ သိက္ခာပုဒ်အဒိန္နဘ်ဂ္ဂ၏အထူးဘော်ပြပါ။

၇၆-ဖြေ။ ။ဒုတိယ ပါရာဇိကာ၌၊ အမှတ်မရှိ သူတပါး သိမ်းဆည်း အပ်သော - သသာမိက ဖြစ်သောဥစ္စာရှင်တို့သည် ကိုယ်နှုတ်ဖြင့် မပေး အပ်သော သူတပါးဥစ္စာတည်း။ ။ဒန္တပေါ ဏာ သိက္ခာပုဒ်၌၊ မိမိဥစ္စာ ဖြစ်သော်လည်း အကပ်မခံအပ်သော- မျိုအပ်သော ကပ္ပိယ ဘဏ္ဍာတည်း။ ။ဤကား ၂-ပါးအထူး။

---

၇၇-မေး။ ။ခိုးခြင်း(၂၅)ပါးကို အကျဉ်းချုပ် ရေတွက် ပြပါ။

၇၇-ဖြေ။ ။နာနာဘဏ္ဍပဉ္စက ၅-ပါး
ဧကဘဏ္ဍပဉ္စက ၅-ပါး
သာဟတ္ထိကပဉ္စက ၅-ပါး
ပုဗ္ဗပယောဂပဉ္စက ၅-ပါး
ထေယျာဝဟာရပဉ္စက ၅-ပါး

ပေါင်း (၂၅)ပါး ဖြစ်သည်။

၇၈-မေး။ ။ဒုတိယ ပါရာဇိကဥ္၊ ပါဒအရ-သုံးဖြတ်ပါ။

၇၈-ဖြေ။ ။ဝိမတိအလိုအားဖြင့်၊ ရွှေစင်တမတ်ကို၊ ပါဒ ဟု သုံးဖြတ်သည်။

ဝိနိစ္ဆယ ဋီကာ-စသည့်တို့၌ကား၊ နီလကဟာပဏ၏ လေးဘို့ တဘို့ကို-ပါဒ ဟု သုံးဖြတ်သည်။

---

၇၉-မေး။ ။ဒုတိယ ပါရာဇိက၏- နိဒါန်း- ပုဂ္ဂိုလ်-ဝတ္ထု တို့ကိုဖော်ပြပါ။

၇၉-ဖြေ။ ။ဒုတိယ ပါရာဇိက၏ နိဒါန်းကား၊ ရာဇဂြိုဟ် ပြည်တည်း။ ။ပုဂ္ဂိုလ် ကား၊ ဓနိယ တည်း။ ။ဝတ္ထုကား၊ အဒိန္န အာဒိယန ဝတ္ထုတည်း။

---

၈၀-မေး။ ။(၁)မာသက- ဥဒ္ဒိနမာသက၌ဝင်း၊ (၂)အတိ ရေက မာသက-ဥဒ္ဒိန ပဉ္စမာသက ၌ဝင်း၊ (၃) ပဉ္စမာသက- အတိရေက ပဉ္စမာသက ၌ဝင်း၊ ခိုးယူသော ရဟန်းအား သင့်သော အာပတ်အသီးအသီးကို ညွှန်ကြားပါ။

၈၀-ဖြေ။ ။(၁) မှာ-ဒုက္ကဋ် အာပတ်သင့်ပါသည်။ ။
(၂) မှာ-ထုလ္လစ္စည်း အာပတ်သင့်ပါသည်။ ။
(၃) မှာ-ပါရာဇိက အာပတ်သင့်ပါသည်။ ။

ဒုတိယပါရာဇိက ပြီး၏။

၈၁-မေး။ ။တတိယ ပါရာဇိကာ၌၊ မနုဿ ဝိဂ္ဂဟာအရ- အဘယ်ကာစ၍ အဘယ်ကို ယူရမည်နည်း။

၈၁-ဖြေ။ ။မနုဿဝိဂ္ဂဟာအရ- ကလလ ရေကြည်မှစ၍ အသက်ရှင်သော လူဇာတ်ဖြစ်သော သူ၏ ကိုယ်ကိုယူရပါသည်။

---

၈၂-မေး။ ။အဒိန္နာဒါန် သိက္ခာပုဒ်၌၊ ပရိယာယ်စကား ဖြင့် အရိုးခိုင်းရာ-အာပတ်မှ လွတ်သကဲ့သို့၊ တတိယ ပါရာဇိကာ၌၊ ပရိယာယ် စကားဖြင့် သေစေရာ- အာပတ်မှ လွတ်, မလွတ်- အ အကြောင်းပြ ဆုံးဖြတ်ပါ။

၈၂-ဖြေ။ ။တတိယပါရာဇိကာ၌၊ ပရိယာယ် စကားဖြင့် သေစေရာ-အာပတ်မှမလွတ်။ ။အကြောင်း ကား၊ သံဝဏ္ဏေယျ-ဟု ဟောတော်မူသော ကြောင့်တည်း။

---

၈၃-မေး။ ။ပါရာဇိက အာပတ်ကို ကုစားနည်း - စင် ကြယ်အောင်ပြုလုပ်နည်း ဖော်ပြပါ။

၈၃-ဖြေ။ ။“ပါရာဇိက၊ သင့်တုံက၊ ကုသ လမ်းမရှိ။ ။
လူ သာမဏေ၊ လုပ်၍နေ၊ စင်လေ-အာပတ္တိ။ ။
ဈာန်-မဂ်-အနန္တရာယ်၊ မငြိတွယ်၊ စင်ကြယ်
ဝိသုဒ္ဓိ။ ။မပျော်မွေ့ဘဲ၊ လူးလဲ ခံကာ၊ မနေ
ရာ၊ သိက္ခာ ချလေဘိ”။

၇၄-မေး။ ။ထိုထို ကျမ်းဂန်၌ လာသော အလုံးစုံသော ပါရာဇိကတို့ကို ပေါင်းသော်၊ ပါရာဇိကမည်မျှရှိပါသနည်း။

၇၄-ဖြေ။ ။ထိုထို ကျမ်းဂန်၌ လာသော အလုံးစုံသော ပါရာဇိက တို့ကို ပေါင်းသော်၊ ပါရာဇိက (၂၄)ပါးရှိပါသည်။

---

၇၅-မေး။ ။ပါရာဇိက (၂၄)ပါးကို ရေတွက်ပြပါ။

၇၅-ဖြေ။ ။"ရှစ်ပါး ပါရာ၊ ဘဗ္ဗာရေသွတ်၊ လူဝတ်သည့်နီ၊ လမ္ဘီ မုဒု၊ ဧရာရူ ထိုင်ခွဲ၊ ရုတ်ပြန်ခွဲ၊ နှစ်ဆဲ့လေးပါရာ"။

ပါရာဇိကပြီး၏။

---

## သံဃာဒိသိသ်။

၇၆-မေး။ ။သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၌၊ ယောပနဘိက္ခု-အစရှိသည်ဖြင့် အဘယ့်ကြောင့် ကာရကပုဂ္ဂိုလ်ကို မညွှန်းပါသနည်း။

၇၆-ဖြေ။ ။အဓိပ္ပါယာပေက္ခာသာ ဘာသတော ကာရကော န နိဒ္ဒိဋ္ဌော၊ တဿ သာပေက္ခာဘာဝ ဒဿနတ္ထံ။ ။ဋီကာနှင့် အညီ၊ အဓိပ္ပါယာပေက္ခ မရှိသောကြောင့်၊ ထိုကို ငဲ့သည်၏ အဖြစ်ကို ပြခြင်းငှါ၊ ယောပန ဘိက္ခု-အစရှိသည်ဖြင့် ကာရကပုဂ္ဂိုလ်ကို မညွှန်းပါ။

၈၇-မေး။ ။သံဃာဒိသေသော-ပုဒ်-ကို ဝစနတ္ထ ပြု၍ ၎င်းဝစနတ္ထ ကို အမည်ပေးခဲ့ပါ။

၈၇-ဖြေ။ ။သံဃော အာဒိမှိစေဝ သေသေစ ဣစ္ဆိ တဗ္ဗော အဿာတိ သံဃာဒိသေသော။ ။ သန္ဓိကိတ် ဆရာအလို- ဣစ္ဆိတဗ္ဗ တဒ္ဓိတ ဝစနတ္ထ။ ။ဆရာများအလို-တိပဒ ဗဟုဗ္ဗီ ဟိ သမာသ ဝစနတ္ထ။

---

၈၈-မေး။ ။သံဃာဒိ သေသော-ပုဒ်၏ အဓိပ္ပါယ်ဖော် ပြပါ။

၈၈-ဖြေ။ ။အာပတ်မှ ထခြင်း၏ အစ ပရိဝါသ်ပေးရာ ၌၎င်း၊အစမှ ကြွင်းသော အလယ်အရင်းသို့ ဝင်ခြင်းနှင့် တကွ မာနတ်ပေးရာ ကာလ, အဆုံးအဗ္ဘာန်သွင်းရာ ကာလ၌၎င်း၊ သံဃာ ကို အလိုရှိအပ်သောကြောင့် သံဃာဒိသေ သ။ ။ဤကား အဓိပ္ပါယ်။

---

၈၉-မေး။ ။ကာယ သံသဂ္ဂ သိက္ခာပုဒ်၌၊ ဩတိဏ္ဏ- ဝိပရိဏတ-နှစ်ပုဒ်ကို ဝစနတ္ထပြုခဲ့ပါ။

၈၉-ဖြေ။ ။ရာဂေန အဝတာရိတမှာတိ ဩတိဏ္ဏော။ ။ ရာဂံ ဝါ အဝတရတီတိ ဩတိဏ္ဏော။ ။ ပရိသုဒ္ဓဘာဝင် သန္တတိ သဏ္ဌါတံ ပကတိံ ဝိဇဟိတွာ ပရိဏာမတိ ပဝတ္တတီတိ ဝိပရိ

ဟာတံ။ ။ရာဂ၀သေန ဝါ ဝိရူပံ ဟုတွာ ပရိဏာမတိ ပရိဝတ္တတိတိ ဝိပရိဏာတံ။

---

၉၀-မေး။ ။ကာယ သံသဂ္ဂ သိက္ခာပုဒ်၌၊ မာတုဂါမေန အရ-အလိုရှိအပ်သော မာတုဂါမကို ဘော်ပြပါ။

၉၀-ဖြေ။ ။မာတုဂါမေနအရ- အလိုရှိအပ်သော မာတုဂါမကား၊ ထိုနေ့ဖွါးသည်လည်း ဖြစ်သော အသက်ရှင်သော လူမိန်းမတည်း။

---

၉၁-မေး။ ။ကာယသံသဂ္ဂ သိက္ခာပုဒ်၌၊ ဟတ္ထ,ဝေဏိ, အင်္ဂ,အရ-ပိုင်းခြား၍ ပြပါ။

၉၁-ဖြေ။ ။တတောင်ဆစ်မှစ၍ လက်သည်းဖျား တိုင်အောင် အရပ်သည် ဟတ္ထတည်း။ ။ထုံး၍ ၎င်း၊ မထုံးမူ၍၎င်း၊ သက်သက်သော ဆံတို့ ဖြင့်၎င်း၊ အညီစသော အဆင်းရှိသော ချည်ပန်းကုံး- အသပြာပန်းကုံး- ရွှေဆံထိုး- ရွှေဆံကျင်- ပုလဲသွယ် စသည်တို့တွင် တပါးပါး ရောခြင်းတို့ဖြင့်၎င်း၊ ပြုအပ်သော ဆံအရ သည် ဝေဏိတည်း။ ။ဟတ္ထ- ဝေဏိမှ ကြွင်းသော ကိုယ်အင်္ဂါသည် အင်္ဂတည်း။

---

၉၂-မေး။ ။ကိုယ်၌ ပေါက်သော အမွေးတို့ကို၊ ဟတ္ထ- ဝေဏိ-အင်္ဂ-သုံးပါးတို့တွင် အဘယ်၌ထည့် သွင်းရမည်နည်း။

၆၂-ဖြေ။ ။ကိုယ်၌ ပေါက်သော အမွေးတို့ကို၊ ဟတ္ထ-ဝေဏိ-အင်္ဂ-သုံးပါးတို့တွင်၊ ဝေဏိ၌ ထည့်သွင်းရပါသည်။

---

၆၃-မေး။ ။ယောက်ျား ကလေး၏ ကိုယ်ကို၊ ကာယသံသဂ္ဂရာဂဖြင့် သုံးသပ်ရာ၊ အဘယ် အာပတ် သင့်မည်နည်း။

၆၃-ဖြေ။ ။ယောက်ျား ကလေး၏ ကိုယ်ကို၊ ကာယသံသဂ္ဂရာဂဖြင့် သုံးသပ်ရာ၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

၆၄-မေး။ ။မိန်းမသည် တိုးဝှေ့ ထိခိုက်ရာ၊ မတုန်မလှုပ်သောကိုယ်ဖြင့် မိန်းမ အတွေ့ကို စိတ်ဖြင့် သာယာသော ရဟန်းအား၊ သံဃာဒိသိသ် အာပတ်သင့်,မသင့်ဆုံးဖြတ်ပါ။

၆၄-ဖြေ။ ။မိန်းမသည် တိုးဝှေ့ ထိခိုက်ရာ၊ မတုန်မလှုပ်သော ကိုယ်ဖြင့် မိန်းမ အတွေ့ကို စိတ်ဖြင့် သာယာသော ရဟန်းအား၊ သံဃာဒိသိသ် အာပတ် မသင့်ပါ။

---

၆၅-မေး။ ။ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌၊ အလိုရှိအပ်သော မာတုဂါမကား အဘယ်နည်း။

၆၅-ဖြေ။ ။ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌၊ အလိုရှိအပ်သော မာတုဂါမကား၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လ သံလက္ခဏာ သမတ္ထမာတုဂါမတည်း။

၈၆-မေး။ ။ဒုဋ္ဌုလ္လာပတ္တိ ဝါစာပတ္တိ၌၊ ဒုဋ္ဌုလ္လဝါစာ ဟူသည် အဘယ်နည်း။

၈၆-ဖြေ။ ။ဒုဋ္ဌုလ္လာပတ္တိ ဝါစာပတ္တိ၌၊ ဒုဋ္ဌုလ္လဝါစာ ဟူသည်၊ ဝစ္စမဂ်- ပဿာဝမဂ်- မေထုနဓမ္မနှင့် စပ်ယှဉ်ကုန်သော စကားတို့တည်း။

---

၈၇-မေး။ ။ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်-မာတုဂါမံနှင့်၊ အတ္တကာမသိက္ခာပုဒ် - မာတုဂါမသာ နှစ်ပုဒ်တို့-အရထူး,မထူး,ဘော်ပြပါ။

၈၇-ဖြေ။ ။ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်-မာတုဂါမံနှင့်၊အတ္တကာမသိက္ခာပုဒ် - မာတုဂါမသာ နှစ်ပုဒ်တို့ အရမထူး၊တူပါသည်။

---

၈၈-မေး။ ။သဉ္စာရိတ္တသိက္ခာပုဒ် ဘိက္ခုနာ ကုဋိံ-ပါဠ်၌၊ ကုဋိအပြား ရေတွက်လိုက်ပါ။

၈၈-ဖြေ။ ။ကုဋိ အပြားကား။ ။၁-ဥလ္လိတ္တကုဋိ။ ။၂-အဝလိတ္တကုဋိ။ ။၃-ဥလ္လိတ္တာဝလိတ္တကုဋိဖြစ်ပါသည်။

---

၈၉-မေး။ ။ဥလ္လိတ္တကုဋိမည်သည် အဘယ်နည်း။

၈၉-ဖြေ။ ။သည်တိုင်- ထုပ်- လျှောက် - တံခါးပေါင်-လေသာတံခါး-အခိုးပေါက်- စသည် အပြားရှိသော မလိမ်းမကျံကောင်းသော အရပ်ကိုထား၍၊ ကြွင်းကုန်သော လိမ်းကျံကောင်းသောအရပ်တို့ကို၊ နံရံတို့နှင့်တကွ အမိုး၏

အတွင်း၌ အက်တော·မြေညှက်ဖြင့် လိမ်းကျံအပ်သောကုဋိတည်း။

---

၁၀၀-မေး။ ။အဝလိတ္တကုဋိမည်သည် အဘယ်နည်း။

၁၀၀-ဖြေ။ ။ဥလ္လိတ္တ ကုဋိ၌ ဆိုအပ်ပြီးသော နည်းဖြင့်၊ အမိုး၏အပ၌ လိမ်းကျံအပ်သောကုဋိတည်း။

---

၁၀၁-မေး။ ။ဥလ္လိတ္တာဝလိတ္တကုဋိ မည်သည် အဘယ်နည်း။

၁၀၁-ဖြေ။ ။ဥလ္လိတ္တကုဋိ၌ ဆိုအပ်ပြီးသော နည်းအတူသာလျှင်၊ အမိုး၏အတွင်း၌၎င်း၊ အပ၌၎င်း၊ လိမ်းကျံအပ်သော ကုဋိတည်း။

---

၁၀၂-မေး။ ။သပဂ္ဂိကမနံ အခရဖြစ်သော ကုဋိရာ၌ န္တွားနှစ်ကောင်, န္တွားလေးကောင်ကသော လှည်းလှည့်လည်ပုံ ဘော်ပြပါ။

၁၀၂-ဖြေ။ ။န္တွားနှစ်ကောင်, န္တွားလေးကောင် ကသော လှည်းဖြင့်၊ လှည်းတဘီးကို တံစက်ရေကျရာ အရပ်၌၊ လှည်းတဘီးကို တံစက်ရေကျရာ အရပ်၏ ပြင်ပ၌ ထား၍၊ လှည့်လည်ခြင်းတည်း။

---

၁၀၃-မေး။ ။မဟာလ္လကံ ပန ဘိက္ခုနာ ဝိဟာရံ-ပါဠ်၌၊ အဘယ်ထက် ကြီးသောကြောင့်၊ မဟာလ္လက ဝိဟာရ ခေါ်ပါသနည်း။

၁၀၃-ဖြေ။ ။သံယာဝိတ ကုဋိထက် ကြီးသောကြောင့် မဟာလ္လကဝိဟာရ ခေါ်ပါသည်။

---

၁၀၄-မေး။ ။သံယာဝိဘ ကုဋိထက် ကြီးသောကြောင့် မဟာလ္လက ဝိဟာရ ခေါ်ရာ၊ ကြီးခြင်း အကြောင်းတို့ကို ရနိုင်သမျှ ဖော်ပြပါ။

၁၀၄-ဖြေ။ ။သသာဝိကအဖြစ်၊ ပမာဏမဟန္တအဖြစ်၊ ဤနှစ်ပါးသည် ကြီးခြင်း အကြောင်း ဖြစ်ပါသည်။

---

၁၀၅-မေး။ ။ယောပန ဘိက္ခု ဘိက္ခုံ ဒုဋ္ဌော ဒေါသော ပါဠိ၌၊ ဒုဋ္ဌော-ဒေါသော နှစ်ပုဒ်ကို၊ ဖြစ်သင့် သလို ဝစနတ္ထပြု၍၊ အမည်ပေးခဲ့ပါ။

၁၀၅-ဖြေ။ ။ဒူသိယတီတိ ဒုဋ္ဌော။ ။ကမ္မသာဓန။ ။ ဒူသေတိ ပရံ ဝိနာသေတီတိ ဒေါသော။ ။ ကတ္တုသာဓန။

---

၁၀၆-မေး။ ။ဒုဋ္ဌော- ဒေါသော- နှစ်ပုဒ်သည်၊ ကမ္မသာဓ်- ကတ္တုသာဓ် ပုဒ်များဖြစ်သောကြောင့်၊ ၎င်း ပုဒ်တို့အရ-ပုဂ္ဂိုလ် ကွဲပြားသည်ဟု မှတ်ရ မည်လော၊ ပုဂ္ဂိုလ်တယောက်တည်း မှတ်ရ မည်လော။

၁၀၆-ဖြေ။ ။ဒုဋ္ဌော- ဒေါသော- နှစ်ပုဒ်သည်၊ ကမ္မသာဓ်- ကတ္တုသာဓ် ပုဒ်များဖြစ်သော်လည်း၊ ၎င်းပုဒ်

တို့အရ- ပုဂ္ဂိုလ် မကွဲပြားပါ၊ ပုဂ္ဂိုလ် တ ယောက်တည်း ဖြစ်ပါသည်။

---

၁၀၇-မေး။ ။ဒုဋ္ဌော- ဒေါသော- နှစ်ပုဒ်အရ- ပုဂ္ဂိုလ် တယောက်တည်းဖြစ်လျက်၊ အဘယ်သို့သော အခြင်းအရာ အားဖြင့်၊ ကမ္မသာဓ- ကတ္တု သာဓဖြင့်ညွှန်ကြားပါသနည်း။

၁၀၇-ဖြေ။ ။ဒုဋ္ဌော- ဒေါသော- နှစ်ပုဒ်အရ- ပုဂ္ဂိုလ် တယောက်တည်း ဖြစ်သော်လည်း၊ ဒူသိတာကာရ- ဒူသကာကာရ- အခြင်းအရာ အားဖြင့်၊ကမ္မသာဓ-ကတ္တု သာဓဖြင့် ညွှန်ကြား ပါသည်။

---

၁၀၈-မေး။ ။ဒုဋ္ဌဒေါသ သိက္ခာပုဒ် နှစ်ခု- သံဃာဒိသေသ သိက္ခာပုဒ်တခုတို့၌ ပါရှိသော အဓိကရဏ သဒ္ဒါသုံးခုတို့၏အနက် ထူးခြားဟန် ဆော် ပြပါ။

၁၀၈-ဖြေ။ ။ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ အဓိကရဏ သဒ္ဒါကား၊ ပါရာဇိကဟု ဆိုအပ်သော အာ ပတ္တာဓိ ကရဏ်းကို ဟောသည်။ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ အဓိကရဏ သဒ္ဒါ ကား၊ တည်ရာဟူသော အနက်ကို ဟော သည်။ သံဃာဒိသေသသိက္ခာပုဒ်၌ အဓိကရဏ

သဒ္ဒါကား၊ အကြောင်း အနက်ကို ဟော
သည်။

---

၁၀၉-မေး။ ။ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရှိသော အဓိ
ကရဏသဒ္ဒါကို ဝစနတ္ထပြုခဲ့ပါ။

၁၀၉-ဖြေ။ ။သမထေဟိ အဓိကာတဗ္ဗန္တိ အဓိကရဏံ၊
ကမ္မသာဓန။ ။အထဝါ အဓိ ကရိယန္တိ
ဧတ္ထာတိ အဓိကရဏံ၊ အဓိကရဏ သာ
ဓန။

---

၁၁၀-မေး။ ။ကိဉ္စိဒေသံ လေသမတ္တံ-ပါဠိ၌၊ ဒေသ-လေ
သနှစ်ပုဒ်ကို ဝစနတ္ထပြု၍၊ အရကောက်ပြပါ။

၁၁၀-ဖြေ။ ။ဒိဿတိ အပဒိဿတိ ဝေါဟာရိယတိတိ
ဒေသော။ ။လိဿတိ သိလိဿတိ ဝေါ
ဟာရမတ္တေ နေဝ ဣသကံ အလ္လီယတီတိ
လေသော။ ။ဝစနတ္ထ နှစ်ရပ်၌ အရကား။
ဇာတ်အစရှိသော အဘို့အရ ရသာတည်း။ ။
အရတူသည်။

---

၁၁၁-မေး။ ။ယော ပန ဘိက္ခု သမဂ္ဂဿ သံဃဿ ဟူ
သောပါဠိ၌၊ သမဂ္ဂသံဃာဟူသည် အဘယ်
နည်း။

၁၁၁-ဖြေ။ ။"ဟတ္ထပါသ၊ကပ္ပတုံက၊ကာယသာမဂ္ဂီ။ ။
ဆန္ဒလာရောက်၊မျက်မှောက်ဖို့ကြ၍၊ မဖြစ်ကာ၊

စိတ္တသာမဂ္ဂီ။ ။ကိုယ်စိတ်နှစ်ဖြာ၊ညီညွတ်လာ၊သံဃာညီညွတ်ပြီ”။

ဤသံပေါက်နှင့် အညီ၊ ကာယသာမဂ္ဂီ-စိတ္တသာမဂ္ဂီ-နှစ်ပါးနှင့် ပြည့်စုံလျှင်၊ သမဂ္ဂသံဃာဖြစ်သည်။

---

၁၁၂-မေး။ ။ဘေဒနသံဝဏ္ဏနိကံဝါ အဓိကရဏံ- ပါဠိ၌၊ ဘေဒကရဝတ္ထု (၁၈) ပါးကို ရေတွက်လိုက်ပါ။

၁၁၂-ဖြေ။ ။မွှေဒိနယာဘာသိတာ၊
စိဏ္ဏပညတ္တိကာဒု ကာ။
အာပတ္တိလဟုဒုဋ္ဌုလ္လာ၊
သာဝသေသာ ဒုကာနိစ။ ။
ဧတာနဋ္ဌာရသဘေဒ၊
ကာရဝတ္ထူတိ ဝုစ္စရေ။
ဝိပလ္လာသ ဂဟိတာနိ၊
ဝါဒမုသုပနိဿယာ။ ။

ဤဂါထာ နှစ်ခုသည်၊ ဘေဒ ကရ ဝတ္ထု (၁၈) ပါးဖြစ်ပါသည်။

---

၁၁၃-မေး။ ။သံဃာ ကွဲပြားအောင် လုံ့လ ပြုသော ရဟန်းကို၊ မြင်၍၎င်း, ကြား၍၎င်း, မဆိုဆုံးမသော ရဟန်းတို့အား၊ အဘယ် အာပတ် သင့်ပါသနည်း။

၁၁၃-ဖြေ။ ။သံဃာ ကွဲပြားအောင် လုံ့လ ပြုသော ရဟန်းကို၊ မြင်၍ရင်း, ကြား၍ရင်း, မဆိုဆုံးမ သော ရဟန်းတို့အား၊ ဒုက္ကဋ်အာပတ် သင့် ပါသည်။

---

၁၁၄-မေး။ ။ဘေဒါနုဝတ္တက သိက္ခာပုဒ်၊ ဧကောဝါ- ဒွေဝါ-တယောဝါ ဟူ၍သော အဘယ်ကြောင့် ဟောတော်မူသနည်း။

၁၁၄-ဖြေ။ ။နိဂ္ဂဟကံ၌၊ သုံးပါးထက် အလွန်ကံပြုခြင်း ၌မထိုက်၊ ထို့ကြောင့်- ဧကောဝါ- ဒွေဝါ- တယောဝါ ဟူ၍သော ဟောတော်မူသည်။

---

၁၁၅-မေး။ ။နိဂ္ဂဟကံ၌၊ သုံးပါးထက် အလွန် ကံပြုခြင်း ၌ မထိုက်သည်၏ အဖြစ်ကို၊ အဘယ်သို့ သော အသင့်ယုတ္တိဖြင့် သိရမည်နည်း။

၁၁၅-ဖြေ။ ။လေးယောက် အစရှိသော သံဃာသည်၊ လေးယောက်အစရှိသောသံဃာအား၊ကံကို မပြု၊ ဤသို့သော အသင့်ယုတ္တိဖြင့်၊ နိဂ္ဂဟ ကံ၌၊ သုံးပါးထက် အလွန် ကံပြုခြင်း၌ မထိုက်သည်၏ အဖြစ်ကို သိရပါသည်။

ဥဗ္ဗာဟိကစသော ကံမျိုးမှာကား၊ များ စွာသော ရဟန်းတို့အားလည်း ကံပြုခြင်း၌ အပ်သည်။

၁၁၆-မေး။ ။ဒုဗ္ဗစ သိက္ခာပုဒ်၌၊ သဟဓမ္မိကံ ပုဒ်ကို၊ ဖြစ်သင့်သမျှ စေနဲ့ပြု၍၊ အဘိဓေယျကောက်ပြပါ။

၁၁၆-ဖြေ။ ။သဟဓမ္မိကေဟိ သိက္ခိတဗ္ဗံ သဟဓမ္မိကံ။ ။ သဟဓမ္မိကာနံ ဝါ သန္တကံ သဟဓမ္မိကံ။ ။ အဘိဓေယျကား၊ ဗုဒ္ဓပညတ္တ ဖြစ်သော သိက္ခာပုဒ်တည်း။

---

၁၁၇-မေး။ ။ဘိက္ခုပေဿဝ အညာတရံ ဂါမံဝါ နိဂမံဝါ-ပါဠိ၌၊ နဂရသည်၊ ဂါမ- နိဂမ- နှစ်ပါးတွင်၊ အဘယ်၌ အတွင်းဝင်သနည်း။ အကြောင်းပြ ဖြေပါ။

၁၁၇-ဖြေ။ ။နဂရသည်၊ ဂါမ- နိဂမ- နှစ်ပါးတွင်၊ ဂါမ၌ အတွင်းဝင်သည်။ ။အကြောင်းကား၊ နဂရ၏ ဂါမဝိသေသ ဖြစ်သောကြောင့်တည်း။

---

၁၁၈-မေး။ ။ဂါမ-နိဂမ-နဂရ-တို့၏ အထူးသော်ပြပါ။

၁၁၈-ဖြေ။ ။တန်တိုင်းလည်း မရှိ-ဈေးလည်း မရှိသော အရပ်သည်-ဂါမ။

ဈေးသာရှိ၍- တန်တိုင်း မရှိသော အရပ်သည်- နိဂမ။ ။တန်တိုင်းလည်းရှိ- ဈေးလည်းရှိသော အရပ်သည်-နဂရ။

## အကျဉ်းမှတ်ရန် သံပေါက်လင်္ကာ။

"တန်ဘိုး- ဈေးနှုန်းမရှိပါ၊ ရွာ-သာ မည်လေသေး။
တန်ဘိုးမလို ဈေးသာစုံ နိဂုံ အမည်ပေး။
တန်ဘိုးရှိပြီး ဈေးလည်းစုံ မြို့ဘွဲ့-ခေါ်ရန်ရေး"။

---

၁၁၉-မေး။ ။ဇနပဒ-ရဋ္ဌ-တို့၏ အထူးကား အဘယ်နည်း။

၁၁၉-ဖြေ။ ။တိုင်း၏ တစိတ် တဒေသ- တချို့ တရပ်သော အရပ်ကား- ဇနပဒမည်၏။ ။တယောက်သောမင်း၏ အာဏာ နှံ့သမျှ အရပ်ကား- ရဋ္ဌမည်၏။ ။ဤကား အထူး။

## အကျဉ်းမှတ်ရန် သံပေါက်လင်္ကာ။

တိုင်းတွင် တစုတနယ်ပြီးခေါ်မှ ဇနပုဒ်။
တမင်းအာဏာ နှံ့လေရာ ရဋ္ဌာ တိုင်းသမုတ်။

---

၁၂၀-မေး။ ။ကုလဒူသက- ပုဒ်ကို ဝေနေယျပြု၍၊ ပန်းပေးခြင်း စသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရား ဖျက်ဆီးခြင်းကို ထင်ရှားအောင် ဖော်ပြပါ။

၁၂၀-ဖြေ။ ။ကုလာနိ ဒူသေတီတိ ကုလဒူသကော။ ။ ဝေနေယျ။ ။ဒါယကာတို့အား ပန်းပေးခြင်း စသည်ကိုပြုသော ရဟန်းသည်၊ မိမိကဲ့သို့ ပန်းပေးခြင်း စသည်ကို မပြုကုန်သောဘာပါး ကုန်သော လဇ္ဇီပေသလ ရဟန်းတို့၌၊ ကြည်ညိုခြင်းသဒ္ဓါတရားကို ဖျက်ဆီးသည်။

၁၂၁-မေး။ ။ကုလဒူသကော အခု-ပန်းပေးခြင်း စသော ကုလဒူသက (၈)ပါးကို ရေတွက်လိုက်ပါ။

၁၂၁-ဖြေ။ ။(၁)ပန်းပေးခြင်း၊ (၂)ကသယ်မှုန့်ပေးခြင်း၊ (၃)ဒန်ပူပေးခြင်း၊(၄)ဝါးပေးခြင်း၊ (၅)ဆေးကုခြင်း၊(၆)အစေအပါးပြုခြင်း၊ (၇)သစ်သီးပေးခြင်း၊(၈)မြေပြုပေးခြင်း။ ။ကုလဒူသက အရေအတွက်ဖြစ်သည်။

---

၁၂၂-မေး။ ။အာယသ္မာ ခေါ ကုလ ဒူသကော။ လ။ အလဇ္ဇိ ဣဓ ဝါသေန-ဟူသော ပါဠိဖြင့်၊ ကုလဒူသက ရဟန်း၏- အာဘယ်ကံ ထိုက်သည်၏အဖြစ်ကို ပြပါသနည်း။

၁၂၂-ဖြေ။ ။အာယသ္မာ ခေါ ကုလ ဒူသကော။လ။ အလဇ္ဇိ ဣဓ ဝါသေန-ဟူသော ပါဠိဖြင့်၊ ကုလဒူသက ရဟန်း၏-ပဗ္ဗာဇနီယကံ ထိုက်သည်၏အဖြစ်ကို ပြပါသည်။

---

၁၂၃-မေး။ ။ကုလဒူသက သိက္ခာပုဒ်ဝယ်၊ ဝေဠု သော ဘိက္ခု-ပါဠိ၌၊ သော၏ အခု - အာဘယ်ကံ ပြုအပ်သော ရဟန်းကို ယူရမည်နည်း။

၁၂၃-ဖြေ။ ။ကုလဒူသက သိက္ခာပုဒ်ဝယ်၊ ဝေဠု သော ဘိက္ခု ပါဠိ၌၊ သော၏ အခု-ပဗ္ဗာဇနီယကံ ပြုအပ်သော ရဟန်းကိုယူရပါသည်။

၁၂၄-မေး။ ။ဒါယကာ တို့အား ချီးမြှောက်ခြင်း၌-မိမိ ဥစ္စာကို ပေးခြင်း၊ အစိုးတရ သံဃိက ဥစ္စာ ကို ပေးခြင်း၊ နှိပ်စက် လုယက်၍ ပေးခြင်း ကြောင့် သင့်သော အာပတ် အသီးအသီး ကိုဟော်ပြပါ။

၁၂၄-ဖြေ။ ။ဒါယကာ တို့အား ချီးမြှောက်ခြင်း၌- မိမိ ဥစ္စာကို ပေးခြင်းကြောင့်- ဒုက္ကဋ်။ ။အစိုး တရ သံဃိက ဥစ္စာကို ပေးခြင်းကြောင့်- ထုလ္လစ္စည်း။ ။နှိပ်စက် လုယက်၍ ပေးခြင်း ကြောင့်-ပါရာဇိကအာပတ် သင့်ပါသည်။ ။ (ဋီကာသစ်)။

---

၁၂၅-မေး။ ။ကုလ ဒူသက သိက္ခာ ပုဒ်၌၊ ပဏ္ဏမတာ ယသ္မာ- စသည်ကို၊ နှစ်ခါ ဆိုခြင်းသည်။ အဘယ်၏အစွမ်းဖြင့် ဆိုပါသနည်း။

၁၂၅-ဖြေ။ ။ရှေ့-ပဏ္ဏမတာယသ္မာ- စသည်ကို- ပဗ္ဗာဇနီယကံ၏ အစွမ်းဖြင့်၊ နောက် - ပဏ္ဏမတာ ယသ္မာ- စသည်ကို- ပဗ္ဗာဇနီယကံ ပြုသော ရဟန်း၏ အစွမ်းဖြင့်၊ နှစ်ခါ ဆိုပါသည်။

---

၁၂၆-မေး။ ။ပရိဝုတ္ထ ပရိဝါသေန-ပါဠိ၌၊ ပရိဝါသပုဒ်ကို ဝစနတ္ထပြု၍၊အဓိပ္ပါယ် ရှင်းလင်းပါ။

၁၂၆-ဖြေ။ ။ဒိဝသပက္ခမာသာဒိဟိ ပရိစ္ဆိန္ဒိတွာ ဝသနံ ပရိဝါသော။ ။ဝစနတ္ထ။ ။နေ့-ပက္ခ-လ-

စသည် တို့ဖြင့် ရိုင်းခြား၍ နေခြင်းသည် ပရိဝါသ်ဖြစ်သည်။ ။အဓိပ္ပါယ်။

---

၁၂၇-မေး။ ။ဥက္ကဋ္ဌိဆာရတ္တံ ဘိက္ခုမာနတ္တာယ ပဋိပဇ္ဇိ တဗ္ဗံ-ပါဠိ၌၊ ဘိက္ခု မာနတ္တပုဒ်ကို ဝစနတ္ထ ပြု၍၊အဓိပ္ပါယ်ရှင်းလင်းပါ။

၁၂၇-ဖြေ။ ။မာနိတဗ္ဗောတိ မာနော။ ။ဘိက္ခူဟိ မာ နော ဘိက္ခုမာနော။ ။ဘိက္ခုမာနဿ ဘာဝေါ ဘိက္ခုမာနတ္တံ။ ။ဝစနတ္ထ။ ။ရဟန်း တို့သည် မြတ်နိုးအပ်သော အဖြစ်သည်၊ ဘိက္ခုမာနတ်ဖြစ်ပါသည်။ ။အဓိပ္ပါယ်။

---

၁၂၈-မေး။ ။ယတ္ထ သောဘိက္ခုဘိက္ခူဟိအဗ္ဘေတဗ္ဗော-ပါဠိအရ-အဗ္ဘာန်၏ အဓိပ္ပါယ် ဖော်ပြပါ၊

၁၂၈-ဖြေ။ ။အဗ္ဘာန်ဟူသည်၊ ပရိဝါသ်-မာနတ် နေပြီး သည်ဖြစ်၍၊ အာပတ်မှ စင်ကြယ် သော ကြောင့် သံဃာတော်တို့ သွင်းခေါ် အပ် ခြင်းပင်တည်း။

သံဃာဒိသေသ ပြီး၏။

---

## အနိယတ။

၁၂၉-မေး။ ။ပဌမ အနိယတ သိက္ခာပုဒ်၊ မာတုဂါမေန-ပါဠိအရ၊ အဘယ် မာတုဂါမကို ယူရမည် နည်း။

၁၂၉-ဖြေ။ ။ရင်းသိက္ခာပုဒ်၊ မာတုဂါမေန-ပါဠိအရ၊ ထို နေ့ မွေးဖွါးသည်လည်း ဖြစ်သော အသက် ရှင်သော လူမိန်းမကို ယူရပါသည်။

---

၁၃၀-မေး။ ။ပဌမအနိယတ သိက္ခာပုဒ်၌၊ ဧကောဧကာ ယရဟော-ပါဠိအရ၊ စက္ခုသော ရဟ-သော တသော ရဟ- ၂-ပါးတို့တွင်၊ အဘယ်ရဟ ကို ယူရမည်နည်း။ ပါဠိသာကေပြ၍ ဖြေပါ။

၁၃၀-ဖြေ။ ။ပဌမအနိယတသိက္ခာပုဒ်၌၊ဧကောဧကာယ ရဟော-ပါဠိ အရ၊ စက္ခုသော ရဟ-သော တသော ရဟ-၂-ပါးတို့တွင်၊ စက္ခုသောရဟ ကို ယူရသည်။ ။ပါဠိ သာကေ ကား၊ ပဋိစ္ဆန္နေ အာသနေ အလံ ကမ္မ နိယေ-တည်း။

---

၁၃၁-မေး။ ။ပဌမအနိယတသိက္ခာပုဒ်၌၊ နိသဇ္ဇံ ကပ္ပေယျ-ပါဠိ အရ၊ အိပ်ခြင်း ကြိယာ ယူသင့်-မယူသင့် ဆုံးဖြတ်လိုက်ပါ။

၁၃၁-ဖြေ။ ။ပဌမအနိယတ သိက္ခာပုဒ်၌၊ နိသဇ္ဇံ ကပ္ပေယျ-ပါဠိအရ၊ အိပ်ခြင်း ကြိယာ ယူသင့်ပါ သည်။

ဧတ္ထ စ သယနံပိ နိသဇ္ဇာယဧဝ သံဂ ဟိတံ။ ။ကင်္ခါ။

၁၃၂-မေး။ ။ဝန်ခံမှ အာပတ်ဖြင့် ဆုံးဖြတ် ရသည်ဟု ပြောဆိုကြရာ၊ လဇ္ဇီ အလဇ္ဇီ-၂-ဦးလုံးတို့၌ ပင်-ဝန်ခံမှ ဆုံးဖြတ်ရသလော။ သို့မဟုတ်- အဘာယ်လို အဓိပ္ပါယ် ယူဆမည်နည်း။

၁၃၂-ဖြေ။ ။လဇ္ဇီပုဂ္ဂိုလ်တို့၌၊ ဝန်ခံခြင်းဖြင့် ဆုံးဖြတ်အပ် သည်။ အလဇ္ဇီပုဂ္ဂိုလ်တို့၌၊ ဝန်ခံခြင်း မရှိ သော်လည်း၊ မွှေနှောက် ပြောဆိုသောစကား အစဉ်ကို ထောက်သဖြင့် ဆုံးဖြတ် အပ် သည်။

### ကျက်ရန်ဂါထာ။

ပဋိညာ လဇ္ဇိသု ကတာ၊
အလဇ္ဇိသွေတံ န ဝိဇ္ဇတိ။
ဗဟုမ္ပိ အလဇ္ဇီ ဘာသမာနော၊
ဝတ္တာနုသန္ဓိတေ န ကာရယေ။ ။

---

၁၃၃-မေး။ ။အနိယတော-ပါဠိကို၊ ဝစနတ္ထပြု၍ ပြခဲ့ပါ။

၁၃၃-ဖြေ။ ။န နိယတော အနိယတော။

---

၁၃၄-မေး။ ။ဒုတိယ အနိယတ သိက္ခာပုဒ်၌၊ ဩကော ဩကာယရေဟော-ပါဌ်အရ၊ စက္ခုသော ရဟာ- သောတသော ရဟာ-၂-ပါးတို့တွင်၊ အဘာယ် ရဟာကို ယူရမည်နည်း။ ပါဠိသာဓက ပြ၍ ဖြေပါ။

၁၃၅-ဖြေ။ ။ဒုတိယ အနိယတ သိက္ခာပုဒ်၌၊ ဩကာသယ ရဟော-ပါဠိအရ၊ စက္ခုဿ ရဟော-သောတဿ ရဟော- ၂-ပါးတို့တွင်၊ သောတဿရဟောကိုယူရပါသည်။ (သာရတ္ထအလို)။

ပါဠိသာဓကကား၊ န ဟေဝ ခေါ ပန။လ။ အလဉ္စခေါ ဟောတိ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသိတုံ- တည်း။ ။တချို့ ဆရာတို့ကား၊ စက္ခု သောတ ရဟော- ၂-ပါး လုံးယူလိုသည်။

---

၁၃၆-မေး။ ။အနိယတ ုဒ္ဒေသကို၊ အဘယ် အကျိုး၌ ဟောတော်မူသနည်း။

၁၃၆-ဖြေ။ ။ဒိဋ္ဌအစရှိသော မူလရှိသော စောဒနာခြင်းကို ပြုရာ၌၊ ဝတ္ထုကို ဝန်ခံမှသာလျှင် အာပတ်ဖြင့်ဆုံးဖြတ်ရမည်။ ဝန်မခံခဲ့သော် အာပတ်ဖြင့် မဆုံးဖြတ်သင့်ဟု - အာပတ္တိရောပနာ ရောပန လက္ခဏာကိုပြခြင်း အကျိုး၌ အနိယတုဒ္ဒေသကို ဟောတော်မူသည်။ ။ ကင်္ခါဋီကာသစ် (၁၄၀)။

အနိယတပြီး၏။

## နိဿဂ္ဂိပါစိတ်-စီဝရဝဂ်။

၁၃၆-မေး။ ။ပဉ္စမ ကထိန သိက္ခာပုဒ်၌၊ နိဋ္ဌိတစီဝရဟူသည်၊ အဘယ် အခြင်းအရာ အားဖြင့် ပြီးသော သင်္ကန်းမျိုးနည်း။

၁၃၆-ဖြေ။ ။ပဉ္စမကထိန သိက္ခာပုဒ်၌၊ နိဋ္ဌိတစီဝရဟူသည်၊ သူစိကမ္မ ပရိယောသာန- နဋ္ဌ- ဝိနဋ္ဌ- ဒဍ္ဎ-စီဝရာသာ ဥပစ္ဆိန္န အခြင်းအရာအား ဖြင့် ပြီးသော သင်္ကန်းမျိုးတည်း။ ။ကင်္ခါ အဋ္ဌကထာ (၄၂)

---

၁၃၇-မေး။ ။ဥဒ္ဓတသ္မိံ ကထိနေ- ၌၊ ကထိန- ပုဒ်ကို- ဝစနတ္ထပြု၍၊ အဓိပ္ပါယ် ဘော်ပြပါ။

၁၃၇-ဖြေ။ ။ကထတိ ပဉ္စာနိ သံသေအညတ္တ ဂန္တုံ အဒတွာ သံဂဏှာတိ သံနိပိတွာ ဂဏှာ တီတိ ကထိနံ။ ။ဝစနတ္ထ။ ။အနာမန္တ စာရ-စသော အာနိသင် ငါးပါးတို့ကို၊ တပါး သော အရပ်သို့ သွားခြင်းငှါ မပေးမူ၍၊ အကျဉ်း ချုံး၍ ယူတတ် သော ကြောင့် ကထိန်မည်သည်။ ။အဓိပ္ပါယ်။ ။ကင်္ခါ ယောဇနာ တတိယအုပ် (၁၈)

---

၁၃၈-မေး။ ။ကထိန်ခင်းခြင်းသည်၊ အယုတ်ဆုံး ရဟန်း ဘယ်နှစ်ပါးရှိမှ အခင်ပါသနည်း။

၁၃၇-ဖြေ။ ။ကထိန်ခင်းခြင်းသည်၊ အခယုတ်ဆုံး ကထိန်သင်္ကန်းကို ပေးဘတ်သော ရဟန်း (၄)ပါး၊ ကထိန် သင်္ကန်းကို ခံတတ်သော ရဟန်း (၁)ပါး၊ ပေါင်း(၅)ပါးနှင့်လျှင်အခပ်ပါသည်။ ။ ပဉ္စဝဂ္ဂကရဏီယံကမ္မံ နတ္ထိ။ စတုဝဂ္ဂ ကရဏီယကံ ဖြစ်သည်ကို သဘိ မှုလေ။ ။ ကင်္ခါအဋ္ဌကထာ (၆၅)

---

၁၃၉-မေး။ ။တိစီဝရိက် အမြဲဆောင်သော ရဟန်းအခါးသာ ကထိန်ခင်းရသလော။ ထိုသို့မဟုတ်-အဆိုက် အတန့် ဆောင်သော ရဟန်းလည်း ခင်းရသလော။

၁၃၉-ဖြေ။ ။ရတင် တိစီဝရိက်အခါးဖြင့် အမြဲဆောင်မှု၍၊ ပရိက္ခာရစောဠ ဆောင်သော ရဟန်းသည်လည်း၊ ကထိန်ခင်းခါနီး၌၊ တိစီဝရိက်ကို အဓိဋ္ဌာန် တင်၍ ကထိန် ခင်းရ၏ဟု ဝိနယာလင်္ကာရဋီကာ ဆိုပါသည်။

---

၁၄၀-မေး။ ။ကထိန် အခါနိသင် (၅) ပါးကို၊ အဘယ် ရဟန်းတို့သည် ရပါကုန်သနည်း။

၁၄၀-ဖြေ။ ။ကထိန်အခါနိသင် (၅) ပါးကို၊ ကထိန်ခင်းသော အတ္တာရကရဟန်း- အနုမောဒနာ ပြုသော အနုမောဒကရဟန်းတို့ ရပါသည်။

၁၄၁-မေး။ ။ကထိန်အာနိသင် (၅) ပါးကို သရုပ် ရေတွက်၍ပြပါ။

၁၄၁-ဖြေ။ ။ကထိန် အာနိသင် (၅) ပါးကား။ ။
(၁) အနာမန္တစာရ၊ (၂) အသမာဒါနစာရ၊
(၃) ယာဝဒတ္ထစီဝရ၊ (၄) ဂဏဘောဇန၊
(၅) ယောစတတ္ထစီဝရုပ္ပါဒတည်း။

**အတိုမှတ်ရန်။**

**အနာမန္တ၊ အသမာဒါ၊ ယာဝါ-ဂဏ၊ ယော တတ္ထ၊ ပဥ္စအာနိသင်။**

---

၁၄၂-မေး။ ။ကထိန်နုတ်ခြင်းမာတိကာ (၈) ပါးကိုရေတွက်ပြပါ။

၁၄၂-ဖြေ။ ။ကထိန်နုတ်ခြင်းမာတိကာ (၈) ပါးကား။
၁-ပက္ကမနန္တိကာ၊ ၅-သဝနန္တိကာ၊
၂-နိဋ္ဌာနန္တိကာ၊ ၆ အာသာဝစ္ဆေဒိကာ၊
၃-သန္နိဋ္ဌာနန္တိကာ၊ ၇-သီမာတိက္ကမနန္တိကာ၊
၄-နာသနန္တိကာ၊ ၈-သဟုဗ္ဘာရာတည်း။

---

၁၄၃-မေး။ ။အဘယ်ကြောင့် အတိရေကသင်္ကန်း မည်သနည်း။

၁၄၃-ဖြေ။ ။အဓိဋ္ဌာန် တင်အပ်သော သင်္ကန်း-ဝိကပ္ပနာပြုအပ်သော သင်္ကန်းတို့၌၊ အကျုံး မဝင်သည်၏အဖြစ်ကြောင့်၊ အတိရေကသင်္ကန်းမည်ပါသည်။

အဓိဋ္ဌိတ- ဝိကပ္ပိ တေသု အပရိယာ ပန္နတ္တာ အတိရေကံ စီဝရန္တိ အတိရေက စီဝရံ။ ။ကင်္ခါအဋ္ဌကထာ။

---

၁၄၄-မေး။ ။အတိရေက သင်္ကန်းသရုပ်ကို ရေတွက်ပြပါ။

၁၄၄-ဖြေ။ ။အတိရေကသင်္ကန်း သရုပ်ကား။

| | | |
|---|---|---|
| ၁-ခေါမ | ၄-ကမ္ဗလ | မူလ သင်္ကန်း (၆) ထည်။ |
| ၂-ကပ္ပါသိက | ၅-သာဏ | |
| ၃-ကောသေယျ | ၆-ဘင်္ဂ | |
| ၁-ဒုကူလ | ၄-စိနပဋ္ဋ | အနုလောမ သင်္ကန်း(၆) ထည်။ |
| ၂-ပဋ္ဋုဏ္ဏ | ၅-ဇာန္ဒိဇ | |
| ၃-သောမာရပဋ္ဋ | ၆-ဒေဝဒိန္န | |

ငင်း (၁၂) ထည်တို့တည်း။ ။ကင်္ခါ (၆၆)

---

၁၄၅-မေး။ ။အလျား- အနံ- အဘယ်မျှလောက် ရှိသော သင်္ကန်းကို၊ အဓိဋ္ဌာန်တင်အပ်-ဝိကပ္ပနာ ပြုအပ်ပါသနည်း။

၁၄၅-ဖြေ။ ။မဇ္ဈိမပုရိသခေါ် လက်သမား တောင်ဖြင့်၊ အလျား တတောင်-အနံ တထွာ ရှိသော သင်္ကန်းကို၊ အဓိဋ္ဌာန်တင်အပ်- ဝိကပ္ပနာပြု အပ်ပါသည်။

အလျားတောင်မှန်၊ထွာအနံ။ခေါ် ရန်မဇ္ဈိမာ။ ။ဝိနယသံခိပ်။

---

၁၄၆-မေး။ ။သင်္ကန်း (၆)ထည်သရုပ်ကို ရေတွက်ပြပါ။

၁၄၆-ဖြေ။ ။၁-သံဃာဒိသေသ ၅-နိဿဂ္ဂိယ
၂-ဥတ္တရာသင်္ဂ ၆-ပစ္စတ္ထရဏ
၃-အန္တရဝါသက ၇-ကဏ္ဍုပ္ပဋိစ္ဆာဒိ
၄-ဝဿိကသာဋိက ၈-မုခပုဉ္ဆန

၉-ပရိက္ခာရ စောဠ

ဤကားသက်နိုး (၉) ထည်သရုပ်တည်း။

**အကျဉ်းမှတ်ရန်။**

''သံ-ဥတ်'အန်-ပ၊ဝသ်-ကဏ်-ပ၊မုခ-နိဿိဂ်။ ။
သက်နိုး (၉) ထည်။

---

၁၄၇-မေး။ ။အဘယ်မျှလောက် အလျားအနံ ပမာဏရှိသော တိစီဝရိက်သည်၊ အဓိဋ္ဌာန် တင်ခြင်းငှါ အပ်ပါသနည်း။

၁၄၇-ဖြေ။ ။သံဃာဋိ - ဥတ္တရာသင်္ဂ- ၂-ထည်မှာ၊ အလျားအားဖြင့် မုဋ္ဌိပဉ္စက ငါးတောင် တောင်ဆုပ်၊ အနံအားဖြင့်- မုဋ္ဌိတ္တိက သုံးတောင် တောင်ဆုပ် ပမာဏရှိလျှင်၊ အဓိဋ္ဌာန်တင်ခြင်းငှါ အပ်ပါသည်။

အန္တရဝါသကမှာ၊ အလျားအားဖြင့်-မုဋ္ဌိပဉ္စကငါးတောင် တောင်ဆုပ်၊ အနံအားဖြင့် ၂-တောင်ထွာ- ၂-တောင် ပမာဏ ရှိလျှင်လည်း၊ အဓိဋ္ဌာန်တင်ခြင်းငှါ အပ်ပါသည်။
ကင်္ခါအဋ္ဌကထာ (၆၆-၆၇)

၁၄၈-မေး။ ။ဆိုအပ်ခဲ့ပြီးသော ပမာဏမှ၊ အဝတ်ရေကြောင်းနက ဖြစ်သော တိစီဝရိက်ကို၊ အဘယ်လို အဓိဋ္ဌာန်တင်ရမည်နည်း။

၁၄၈-ဖြေ။ ။ဆိုအပ်ခဲ့ပြီးသော ပမာဏမှ၊ အဝတ်ရေကြောင်းနက ဖြစ်သော တိစီဝရိက်ကို၊ ပရိက္ခာရစောဠဟူ၍ အဓိဋ္ဌာန် တင်ရပါသည်။ ။ ကင်္ခါအဋ္ဌကထာ (၆၇)

---

၁၄၉-မေး။ ။သင်္ကန်းကို အဓိဋ္ဌာန် တင်ခြင်းတို့သည်၊ ဘယ်နှစ်ပါးပြားပါသနည်း။

၁၄၉-ဖြေ။ ။သင်္ကန်းကို အဓိဋ္ဌာန် တင်ခြင်း တို့သည်၊ ကာယအဓိဋ္ဌာန်-ဝါစာ အဓိဋ္ဌာန်- ၂-ပါးပြားပါသည်။ ။ကင်္ခါအဋ္ဌကထာ (၆၇)

---

၁၅၀-မေး။ ။တိစီဝရိက်ကို၊ ၂-တောင်ထွာ ဟတ္ထပါသ်အတွင်းဖြစ်၍ အနီး ဖြစ်ခဲ့လျှင်၊ ဘယ်လို အဓိဋ္ဌာန်တင်မည်နည်း။

၁၅၀-ဖြေ။ ။တိစီဝရိက်ကို၊ ၂တောင်ထွာ ဟတ္ထပါသ်အတွင်းဖြစ်၍ အနီးဖြစ်ခဲ့လျှင်၊....

၁-ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။

၂-ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

၃-ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ-

ဟု အဓိဋ္ဌာန်တင်ရပါသည်။

၁၅၁-မေး။ ။တိစီဝရိက်ကို၊ ၂-တောင်ထွာမှ အပဖြစ်၍ အဝေးဖြစ်ခဲ့လျှင်၊ ဘယ်လိုအဓိဋ္ဌာန် တင်ရမည်နည်း။

၁၅၁-ဖြေ။ ။တိစီဝရိက်ကို၊ ၂-တောင်ထွာမှ အပဖြစ်၍ အဝေးဖြစ်ခဲ့လျှင်၊....
၁-ဇတံ သံဃာဋိံ အဓိဋ္ဌာမိ။
၂-ဇတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။
၃-ဇတံ အန္တရ ဝါသကံ အဓိဋ္ဌာမိ-ဟူ၍လို အဓိဋ္ဌာန်တင်ရပါသည်။

---

၁၅၂-မေး။ ။တိစီဝရိက်ကို၊ ပရိက္ခာရ စောဠတင်၍ သုံးဆောင်ခြင်းငှါ အပ်ပါမည်လော။ အပ်လျှင် အဘယ်အကျိုးငှါ သုံးဆောင်ကြပါသနည်း။

၁၅၂-ဖြေ။ ။တိစီဝရိက်ကို၊ ပရိက္ခာရစောဠတင်၍ သုံးဆောင်ခြင်းငှါ အပ်ပါသည်။ သုံးဆောင်လွယ်စေခြင်းငှါ ပရိက္ခာရစောဠတင်၍ သုံးဆောင်ကြပါသည်။

ဧာဒဒ္ဒ ပန တိစီဝရံ သုခ ပရိဘောဂတ္ထံ ပရိက္ခာရစောဠံအဓိဋ္ဌာတုမ္ပိဝဋ္ဋတိ။ ။ကင်္ခါ အဋ္ဌကထာ။

---

၁၅၃-မေး။ ။များစွာသော သပိတ်အိတ် စသည်တို့ကို ပေါင်း၍၊ ပရိက္ခာရစောဠ- အနီး- အဝေး- အဓိဋ္ဌာန်တင်ပုံပါဠိများကို ရေးသားလိုက်ပါ။

၁၅၃-ဖြေ။ ။ပရိက္ခာရစောဠ- အနီး- အဝေး- အဓိဋ္ဌာန် တင်ပုံ ပါဠိကား။

၁-ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။
အနီးတင်ပုံ။

၂-ဧတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။
အဝေးတင်ပုံ။

---

၁၅၄-မေး။ ။မဉ္စဘိသိ- ပီဌဘိသိ- ဗိမ္ဗောဟန- ပါဝါရ- ကောဇဝ တို့၌၎င်း၊ သေနာသန အလို့ငှါ ပေးလှူအပ်သော ဒိန္နပစ္စတ္ထရဏ တို့၌၎င်း၊ အဓိဋ္ဌာန်ကိစ္စ ပြုရ-မပြုရ-ဆုံးဖြတ်ပါ။

၁၅၄-ဖြေ။ ။အထက် အမေးပါ ပရိက္ခာရတို့၌ အတ္တနော သန္တက မဟုတ်- သေနာသန အသုံး အဆောင်ဖြစ်သောကြောင့်၊ အဓိဋ္ဌာန်ပြုဘွယ် ကိစ္စမရှိပါ။ ။ကင်္ခါအဋ္ဌကထာ (၆၇)

---

၁၅၅-မေး။ ။သင်္ကန်းကိုးထည်တို့၏အဓိဋ္ဌာန်စွန့်ကြောင်း ကို၊ ရုံလင်စွာ ရေတွက်လိုက်ပါ။

၁၅၅-ဖြေ။ ။သင်္ကန်းကိုးထည်တို့၏အဓိဋ္ဌာန်စွန့်ကြောင်း ကား။

| | | |
|---|---|---|
| ၁-အညဿဒါန | ၅-သိက္ခာပစ္စက္ခာန | ၎င်း ၈-ပါး တည်း။ |
| ၂-အစ္ဆိန္ဒိတွာဂဟဏ | ၆-ကာလံကိရိယ | |
| ၃-ဝိဿာသဂ္ဂါဟ | ၇-လိင်္ဂပရိဝတ္တန | |
| ၄-ဟီနာယာဝတ္တန | ၈-ပစ္စုဒ္ဓရဏ | |

## အဝတ်မှတ်ရန်။

ထွက်-ယူ-ပေး-လှူ၊မစ္ဆူ-သိဒ်ပြန်၊အဓိဋ္ဌာန်ချ၊သိက္ခာကျ၊ အဋ္ဌမ်ဋ္ဌာန် စွန့်ကြောင်းတည်း။

---

၁၃၆-မေး။ ။တိစီဝရိက်မှာ၊ လက်သန်း လက်သည်းခွံ ပမာဏလောက်-အပေါက်ဖြင့်၊ အဓိဋ္ဌာန်ကို စွန့်ရာ၊ အလျား- အနံ- ဘယ်မျှ အတွင်းဖြစ် လျှင် အဓိဋ္ဌာန်ကို စွန့်ပါသနည်း။

၁၃၆-ဖြေ။ ။သိမ်သာဒိ-ဥက္ကရာသက် ၂-ထည်မှာ၊ အလျား (၁၂)သစ်။ အနံ(၈)လက်သစ်။ သင်းပိုင်မှာ၊ အလျား (၁၂) သစ်၊ အနံ (၄) လက်သစ်၊ အတွင်း အပေါက်ဖြင့် အဓိဋ္ဌာန်ကို စွန့်ပါ သည်။

## အဝတ်မှတ်ရန်လင်္ကာ။

လျား- ဆဲ့နှစ်သစ်၊ နံ-ရှစ်သစ်၊ လေးသစ်-သင်းပိုင်-နံ- အပေါက်တည်း။

---

၁၃၇-မေး။ ။နိဿဂ္ဂိယံ ပါစိတ္တိယံ- ပါဠိ၌၊ နိဿဂ္ဂိယ- ပါစိတ္တိယ- ပုဒ်တို့ကို၊ အသီးအသီး ဝစနတ္ထ ပြ၍ အရကောက်ပြပါ။

၁၃၇-ဖြေ။ ။နိဿဇ္ဇိတဗ္ဗန္တိ နိဿဂ္ဂိယံ။ ။သက်နံ့ ရစေ။ ။နိဿဇ္ဇနံ နိဿဂ္ဂိယံ။ ။စွန့်ခြင်း ဝိနည်းကံရစေ။

နိဿဂ္ဂိယံ အဿ အတ္ထီတိ နိဿဂ္ဂိယံ။ ။ ပါစိတ်အာပတ်ရစေ။ ။ကုသလစိတ္တံ ပါတေ တီတိ ပါစိတ္တိယံ။ ။အာပတ်ရစေ။

ပဘာဓာတုဧတော ဘတ္တိယပစ္စယံ ကတွာ ဉကာရာဂမန္တွ ဘကာရဿ စကာရန္တ အာ ရုဠှိနွ ကတွာ ရူပသိဒ္ဓိ ဝေဒိတဗ္ဗာ။ ။ ကင်္ခါယောဇနာ (၅၀)

---

၁၅၇-မေး။ ။နိဿဂ္ဂိဖြစ်၍စွန့်သော ဝတ္ထုကို၊ ပြန်၍မပေးသော ရဟန်းအား၊ အဘယ်အာပတ် သင့်မည်နည်း။

၁၅၇-ဖြေ။ ။နိဿဂ္ဂိဖြစ်၍ စွန့်သော ဝတ္ထုကို၊ ပြန်၍မပေးသော ရဟန်းအား၊ ဒုက္ကဋ် အာပတ် သင့်ပါသည်။

နိဿဋ္ဌဝတ္ထုံ ဒိန္နမိဒံ ဍမိနာ မယှန္တိ သညာယ န ပဋိဒေန္တဿ ဒုက္ကဋံ။ ။ကင်္ခါ အဋ္ဌကထာ။

---

၁၅၈-မေး။ ။နိဿဂ္ဂိဝတ္ထုကိုမစွန့်မူ၍၊ သုံးဆောင်သော ရဟန်းအား၊အဘယ်အာပတ်သင့်သနည်း။

၁၅၈-ဖြေ။ ။နိဿဂ္ဂိဝတ္ထုကို မစွန့်မူ၍၊ သုံးဆောင်သော ရဟန်းအား၊ဒုက္ကဋ်အာပတ် သင့်ပါသည်။

အနိဿဇ္ဇိတွာ ပရိဘုဉ္ဇန္တဿ ဒုက္ကဋံ။ ။ ကင်္ခါအဋ္ဌကထာ။

---

**၁၆၀-မေး။** ။တပါးသော ရဟန်း၏ နိဿဂ္ဂိ ဝတ္ထုကို၊ တပါးသောရဟန်းသုံးဆောင်လျှင်၊ အာပတ် သင့်-မသင့် ဆုံးဖြတ်ပါ။

**၁၆၀-ဖြေ။** ။တပါးသော ရဟန်း၏ နိဿဂ္ဂိ ဝတ္ထုကို၊ တပါးသောရဟန်း သုံးဆောင်လျှင်၊ အာပတ် မသင့်ပါ။

အညဿ တံ ပရိဘုဉ္ဇတော ပိ အနာပတ္တိ။ ။ကင်္ခါဋီကာသစ်။

---

**၁၆၁-မေး။** ။ဝေကရဏ္ဍမ္ဗိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ-ပါဌ်ဖြင့်၊ သက်နိုး သုံးထည်လုံးနှင့် ကင်းမှ၊ နိဿဂ္ဂိ ဖြစ်သလော၊ သို့မဟုတ် တထည်ထည်နှင့် ကင်းလျှင်- နိဿဂ္ဂိ ဖြစ်သလော။

**၁၆၁-ဖြေ။** ။ဧကရတ္တမ္ပိ။သ။ဝိပ္ပဝသေယျ-ပါဌ်၌၊ သက်နိုး သုံးထည် လုံးနှင့် ကင်းမှ-နိဿဂ္ဂိ ဖြစ်သည် မဟုတ်ပါ။ တထည် ထည်နှင့် ကင်းလျှင် နိဿဂ္ဂိ ဖြစ်ပါသည်။

တိစီဝရေနာတိ တိစီဝရာဓိဋ္ဌာန နယေန အဓိဋ္ဌိတေသု သံဃာဋိအာဒီသု ယေန ကေနစိ။ ။ကင်္ခါအဋ္ဌကထာ။

"အမည်တော်ရင်း၊ သုံးထည်တွင်း၊ ညဉ့်ကင်းနိဿဂ္ဂီ"။ ။ ဝိနယသံခိပ်။

၁၆၂-မေး။ ။တိစီဝရေန ဝိပ္ပဝသေယျ- ဟူသော စကားသည်၊ အဘယ် ဥပစာ စကားနည်း။

၁၆၂-ဖြေ။ ။တိစီဝရေန ဝိပ္ပဝသေယျ-ဟူသော စကားသည်၊ ရုက္ခော ဆိန္နော-ပဋော ဒဍ္ဎော-စသည်ကဲ့သို့၊ အစိတ်၏အမည်ကိုအပေါင်း၌တင်စားသော ဧကဒေသူပစာ စကားတည်း။ ။

ကင်္ခါဋီကာသစ် (၁၅၄)

---

၁၆၃-မေး။ ။တိစီဝရေန-ပါဠ်၌၊ တိစီဝရ-ပုဒ်ကို ဝစနတ္ထ ပြုခဲ့ပါ။

၁၆၃-ဖြေ။ ။တိဏ္ဏံ စီဝရာနံ သမာဟာရော တိစီဝရံ။ ။ တီဏိဝါ စီဝရာနိ တိစီဝရံ။ ။ဝစနတ္ထ။

---

၁၆၄-မေး။ ။ဥဒ္ဓါသိတ- သိက္ခာပုဒ်၌၊ မူလပညတ်-အနုပညတ် ခွဲ၍ပြပါ။

၁၆၄-ဖြေ။ ။ဥဒ္ဓါသိတ သိက္ခာပုဒ်၌၊ အညတြ ဘိက္ခုသမ္မုတိယာ-သည်၊ အနုပညတ်ဖြစ်ပါသည်။ အကြွင်းသည် မူလပညတ် ဖြစ်ပါသည်။

---

၁၆၅-မေး။ ။အကြောင်း မညီညွတ်၍၊ တိစီဝရိက်နှင့် ကင်းကွာ၍ အရုဏ် တက်အောင် နေရခွင့် ရှိလာခဲ့သော်၊ အဘယ်သို့ ပြုလုပ်မည်နည်း။

၁၆၅-ဖြေ။ ။အကြောင်း မညီညွတ်၍၊ တိစီဝရိက်နှင့် ကင်းကွာ၍ အရုဏ် တက်အောင် နေရခွင့်

ရှိလာ ခဲ့သော်၊ အဝေးက နေ၍ ပစ္စုပ္ပန်၏ ပြုရ၏။ ။တောနိ စီဝရာနိ ပစ္စုပ္ပန္နရာမိ-ဟု သက်နိုင်ရာ မှန်း၍ဆိုလေ။ ။

ကင်္ခါ အဋ္ဌကထာ။

---

၁၆၆-မေး။ ။၁-နိဋ္ဌိတစီဝရသ္မိံ၊ ၂-ဥဗ္ဘတသ္မိံကထိနေ၊ ပါဠိနှစ်ထွေဖြင့်၊ အဘယ် ပလိဗောဓ ပြတ်ကင်းသည်ကို ပြသည်-ဟု အသီး အသီး ဖော်ပြပါ။

၁၆၆-ဖြေ။ ။၁-နိဋ္ဌိတစီဝရသ္မိံ-ပါဠိဖြင့်၊စီဝရပလိဗောဓ ပြတ်ကင်း သည်ကို ပြပါသည်။ ။၂-ဥဗ္ဘတသ္မိံ ကထိနေ-ပါဠိဖြင့်၊ အာဝါသ ပလိဗောဓ ပြတ်ကင်းသည်ကို ပြပါသည်။ ။

ကင်္ခါအဋ္ဌကထာ (၇၁)

---

၁၆၇-မေး။ ။တတိယကထိနသိက္ခာပုဒ်၌၊အကာလစီဝရ-ပါဠိအရ၊ ကာလစီဝရ-အကာလစီဝရ-ခွဲခြား ဝေဘန်၍ပြပါ။

၁၆၇-ဖြေ။ ။ကထိန် မခင်းသည် ရှိသော်-သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှ၊ တန်ဆောင်မုန်း လပြည့်တိုင်-တလ,ကထိန်ခင်းသည်ရှိသော်၊ သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှ တပေါင်း လပြည့်တိုင် ၅-လ, အတွင်း၌ ရသောသင်္ကန်းသည် ကာလသင်္ကန်းတည်း။

ကာလသင်္ကန်းနှင့် ဆိုအပ်ပြီးသော-တလ, ၅-လမျှ ကြွင်းသော- တဆဲ့ တလ, ခုနစ်လ အတွင်း၌ ရသော သင်္ကန်းသည် အကာလ သင်္ကန်းတည်း။ ။ကင်္ခါအဋ္ဌကထာ။(၇၂)

---

၁၆၈-မေး။ ။အကာလစီဝရံ ဥပ္ပဇ္ဇေယျ-၌၊သင်္ကန်းဖြစ်ခြင်း၏ မာတိကာ(၈)ပါးကို ရေတွက်ပြပါ။

၁၆၈-ဖြေ။ ။သင်္ကန်းဖြစ်ခြင်း၏ မာတိကာ(၈)ပါးကား။

၁-သီမာယ ဒေတိ။
၂-ကတိကာယ ဒေတိ။
၃-ဘိက္ခာပညတ္တိကာယ ဒေတိ။
၄-သံဃဿ ဒေတိ။
၅-ဥဘတောသံဃဿ ဒေတိ။
၆-ဝဿံဝုတ္ထသံဃဿ ဒေတိ။
၇-အာဒိဿ ဒေတိ။
၈-ပုဂ္ဂလဿ ဒေတိ။

ဤကား မာတိကာ(၈)ပါးတည်း။
ကင်္ခါအဋ္ဌကထာ (၇၂)

---

၁၆၉-မေး။ ။ပဌမ ကထိန သိက္ခာပုဒ်- တတိယ ကထိန သိက္ခာပုဒ် ၂-ပါး တို့၏၊ နိဿဂ္ဂိ အာပတ် သင့်ခြင်း အထူးကို ဖော်ပြပါ။

၁၆၉-ဖြေ။ ။ပဌမကထိန သိက္ခာပုဒ်၌၊ ဒသာဟာတိက္ကမ ဖြစ်လျှင် နိဿဂ္ဂိအာပတ် သင့်ပါသည်။

တတိယ ကထိန သိက္ခာပုဒ်၌၊ မာသာ တိက္ကမ ဖြစ်လျှင် နိဿဂ္ဂိ အာပတ် သင့်ပါ သည်။ ။ဤကား အထူး။

ကေဝလဉှိ တတ္ထ ဒသာဟာတိက္ကမော၊ ဣဓ မာသာတိက္ကမောတိ အယံဝိသေသော။ ။
ကင်္ခါအဋ္ဌကထာ။

---

၁၇၀-မေး။ ။ပုရာဏ စီဝရ သိက္ခာပုဒ်၌၊ အညာတိကာယ ဘိက္ခုနိယာ- အရ၊ မိမိ အလယ် ထား၍- ဆွေမျိုးဘယ်နှစ်ဆက်မတော်မစပ်မှ အညာ တိက ယူရမည်နည်း။

၁၇၀-ဖြေ။ ။ပုရာဏ စီဝရ သိက္ခာ ပုဒ်၌၊ အညာတိ ကာယ- အရ၊ မိမိ အလယ် ထား၍- မိမျိုး ဘမျိုးမှအထက်ကို၊ အဘ-အဘိုး-အဘေး- အဖွေး- အဖွဲ- အဘိ- အဘော်- ခုနစ်ဆက် အရုံအရုံ။ ။မိမိအလယ်ထား၍-အောက်ကို၊ သား- မြေး- မြစ်- တီ- မြွေ့- ကျွတ်- ဆက်- ခုနစ်ဆက်- ဆွေမျိုး မတော် မစပ်မှ-အညာ တိက ယူရပါသည်။ ။အညာတိက ဟူသမျှ နည်းတူယူလေ။

---

၁၇၁-မေး။ ။ပုရာဏ စီဝရံ ဓောဝါပေယျဝါ- ၌၊ ရိနှမ်း ဆွေးမြည့်သော သင်္ကန်း ကိုသာ၊ ပုရာဏ စီဝရ ဆိုပါသလော၊ အဘယ်ပါနည်း။

၁၇၁-ဖြေ။ ။ရှိနှမ်း ဆေးမြည့်သော သက်နှီး ကိုသာ၊ ပုရာဏ စီဝရ ဆိုသည်မဟုတ်။ ဆိုး၍၊ကပ္ပဗိန္ဒုထိုး၍၊တကြိမ်မျှဝတ်ရုံဘူးသောသက်နှီး။ အယုတ်ဆုံး အခါးဖြင့် သုံးဆောင် ခြင်းကို အစရင်းမူသဖြင့်၊ ပခုံး-ဦးခေါင်း၌ တင်၍ ခရီးသွားဘူးသော သက်နှီး။ ခေါင်းအုံး၍ အိပ်ဘူးသော သက်နှီး။ ဤအလုံးရုံသော သက်နှီးကို၊ ပုရာဏ စီဝရ ဆိုပါသည်။ ။ကင်္ခါ အဋ္ဌကထာ (၇၄)

---

၁၇၂-မေး။ ။သက်နှီးဟောင်းကို ဖွပ်ခြင်း စသော သုံးပါးရုံကို ပြုစေရာ၊ သင့်သော အာပတ် ရကို အကြောင်းပြ၍ ဖော်ပြပါ။

၁၇၂-ဖြေ။ ။တထည်သော သက်နှီး၏ သုံးကြိမ် စွန့်ခြင်း မရှိသောကြောင့်၊ သုံးပါးရုံတို့ကိုလည်း ပြုစေရာ၊ ရဟန်းအား တခုသောဝတ္ထုဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၍၊ နှစ်ပါးသော ဝတ္ထုတို့ဖြင့် ဒုက္ကဋ်သင့်ပါသည်။ ။ကင်္ခါအဋ္ဌကထာ။

---

၁၇၃-မေး။ ။အသစ်ဖြစ်သော သက်နှီး, သက်နှီးမှ တပါးသော လက်ကိုင်ပုဝါ,ချက်နှသုတ်ပုဝါ,ဘိနပ်အိတ်,သပိတ်အိတ်,စသော ပရိက္ခာရတို့ကို၊ ဘိက္ခုနီ- စသော မိန်းမ တို့ကို ဖွပ်စေရာ၊ အာပတ် သင့်-မသင့် ဆုံးဖြတ်ပါ။

၁၇၃-ဖြေ။ ။အထက်ပါပရိက္ခရာတို့ကို၊ ဘိက္ခုနီ စသော မိန်းမတို့ကိုဖွင့်စေရာ၊ အာပတ်မသင့်ပါ။ ။ ကင်္ခါအဋ္ဌကထာ(၇၇)

---

၁၇၄-မေး။ ။အညာတိကာယ ဘိက္ခုနိယာ စီဝရံ ပဋိဂ္ဂဏှေယျ-၌၊စီဝရ-အရ ဘာသ်ပြုပါ။

၁၇၄-ဖြေ။ ။စီဝရအရကား၊ ခေါမ- ကပ္ပါသိက- ကောသေယျ- ကမ္ဗလ- သာဏ- ဘင်္ဂ-ဟု ဆိုအပ်သော (၆) ထည်သော သင်္ကန်း တို့တွင်၊ တထည်ထည်သော ဝိကပ္ပနာလောက်သော သင်္ကန်းတည်း။

---

၁၇၅-မေး။ ။အညတြပါရိဝတ္တကာ-၌၊ပါရိဝတ္တကာ အရ ဖလှယ်ပုံ ဘာသ်ပြုပါ။

၁၇၅-ဖြေ။ ။အယုတ် အားဖြင့်-သျှိသျှားသီး, ဖန်ခါးသီး ဖိုင်းကိုပေး၍သော်၎င်း၊ ပေးအံ့ ဟု နှလုံးသွင်း ခြင်းကိုပြု၍၎င်း၊ဖလှယ်သည်ကိုပြု၍ အကြွင် သင်္ကန်းကို ယူ၏။ ထိုသင်္ကန်းသည် ပါရိဝတ္တကတည်း။

---

၁၇၆-မေး။ ။အညာတကဝိညတ္တိသိက္ခာပုဒ်၌၊ ဂဟပတိ- ဂဟပတာနီ- အရ၊ အဘယ် သူကို ယူရမည်နည်း။

၁၇၆-ဖြေ။ ။၎င်းသိက္ခာ ပုဒ်၌၊ ဂဟပတိ-အရ ရဟန်း သောကျသားတို့ ဒ ထိ၌ ရှင်ရဟန်း မပြုသော

လူ ယောက်ျားကို ယူရ ပါသည်။ ။ဂဟပတာနီ အရ ဘိက္ခုနီမဘို့အထံ၌ ရှင်ရဟန်း မပြုသော လူမိန်းမကို ယူရပါသည်။ ။ဂဟပတိ-ဂဟပတာနီ သဒ္ဒါ ပါသော သိက္ခာပုဒ်တို့၌၊ဤအတိုင်းချည်း ယူလေ။

---

၁၇၇-မေး။ ။အစ္ဆိန္နစီဝရ-နဋ္ဌစီဝရ ဟူသည့် အဘာယ်နည်း။

၁၇၇-ဖြေ။ ။အစ္ဆိန္န စီဝရ-ဟူသည်၊ မင်း-ခိုးသူ-အကျွဲရဏ္ဍ စသော အနှတ်မရှိသော သူတို့သည် လုယက်သော သင်္ကန်းတည်း။

နဋ္ဌ စီဝရ-ဟူသည်၊ မီးလောင်-ရေမျော-ကြွက်, ခြ, စသည်တို့ ခဲအစ်- ဝတ်ရုံ၍ ဆွေးမြည့်သော သင်္ကန်းတည်း။

---

၁၇၈-မေး။ ။သန္တရုတ္တရပရမံ-ပုဒ်ကို၊ ဝစနတ္ထပြု၍၊ ဝစနတ္ထ၏အနက်ကို ဘော်ပြပါ။

၁၇၈-ဖြေ။ ။သဒ္ဒါန္တရံ ဥတ္တရံ ပရမံ အဿ စီဝရဿာတိ သန္တရုတ္တရပရမံ။ ။ဝစနတ္ထ၏အနက်ကား၊ တဂ္ဂုဏ ာ သံဝိညာဏ ဗဟုဗ္ဗီဟိ သမာသ်တည်း။

---

၁၇၉-မေး။ ။ဥပက္ခဋသိက္ခာပုဒ်၌၊ စီဝရစေတာပန္န-အရ၊ အဘာယ်ကို ယူရမည်နည်း။

၁၇၉-ဖြေ။ ။ဥပက္ခရ သိက္ခာပုဒ်၌၊ စီဝရပေတာပန္နံ-အခရ၊ ဟိရည-သုဝဏ္ဏ- မုတ္တာ-မဏိ- ပဝါဠ-ဖါလ- ပဒုက- သုတ္တ- ကပ္ပါသ- ဤ အကပ္ပိယ- ကပ္ပိယ ဝတ္ထုတို့ကို ယူရပါသည်။

---

၁၈၀-မေး။ ။ပဌမ ဥပက္ခရ-ဒုတိယ ဥပက္ခရ- သိက္ခာပုဒ် (၂)ပါးတို့၏အထူး ဆော်ပြပါ။

၁၈၀-ဖြေ။ ။ပဌမဥပက္ခရ သိက္ခာပုဒ်၌၊ တယောက်သော သူကို နှိပ်စက် ခြင်းကို ပြုအပ်၏။ ဒုတိယ ဥပက္ခရ သိက္ခာ ပုဒ်၌၊ နှစ်ယောက်သော သူတို့ကိုနှိပ်စက်ခြင်းကိုပြုအပ်၏။ ။ဤကား အထူး။

---

၁၈၁-မေး။ ။ရာဇ သိက္ခာပုဒ်၌၊ ရာဇဘောဂ္ဂေါဝ၊, ရာဇ ဘောဂေါဝ၊, ပါဌ်နှစ်ထွေ ရှိရာ၊ အဘယ်ပါဌ် သင့်မြတ်ပါသနည်း။

၁၈၁-ဖြေ။ ။ရာဇ သိက္ခာ ပုဒ်၌၊ ရာဇဘောဂ္ဂေါဝ၊, ရာဇ ဘောဂေါဝ၊, ပါဌ်နှစ်ထွေ လုံးပင် သင့်မြတ် ပါသည်။

---

၁၈၂-မေး။ ။ရာဇဘောဂ္ဂေါ, ရာဇဘောဂေါ, ပုဒ်တို့၏ အသီးအသီး ဝစနတ္ထပြုခဲ့ပါ။

၁၈၂-ဖြေ။ ။ရာဇတောဘောဂ္ဂံ ဘုဉ္ဇိတဗ္ဗံ အဿာ အတ္ထီတိ ရာဇဘောဂ္ဂေါ။ ။ရာဇတောဘောဂေါ အဿာ အတ္ထီတိ ရာဇဘောဂေါ။

၁၇၃-မေး။ ။ရာဇ သိက္ခာ ပုဒ်၌၊ စီဝရစေတာပန္န-အရ၊ အဘယ်ကို ယူရမည်နည်း။

၁၇၃-ဖြေ။ ။ရာဇသိက္ခာပုဒ်၌၊ စီဝရစေတာပန္န-အရ၊ ငွေ အစရှိသော အကပ္ပိယ ဝတ္ထုကို ယူရပါသည်။

စီဝရစေတာပန္နန္တိ ဟိရညာဒိကံ အကပ္ပိယံ။ ။ကင်္ခါအဋ္ဌကထာ။

---

၁၇၄-မေး။ ။ကပ္ပိယကာရက ပြုလုပ် ခြင်းငှါ သင့်သော သူများကို ညွှန်ကြားခဲ့ပါ။

၁၇၄-ဖြေ။ ။ဘိက္ခု-ဘိက္ခုနီ-သာမဏေရ သာမဏေရီ-သိက္ခမာန-သိဘင်း သုံးဘော် ငါးယောက်ကိုထား၍၊ အမှတ်မရှိ တစုံတယောက်သော သူသည်၊ ကပ္ပိယ ပြုလုပ် ခြင်းငှါ သင့်ပါသည်။

---

၁၇၅-မေး။ ။ကပ္ပိယကာရကတကျိပ်ကို ရေတွက်ပြပါ။

၁၇၅-ဖြေ။ ။"မျက်မှောက် တဦး၊ ကွယ် သုံးဦး၊ အထူး ဘိက္ခုညွှန်း။ ။တဦး မျက်မှောက်၊ ကွယ် သုံးယောက်၊ မဘောက် တမန်ညွှန်း။ ။ခုဟာန်း တမန်၊ မညွှန်းပြန်၊ ဘဘာန် နှစ်ယောက်စွန်း။ ။ရာဇ မဟောသ၊ အညာတာ၊ ကျင့်ရာ ဌာနညွှန်း။ ။တကျိပ်သစ်ချာ၊ ကပ္ပိယာ၊ ကျမ်းလာ ဤသို့ထွန်း"။

၁၈၆-မေး။ ။ရောဇ သိက္ခာပုဒ်၌၊ တောင်းရုံသာ တောင်းလျှင်- ဘယ်နှစ်ကြိမ် တောင်းကောင်းမည်၊ ရပ်ရုံသာရပ်လျှင်-ဘယ်နှစ်ကြိမ် ရပ်ကောင်းမည်နည်း။

၁၈၆-ဖြေ။ ။ရောဇသိက္ခာပုဒ်၌၊ တောင်းရုံသာတောင်းလျှင် (၆)ကြိမ် တောင်းကောင်းပါသည်။ရပ်ရုံသာ ရပ်လျှင်(၁၂)ကြိမ် ရပ်ကောင်းပါသည်။ ။ ကင်္ခါအဋ္ဌကထာ(၈၂)

---

၁၈၇-မေး။ ။ရောဇ သိက္ခာပုဒ်၌၊ ယတဿ စီဝရစေတာပန္န အဘာဘတ်၊ ယတွဿ စီဝရစေတာပန္န အဘာဘတ်၊ ပါဠ်နှစ်ထွေ ရှိရာ၊ အဘယ်ပါဠ် သင့်မြတ်ပါသနည်း။

၁၈၇-ဖြေ။ ။ရောဇသိက္ခာပုဒ်၌၊ ယတဿ,ယတွဿ, ပါဠ် နှစ်ထွေသုံးပင် သင့်မြတ်ပါသည်။ ။ကင်္ခါ အဋ္ဌကထာ(၈၃)

စီဝရဝဂ် ပြီး၏။

---

## နိဿဂ္ဂိယပါစိတ်-ဒုတိယကောသိယဝဂ်။

၁၈၈-မေး။ ။လေ၌ပါလာသော ပိုးမျှင်တမျှင်ဖြင့်ရောသော အခင်းသည်၊ကောသေယျမိဿက ဖြစ်သင့်- မဖြစ်သင့် ဆုံးဖြတ်ပါ။

၁၈၈-ဖြေ။ ။လေဒ္ဒပါလာသော မိုးမျှင်တမှင်ဖြင့်ရောသော အခင်းသည်၊ ကောသေယျမိဿက ဖြစ်ပါသည်။ ။ကင်္ခါအဋ္ဌကထာ (၈၃)

---

၁၈၉-မေး။ ။ကောသေယျ မိဿက သန္ထတ-ဟူသည်၊ ရက်သော အခင်းလော၊ အဘယ် ကဲ့သို့ ပြုလုပ်သောအခင်းနည်း။

၁၈၉-ဖြေ။ ။ကောသေယျ မိဿက သန္ထတ-ဟူသည်၊ ရက်သော အခင်း မဟုတ်ပါ၊ ညီညွတ်သော မြေအတို့၌၊ မိုးမျှင်တို့ကို အဆင့်ဆင့်ဖြန့်ခင်း၍၊ ပအုံးရည် စသည့် တို့ဖြင့် သွန်းလောင်း၍၊ ပြုအပ်သောလက္ခဏာနှင့်သောအခင်းတည်း။ ။ကင်္ခါအဋ္ဌကထာ (၈၃)

---

၁၉၀-မေး။ ။ဒွေဘာဂ သိက္ခာပုဒ်၌၊ ကာဠက-သုဒ္ဓါတ-ဂေါစရိယ-ငင်း ၃-မျိုးကို ခွဲခြား၍ပြပါ။

၁၉၀-ဖြေ။ ။မည်းနက်သောအဆင်းရှိသောသိုးမွေးသည် ကာဠက၊ ဖြူသော အဆင်းရှိသော သိုးမွေး သည်-သုဒ္ဓါတ၊ ကာဠက-သုဒ္ဓါတ နှစ်ပါးကို ထား၍ ကြွင်းသော အဆင်းရှိသော သိုးမွေး ဟူသမျှသည်-ဂေါစရိယ။

---

၁၉၁-မေး။ ။နိသီဒန သန္ထတ-ဟူသည် အဘယ်နည်း။

၁၉၁-ဖြေ။ ။နိသီဒန သန္ထတ-ဟူသည် အနားရှိသော အခင်းတည်း။

နိဿိဒန သန္ထတန္တိ နိသီဒနံ နာမ သဒသံ ဝုစ္စတိ။ ။ပဒဘာဇနီ ပါဠိတော်။

---

၁၉၂-မေး။ ။ပုရာဏသန္ထတ-ဟူသည့် အဘယ်နည်း။

၁၉၂-ဖြေ။ ။တကြိမ်မျှ ထိုင်ဘူး- အိပ်ဘူးသော အခင်းသည့် ပုရာဏသန္ထတ-တည်း။

---

၁၉၃-မေး။ ။ဓွေ့ကလေးမသိက္ခာပုဒ်၌၊ တိယောဇနပရမံ-အရပ်၊ အဘယ်မှစ၍ အဘယ် တိုင်အောင် ယူရမည်နည်း။

၁၉၃-ဖြေ။ ။၎င်း သိက္ခာပုဒ်၌၊ တိယောဇန ပရမံ-အရပ်၊ ယူရာ အရပ် မှစ၍- သုံးယူဇနာ အတိုင်း အရှည် ရှိသော အရပ် တိုင်အောင် ယူရပါသည်။

---

၁၉၄-မေး။ ။တိယောဇနပရမံ သဟတ္ထာ ဟရိတဗ္ဗာနိ-၌၊ လက်ဖြင့်ဆောင်မှသာ သဟတ္ထဖြစ်သလော၊ တရံ တခုသော ကိုယ် အစိတ်ဖြင့် ဆောင်လျှင်-သဟတ္ထ ဖြစ်နိုင်ပါမည်လော။

၁၉၄-ဖြေ။ ။လက်ဖြင့် ဆောင်မှသာ-သဟတ္ထ ဖြစ်သည် မဟုတ်၊ တရံတခုသော ကိုယ် အစိတ်ဖြင့် ဆောင်လျှင်လည်း သဟတ္ထ-ဖြစ်နိုင်ပါသည်။

---

၁၉၅-မေး။ ။ယခု ကာလ အသုံးပြု- အရောင်း အဝယ် ပြုလုပ်နေသော နွတ်စက္ကူ-သွတ်မူးစေ့-ပဲစေ့-

သည်တို့ကို ကိုင် ခံ ကောင်းပါမည်လော၊ ဓာတရူပ- ရဓတ- ၂ - ပါ၊တွင်၊ အဘယ်၌ ထည့်သွင်းမည်နည်း။

၁၉၅-ဖြေ။ ။ယခု ကာလ အသုံးပြု-အချောင်း အခွက် ပြုလုပ်နေသော နှင်-စက္ကူ-သွတ်မှုးစေ့-ပဲစေ့ စသည်တို့ကို မကိုင်ခံကောင်းပါ၊ ဓာတရူပ- ရဓတ- ၂ - ပါးတွင် ရဓတ-၌ ထည့်သွင်းရသည်။ ။ကင်္ခါအဋ္ဌကထာ (၈၆)

---

၁၉၆-မေး။ ။ရူပိယသံဝေါဟာရ-ကယ-ဝိက္ကယ သိက္ခာပုဒ် ၂ -ပါး တို့၌၊နာနပ္ပကာရက သဒ္ဒါ နှစ်ခု တို့၏ အရ ထူးခြားဟန်ကို ဖော်ပြပါ။

၁၉၆-ဖြေ။ ။ရူပိယသံဝေါဟာရသိက္ခာပုဒ်၌၊နာနပ္ပကာရက-အရကား၊ ကာ-အစ ရှိသည် တို့၏ အလွမ်းဖြင့် တပါးမက များစွာသော ရွှေ-ငွေ-အစရှိသော အကပ္ပိယ ဘဏ္ဍာတည်း။ ။ ကယ-ဝိက္ကယ သိက္ခာပုဒ်၌၊ သင်္ကန်း-အစရှိကုန်သော ကပ္ပိယဘဏ္ဍာ တို့၏ အလွမ်းဖြင့် များစွာသော ဝတ္ထု တို့တည်း။ ။ကင်္ခါ အဋ္ဌကထာ (၈၇)

---

၁၉၇-မေး။ ။ကယ-ဝိက္ကယ-နှစ်ပါးတို့၏ ထူးခြားဟန်ကို ဖော်ပြပါ။

၁၉၇-ဖြေ။ ။သူတပါး၏ ပစ္စည်းဘဏ္ဍာကိုယူခြင်းသည်-ကာယ၊ မိမိ၏ပစ္စည်းဘဏ္ဍာကိုပေးခြင်းသည်-ဝိညတ်။ ။၂-ပါးအထူး။

---

၁၉၈-မေး။ ။သက်နှစသောကာယဝိညတ်နှင့်-ခဲတံ-ဗလာအစ ဧသော ကာယဝိညတ်ကို လဲရာ၊ ကာယ-ဝိညတ် လွတ်အောင် အဘယ်သို့ ပြောဆိုမည်နည်း။

၁၉၈-ဖြေ။ ။ငါတို့အား သက်နှ ရှိ၏၊ ဝိတ်ရှိ၏။ သင့်လက်ကာ-ငါတို့အား ခဲတံ-အလို ရှိ၏၊ ဗလာအစ အလို ရှိ၏-ဟု ပြောလျှင်၊ ကာယ-ဝိညတ်မှ လွတ်ပါသည်။

ဋ္ဌေကလောမဝဂ် ပြီး၏။

---

## နိဿဂ္ဂိပါစိတ်-ပဉ္စဝဂ်။

၁၉၉-မေး။ ။အဝတိရေကပတ္တော-၌၊ အဝတိရေကသဝိတ်ဟူသည် အဘယ်နည်း။

၁၉၉-ဖြေ။ ။အဝတ်ရေက သဝိတ် ဟူသည် အဓိဋ္ဌာန်မတင်အပ်၊ ဝိကပ္ပနာ မပြုအပ်သော သဝိတ်တည်း။

---

၂၀၀-မေး။ ။ဦကြွ-မဇ္ဈိမ-ဩမက-သဝိတ် (၃)လုံး တို့၏ ပမာဏကို ဆော်ပြပါ။

၂၀၀-ဖြေ။ ။သုံးပြည့် တခွက် ဝင်သော သပိတ်သည်-ဥက္ကဋ္ဌသပိတ်မည်၏။

သုံးခွက် တစလယ် ဝင်သော သပိတ်သည်-မဇ္ဈိမသပိတ်မည်၏။

သုံး စလယ်နှင့် တလမယ် ဝင်သော သပိတ်သည်-ဩမကသပိတ်မည်၏။

"သုံးပြည့်အခွက်၊ နှင်ကြီးမဲဝက်၊ ချင့်ထွက်အမှန်ထား။ ။ ဥက္ကဋ်-မဇ္ဈ၊ ဩမကး၊ နှာမအစဉ်အား"။ ။ဝိနယသံခိပ်။

၂၀၁-မေး။ ။သပိတ် (၉) လုံးသရုပ် ရေတွက်ပြပါ။

၂၀၁-ဖြေ။ ။ဥက္ကဋ္ဌ-ဥက္ကဋ္ဌုက္ကဋ္ဌ-ဥက္ကဋ္ဌဩမက (၃)လုံး၊ မဇ္ဈိမ- မဇ္ဈိမုက္ကဋ္ဌ- မဇ္ဈိမောမက (၃) လုံး၊ ဩမက - ဩမက ဥက္ကဋ္ဌ - ဩမကောမက (၃) လုံး၊ ပေါင်း (၉) လုံး။

"သုံးလုံးအနေ၊ သုံးစီဝေ၊ ကိုးတွေသပိတ်ပြား"။ ။ ဝိနယသံခိပ်။

၂၀၂-မေး။ ။သပိတ် (၉) လုံးတွင်၊ အဓိဋ္ဌာန် ဝိကပ္ပနာ လောက်သော သပိတ်ကို ဖော်ပြပါ။

၂၀၂-ဖြေ။ ။ဥက္ကဋ္ဌုက္ကဋ္ဌ-ဩမကောမက (၂) လုံးပယ်၍။ ကြွင်း (၇) လုံးသည်၊ အဓိဋ္ဌာန် ဝိကပ္ပနာ လောက်ပါသည်။

"စ,ဆုံး ကြီး,ငယ်၊ နှစ်လုံးပယ်၊ အလယ် ခုနစ်ပါး။ ။ ဓိဋ္ဌာန်ဝိကပ်၊ လောက်သည်မှတ်၊ တင်အပ် တသုံးငြား"။ (စ,ဆုံး ဆိုသည်ကား၊ အကြီးဆုံးနှင့် အငယ်ဆုံး ဆိုသည်မှတ်)။

၂၀၃-မေး။ ။သပိတ် အဓိဋ္ဌာန် ... ဒါဘပ္ပနာ ပြုသော ပါဠိကို ရေးပြပါ။

၂၀၃-ဖြေ။ ။ဣမံ ပတ္တံ အဓိဋ္ဌာမိ။ ။ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ။

---

၂၀၄-မေး။ ။ဥဒ္ဒိဿပတ္တဗ္ဗနေန ပဝေ..နှ-ဌ်၊ အဘယ်သို့ ပြုလုပ်သည်ကို ဖွဲ့သည်ဟု ဆိုပါသနည်း။

၂၀၄-ဖြေ။ ။အဓိဋ္ဌာန်တင်သော သပိတ်သည်၊ အထက် နှုတ်ခမ်းမှ စ၍ ကွဲအက်သော အရေး အကြောင်း ရှိလာခဲ့သော်၊ အရေး၏ နှစ်ဘက်၌ ရုံးနှင့်ဖေါက်၍ ကြိုးနှင့် တွယ်၍- စပ်ဖါသည်ကို ဖွဲ့သည်ဟု ဆိုသည်။

---

၂၀၅-မေး။ ။ကွဲအက်သော အရေးအကြောင်း - လက် ဘယ်နှစ်သစ်ရှိလျှင် ဘယ်နှဖွဲ့ဖွဲ့ရသနည်း။

၂၀၅-ဖြေ။ ။ကွဲအက်သော အရေးအကြောင်း - လက် နှစ်သစ်ရှိလျှင် တဖွဲ့ဖွဲ့ပါသည်။

---

၂၀၆-မေး။ ။အဖွဲ့ဘယ်နှစ်ခုရှိလျှင် သပိတ်ကို တောင်း ကောင်းပါသနည်း။

၂၀၆-ဖြေ။ ။ငါးဖွဲ့ ငါးဖွဲ့ ၂ ရှိလျှင် သပိတ်ကို တောင်း ကောင်းပါသည်။

---

၂၀၇-မေး။ ။ပတ္တပဉ္စယဉ္ဇ- အ ၊ ..ယာဘ်ခုံး သပိတ် ဟူသည် အဘယ်နည်း။

၂၀၇-ဖြေ။ ။သပိတ်ကို တောင်းသော ရဟန်း-သပိတ်ကို စွန့်ရာ၌၊ ရဟန်း တို့သည် မိမိ မိမိ၏ အဖိုးအာန် တင်သော သပိတ်ကို ယူ၍ စည်းဝေးကြရာ၊ စွန့်သောသပိတ်ကို မထေရ်ကြီးအားလှူ၊ မထေရ်ကြီး၏ သပိတ်ကို ဒုတိယ မထေရ်အားလှူ၊ ဤသို့အဆင့်ဆင့် လှူသဖြင့်၊ သံဃာ၏ သီတင်းငယ်သည် စွန့်အပ်သော သပိတ်သည်-ပဏ္ဏပရိယာယနှင့် အရ-အယုတ် ဆုံးသပိတ်တည်း။

---

၂၀၈-မေး။ ။ဘေသဇ္ဇသိက္ခာပုဒ်၌၊ အဘယ် သက္ကဝါတို့၏ ထောပတ် - ဆီဦးသည်၊ သပ္ပိ-နဝနီတ မည်သနည်း။

၂၀၈-ဖြေ။ ။အသားအပ်သော- နွားအစရှိသော သက္ကဝါတို့၏ ထောပတ်-ဆီဦးသည်၊ သပ္ပိ-နဝနီတ မည်ပါသည်။

---

၂၀၉-မေး။ ။အဘယ်တို့မှ ဖြစ်သော ဆီသည် တေလ မည်သနည်း။

၂၀၉-ဖြေ။ ။နှမ်း- မုန်ညင်းစေ့- သစ်မည်စည်စေ့- ကြက်ဆူစေ့ - အဆီခဲ စသည်တို့မှ ဖြစ်သော ဆီသည် တေလ မည်ပါသည်။

၂၁၀-မေး။ ။အဘယ်တို့သည် ပြုအပ်သော ပျားသည် မရမည်သနည်း။

၂၁၀-ဖြေ။ ။ပျားတံ၌ စွဲသော ယင်ပျား၊ မြေ သစ်ခေါင်း၌နေ၍သော ပျားငယ်၊ ပျားပိဘုန်း ဟူသော ပျားကြီး၊ရင်း (၃)မျိုးတို့သည်၊ ပြုအပ်သော ပျားသည် မရမည်ပါသည်။

---

၂၁၁-မေး။ ။အဘယ် သို့သော တင်လဲသည် ဖါဏိတ မည်သနည်း။

၂၁၁-ဖြေ။ ။ကြံရည်ကို အစပြု၍ - မချက် အပ်သည် လည်း ဖြစ်သော, ဧတ္တု အဖတ် မပါစေဘဲ ချက်အပ် သည်လည်း ဖြစ်သော, အလုံးရှိ သော ကြံအထူးသည် ဖါဏိတ မည်ပါ သည်။

---

၂၁၂-မေး။ ။ရိပ်သင်းရေခံ သက်နိုး ရှာမှီးရာခေတ်, ချုပ်ဆိုး၍ ဝတ်ရာခေတ်တို့ကို ပိုင်းခြား၍ ပြပါ။

၂၁၂-ဖြေ။ ။နယုန် လပြည့်ကျော် (၁) ရက်နေ့မှ စ၍-တန်ဆောင်မုန်းလပြည့်တိုင်အောင် (၅) လ သည်၊ ရိပ်သင်းရေခံ သက်နိုး ရှာမှီးရသော ခေတ်တည်း။ ။ဝါဆိုလဆန်း (၁) ရက်နေ့မှ စ၍ -တန်ဆောင်မုန်း လပြည့် တိုင်အောင် (၄) လခွဲ သည်၊ ရိပ်သင်းရေခံ သက်နိုး ချုပ်ဆိုး၍ ဝတ်ရာခေတ်တည်း။

၂၁၃-မေး။ ။ရဟန်း၏ ဝိကပ္ပနာ လောက်သော အယုတ်ဆုံး သင်္ကန်းကို ထား၍၊ သင်္ကန်းမှ တပါးသော ပရိက္ခရာကိုဒေါင်း, လူ့သာမဏေ၏ ဒူ... မှတ်မရှိ တရုံတရသော ပစ္စည်းကိုဒေါင်း, လုယက်သော ရဟန်းအား၊ အဘယ် အာပတ် သင့်ပါသနည်း။

၂၁၃-ဖြေ။ ။အထက် အမေး၌ ပါရှိသော ပရိက္ခရာပစ္စည်းတို့ကို လုယက်သော ရဟန်းအား၊ ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။ကင်္ခါ အဋ္ဌကထာ (၆၄)

---

၂၁၄-မေး။ ။သာမ်ံသုတ္တံ ဝိညာပေတွာ-၌၊ သုတ္တံ အရချည်အပြားကို ရေတွက်ပြပါ။

၂၁၄-ဖြေ။ ။သုတ္တံအရ - ချည်အပြားကား၊ ခေါမ-ကပ္ပါသိက- ကောသေယျ- ကမ္ဗလ- သာဏ- ဘင်္ဂ ဟူသောအနုလောမချည် (၆)ပါး။ ။ဒုကူလ- ပဋ္ဋုဏ္ဏ- သောမာရပဋ္ဋ- စီနပဋ္ဋ- ဇာန္ဒိဇ- ဒေဝဒိန္န- ဟူသော အနုလောမချည်- ၆-ပါး။ ။ပေါင်း (၁၂) ပါးတည်း။

---

၂၁၅-မေး။ ။အစ္စေကသင်္ကန်းဟူသည်၊ အဘယ်ပုဂ္ဂိုလ်တို့ လှူဒါန်းသော သင်္ကန်းနည်း။

၂၁၅-ဖြေ။ ။ခရီးသွားသောသူ၊ နာသောသူ၊ ကိုယ်ဝန်ဆောင်မိန်းမ၊အသစ်ဖြစ်သော သဒ္ဓါတရားရှိ

ကြကုန်သော ပုဂ္ဂိုလ်တို့တွင် တယောက်ယောက်သော သူသည် လျှုဒါန်းအပ်သော သက်နှင်းတည်း။ ။ကင်္ခါအဋ္ဌကထာ(၉၄)

---

၂၁၆-မေး။ ။သာသက်သိက္ခာပုဒ်၌၊ အာရညကာနိ သေနာသနာနိ-အရ၊ တောကျောင်း ဟူသည်-ရွာ၏ တံခါးခုံမှ-အဘယ်မျှ ဝေးကွာသော အရပ်၌ ဆောက်လုပ် အပ်သော ကျောင်းတို့နည်း။

၂၁၆-ဖြေ။ ။အလုံးရုတ်၏ နောက်ဆုံးဖြစ်ကုန်သော- ညှို့ တင်အပ်ပြီးသော ဆရာ၏ လေးဖြင့်- ရွာ၏ တံခါးခုံမှစ၍- ကုလလေးဘာ အပြန် ငါးရာရှိသော အရပ်၌ ဆောက်လုပ် အပ်သော ကျောင်းတို့တည်း။

(ဆရာ ခလေးမည်သည်၊ ပကတိ လူတို့ အတောင်ဖြင့် (၉)ထွာရှိ၏၊လေးညှို့တင်ပြီးသော် လေးတောင်ရှိ၏။ ။ အမှာစကား)။

---

၂၁၇-မေး။ ။အာရညက သေနာသန - တောကျောင်းမှာ နေသော ရဟန်းသည်၊ ရွာတွင်း၌ ထားသောသက်နှင်းနှင့်၊ အဘယ်မျှလောက်ကင်း၍ နေသင့်ပါသနည်း။

၂၁၇-ဖြေ။ ။အာရညက သေနာသန - တောကျောင်းမှာ နေသော ရဟန်းသည်၊ ရွာတွင်း၌ထားသော

သက်နိုးနှင့်၊ သိတင်းကျွတ် လပြည့်ကျော်-၁-ရက်နေ့ကစ၍ - တန်ဆောင်မုန်း လပြည့် အ-ထိ တသကင်း၍ နေသင့်ပါသည်။

ယံ ဂါမံ ဂေါစရံ ကတွာ၊
ဘိက္ခု ဒ-ခရညကေ ဝသေ။
တသ္မိံ ဂါမေ ထပေတုံ တံ၊
မာသမေကမ္ဘိ ဝဋ္ဋတိ။ ။

ကင်္ခါဋီကာသစ် (၂၀၂)

---

၂၁၈-မေး။ ။သံဃာ- စေတီ- ပုဂ္ဂိုလ်တို့သို့၊ ကိုယ်- နှုတ်ဖြင့် ညွတ်လေပြီးသော သံဃိက ပစ္စည်းစသည်ကို၊ တပါးသော သံဃာ - စေတီ-ပုဂ္ဂိုလ်တို့သို့ ညွတ်စေလျှင်၊ အဘယ် အာပတ်သင့်မည်နည်း။

၂၁၈-ဖြေ။ ။သံဃာ- စေတီ- ပုဂ္ဂိုလ်တို့သို့၊ ကိုယ်- နှုတ်ဖြင့် ညွတ်လေပြီးသော သံဃိက ပစ္စည်း စသည်ကို၊တပါးသော သံဃာ-စေတီ-ပုဂ္ဂိုလ်တို့သို့ ညွတ်စေလျှင်၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ ။ကင်္ခါအဋ္ဌကထာ (၉၈)

ပတ္တဝဂ် ပြီး၏။

နိဿဂ္ဂိပါစိတ်ပြီး၏။

## သုဒ္ဓပါစိတ်-မုသာဝါဒဝဂ်။

၂၁၉-မေး။ ။ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက် ပြောကြားခြင်း, ပရိယာယ် အားဖြင့် ပြောကြားခြင်း အကျိုး၌ရှိရင်း၊ ပါရာဇိက - သံဃာဒိသိသ်- အာစာရဝိပတ္တိဖြင့် စွပ်စွဲခြင်း အကျိုး၌ရှိရင်း၊ မုသား ဆိုသော ရဟန်းအား၊ သင့်သော အာပတ်အသီးအသီးတို့ကို ဖော်ပြပါ။

၂၁၉-ဖြေ။ ။ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက် ပြောကြားခြင်းအကျိုး၌ မုသားဆိုသော ရဟန်းအား ပါရာဇိက၊ ပရိယာယ် အားဖြင့် ပြောကြားခြင်း၌ မုသား ဆိုသော ရဟန်း အား- ထုလ္လစ္စည်း,ဒုက္ကဋ်၊ ပါရာဇိကဖြင့် စွပ်စွဲခြင်း၌ မုသားဆိုသောရဟန်းအား - သံဃာဒိသိသ်၊ သံဃာဒိသိသ်ဖြင့် စွပ်စွဲ ခြင်း၌ မုသားဆို သော ရဟန်းအား-ပါစိတ်၊ အာစာရ ဝိပတ္တိ ဖြင့် စွပ်စွဲခြင်း၌ မုသားဆိုသော ရဟန်း အား-ဒုက္ကဋ် အာပတ်-အသီးအသီး သင့်ပါ သည်။ ။ကင်္ခါအဋ္ဌကထာ (၉၉)

---

၂၂၀-မေး။ ။ဩမသဝါဒ(၁၀)ပါးကို ရေတွက်ပြပါ။

၂၂၀-ဖြေ။ ၁-ဇာတိ ၆-အာဗာဓ
၂-နာမ ၇-လိင်္ဂ
၃-ဂေါတ္တ ၈-ကိလေသ
၄-ကမ္မ ၉-အာပတ္တိ
၅-သိပ္ပ ၁၀-အက္ကောသ

ဤကား ဩမသ ဝါဒ (၁၀) ပါး တည်း။

**ဆောင်ပုဒ် ဂါထာ။**

ဇာတိ နာမ ဂေါတ္တ ကမ္မံ၊
သိပ္ပံ အာဗာဓ လိင်္ဂကံ။
ကိလေသာ ပတ္တိ အက္ကောသော၊
ဒသိမေဩမသဝါဒကာ။ ။

---

၂၂၁-မေး။ ဘိက္ခုနီမ- လူ- သာမဏေကို ဆဲရေးသော ရဟန်းအား၊ အဘယ် အာပတ် သင့်မည်နည်း။

၂၂၁-ဖြေ။ ဘိက္ခုနီမ- လူ- သာမဏေကို ဆဲရေးသော ရဟန်းအား၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

ယထာ တထာဝါ အနုပသမ္ပန္နံ အက္ကောသန္တဿ စ ဒုက္ကဋံ။ ။
ကင်္ခါအဋ္ဌကထာ (၉၉)

---

၂၂၂-မေး။ ဆဲရေးခြင်း၌ အလိုမရှိဘဲ - သက်သက် ပြက်ရယ် ပြုလိုသည့်၏ အဖြစ်ဖြင့်- အလုံးစုံသော ပုဂ္ဂိုလ်တို့၌ ဆဲရေးခြင်းကို ဆိုသော်၊ အဘယ်အာပတ် သင့်ပါသနည်း။

၂၂၂-ဖြေ။ ။ဆဲရေးခြင်း၌ အလိုမရှိဘဲ သက်သက်ပြက်ရယ်ပြုလိုသည့်၏ အဖြစ်ဖြင့်- အလုံးစုံသော ပုဂ္ဂိုလ်တို့၌ ဆဲရေးခြင်းကို ဆိုသော်၊ ဒုဗ္ဘာသိအာပတ် သင့်ပါသည်။

> အနက္ကောသိတု ကာမဿ ကေဝလံ
> ဒဝ ကမျတာယ ဝဒတော သဗ္ဗတ္ထ ဒုဗ္ဘာ
> သိတံ။ ။ကင်္ခါအဋ္ဌကထာ (၉၉)

“ပြက်ရယ် ပြုလို၊ ပြက်ချော်ဆို၊ ထိုသူ ဒုဗ္ဘာသိ”။ ။
ဝိနယသံခိတ်။

---

၂၂၃-မေး။ ။ဩမသဝါဒ - ပေသုည - သိက္ခာပုဒ် တို့၌၊ ဘိက္ခုနီမကို၊ ဥပသမ္ပန္န, အနုပသမ္ပန္န-နှစ်မျိုး တို့တွင်၊ အဘယ်၌ ထည့်မည်နည်း။

၂၂၃-ဖြေ။ ။ဩမသဝါဒ ပေသုညသိက္ခာပုဒ်တို့၌၊ ဘိက္ခုနီမကို - ဥပသမ္ပန္န - အနုပသမ္ပန္န - နှစ်မျိုးတို့တွင်၊ အနုပသမ္ပန္န၌ ထည့်ရပါသည်။

---

၂၂၄-မေး။ ။ပဒ- အနုပဒ - အန္ဝက္ခရ - အနုဗျဉ္ဇန တို့၏ အထူးကို ဟောပြပါ။

၂၂၄-ဖြေ။ ။တဂါထာ၌ပဌမပါဒသည်ပဒမည်၏။ ဒုတိယပါဒသည် အနုပဒမည်၏။ တလုံးတလုံးသော အက္ခရာသည်အန္ဝက္ခရမည်၏။ ပုရိမဝါကျနှင့် တူသော ပစ္ဆိမဝါကျသည် အနုဗျဉ္ဇနမည်၏။ ဤကားအထူး။ ။ကင်္ခါဋီကာသစ် (၂၀၄)

၂၂၅-မေး။ ။ပဒသော ဓမ္မ-သဟသေယျ- သိက္ခာပုဒ် နှစ်ပါးတို့၌၊ အနုပသမ္ပန္န အရ - ထူးခြားဟန်ဘော်ပြပါ။

၂၂၅-ဖြေ။ ။ပဒသောဓမ္မ သိက္ခာပုဒ်၌။ ဘိက္ခု- ဘိက္ခုနီကိုထား၍ ကြွင်းကျန်သော ပုဂ္ဂိုလ်ကို၊ အနုပသမ္ပန္န ယူရ ပါသည်။ ။သဟသေယျ သိက္ခာပုဒ်၌၊ ဘိက္ခုကိုထား၍-အဃုတ်အားဖြင့် ပါရာဇိကငွေ့လောက်သော တိရစ္ဆာန်ကိုသော်လည်း၊အနုပသမ္ပန္န ယူရပါသည်။ ။ ဤကား အထူး။

---

၂၂၆-မေး။ ။သဟသေယျ လောက်သော ကျောင်းကို ဘော်ပြပါ။

၂၂၆-ဖြေ။ ။အလုံးရုံ မိုးအပ် ကာအပ်သော ကျောင်း၊ ထက်ဝက်ထက် လွန်၍ မိုးအပ် ကာအပ်သောကျောင်းသည်၊ သဟသေယျ လောက်ပါသည်။

“ထက်ဝက်လွန်တုံ၊မိုး-ကာ-ခုံ၊လောက်လုံပါစိတ္တိ”။ ဣ

---

၂၂၇-မေး။ ။မာတုဂါမနှ သဟသေယျံ ကပ္ပေယျ-၌၊ မာတုဂါမ အရ ဘော်ပြပါ။

၂၂၇-ဖြေ။ ။ဧင်း၌၊ မာတုဂါမအရကား၊ထိုနေ့ဘွားသည်လည်းဖြစ်သော အသက်ရှင်သော လူမိန်းမကို ယူရပါသည်။

၂၂၇-မေး။ ။သေသော မိန်းမသည်၊ ပါရာဇိက ဝတ္ထု မဟုတ် ပါလော၊ အဘယ်ကြောင့် သဟာ သေယျ အာပတ်သင့်ခြင်းကို မပြုတတ်ပါ သနည်း။

၂၂၈-ဖြေ။ ။သေသောမိန်းမသည်၊ ပါရာဇိက ဝတ္ထုဖြစ် သော်လည်း၊ အနုပါဒိန္န အဘို့ရှိတည်သော ကြောင့်၊ သဟာသေယျ အာပတ်သင့်ခြင်းကို မပြုတတ်ပါ။ ။ကင်္ခါဋီကာသစ် (၂၀၉)

---

၂၂၉-မေး။ ။မြင်အခင်သော ရုပ်ရှိသော ဘီလူးမ-ပြိတ္တာ မ- ပဿူကျ- မေထုန ဝတ္ထုဖြစ်၍ ဖြစ်သော တိရစ္ဆာန်မ တို့နှင့်၊ သဟာသေယျ လောက် သော ကျောင်း၌ အတူ တကွ အိပ်လျှင် အဘယ်အာပတ် သင့်မည်နည်း။

၂၂၉-ဖြေ။ ။မြင်အခင်သော ရုပ်ရှိသော ဘီလူးမ - ပြိတ္တာ မ- ပဿူကျ- မေထုန ဝတ္ထု ဖြစ်၍ ဖြစ်သော တိရစ္ဆာန်မ တို့နှင့်၊ သဟာသေယျ လောက် သောကျောင်း၌ အတူတကွအိပ်လျှင်၊ ဒုက္ကဋ် အာပတ်သင့်ပါသည်။ ။ကင်္ခါအဋ္ဌကထာ (၁၀၁-၁၀၂)

---

၂၃၀-မေး။ ။မေဃဒေသနာ သိက္ခာပုဒ် ဥတ္တရ ဆပ္ပဋ္ဌဝါစ ပဒိ-၌၊ ဂါထာ-ရဉ္ဇယတို့၌ ဂကားတခွန်း ယူပုံ ဖော်ပြပါ။

၂၃၀-ဖြေ။ ။ဂါထာ၌-တပါဒသည် စကားတခွန်း မည်၏။ ရတ္တံကြိယာ၌ ဝိဘတ်ချင်း ပုဒ် တပုဒ်သည် စကား တခွန်းမည်၏။ ။ကင်္ခါဒီပနီ (၁၀၂) ယောဇနာ (၃၀၄)

---

၂၃၁-မေး။ ။ဘုတာရောစန, ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ် တို့၌၊ အနုပသမ္ပန္နအရ ဘော်ပြပါ။

၂၃၁-ဖြေ။ ။ဘုတာရောစန, ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ် တို့၌၊ အနုပသမ္ပန္နအရကား၊ ဘိက္ခု-ဘိက္ခုနီ တို့ကိုထား၍-တပါးသော ပုဂ္ဂိုလ်တည်း။ ။ ကင်္ခါဒီပနီ (၁၀၂)

---

၂၃၂-မေး။ ။အခရိယာ ပုဂ္ဂိုလ်- ဗျာနလာဘီ ပုဂ္ဂိုလ်တို့ အား၊ ဥမ္မတ္တကပုဂ္ဂိုလ်စသည်ဖြစ်ခြင်းရှိ- မရှိ ကိုရင်း၊ ဘုတာရောစနသိက္ခာပုဒ်၌- ဥမ္မတ္တက စသော ပုဂ္ဂိုလ်များ ယူရ- မယူရကိုရင်း ဆုံးဖြတ်ပါ။

၂၃၂-ဖြေ။ ။အခရိယာ ပုဂ္ဂိုလ် - ဗျာနလာဘီ ပုဂ္ဂိုလ်တို့ အား၊ ဥမ္မတ္တကပုဂ္ဂိုလ် စသည်ဖြစ်ခြင်းမရှိပါ။ ဘုတာရောစန သိက္ခာပုဒ်၌ ဥမ္မတ္တက စသော ပုဂ္ဂိုလ်များကို မယူရပါ။ ကင်္ခါဒီပနီ (၁၀၃)

---

၂၃၃-မေး။ ။ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၌၊ ဒုဋ္ဌုလ္လအရ- အာဘယ်အာပတ်ကို ယူရမည်နည်း။

၂၃၃-ဖြေ။ ။ဒုဗ္ဗုလ္လသာရောစန သိက္ခာပုဒ်၌၊ ဒုဗ္ဗုလ္လအာရ-
သံဃာဒိသိသ်အာပတ်ကို ယူရပါသည်။ ။
ကင်္ခါအဋ္ဌကထာ (၁၀၃)

---

၂၃၄-မေး။ ။ဒုဗ္ဗုလ္လရောစန သိက္ခာပုဒ်၌၊ ဝတ္ထုနှင့်မစပ်
ဘဲ - အာပတ် သက်သက် ပြောကြားလျှင်၊
ပါစိတ်အာပတ် သင့်-မသင့် ဆုံးဖြတ်ပါ။
၂၃၄-ဖြေ။ ။ဒုဗ္ဗုလ္လသာရောစန သိက္ခာပုဒ်၌၊ ဝတ္ထုနှင့် မစပ်
ဘဲ- အာပတ် သက်သက် ပြောကြားလျှင်၊
ပါစိတ်အာပတ် မသင့်ပါ။

---

၂၃၅-မေး။ ။သံဃာဒိသိသ်မှတပါး- အာပတ် (၄) ပုံတို့
ကိုဖြစ်း၊ သာမဏေ၏ - ဒုဗ္ဗုလ္လ - အဒုဗ္ဗုလ္လ
အဇ္ဈာစာရကိုဖြစ်း၊ ပြောကြားသော ရဟန်း
အား၊ အဘယ်အာပတ် သင့်မည်နည်း။
၂၃၅-ဖြေ။ ။သံဃာဒိသိသ်မှ တပါး-အာပတ် (၄) ပုံတို့
ကိုဖြစ်း၊ သာမဏေ၏ ဒုဗ္ဗုလ္လ - အဒုဗ္ဗုလ္လ
အဇ္ဈာစာရကိုဖြစ်း၊ ပြောကြားသော ရဟန်း
အား၊ ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။
ကင်္ခါအဋ္ဌကထာ (၁၀၃)

---

၂၃၆-မေး။ ။ပထဝီခဏနသိက္ခာပုဒ်၌၊ ပထဝီအပြားကို
ဘော်ပြပါ။
၂၃၆-ဖြေ။ ။ပထဝီ အပြားကား။ (၁) ဇာတ ပထဝီ၊
(၂) အဇာတပထဝီ ၂-ပါးတည်း။

၂၃၇-မေး။ ။ဓာတုပထဝီ အပြားကိုရင်း၊ ၎င်းတို့၏ ထူးခြားဟန်ကိုရင်း၊ဘော်ပြပါ။

၂၃၇-ဖြေ။ ။ဓာတုပထဝီ အပြားကား၊ (၁) သုဒ္ဓပထဝီ၊ (၂) မိဿ ပထဝီ၊ (၃) ပုဥ္ဇ ပထဝီ ၃-ပါးတည်း။ ။ထူးခြားဟန်ကား၊ သက်သက်သော မြေရန့်သည် လည်းကောင်း၊ သက်သက်သော မြေစိုင်သည်လည်းကောင်း၊သုဒ္ဓပထဝီတည်း။ ။မြေရန့်မှ လည်းကောင်း၊ မြေစိုင်မှလည်းကောင်း၊ ကျောက်- ကျောက်စရစ်- အိုးခြမ်း- ကျောက်ပြုတ်- သဲတို့တွင်-တခုခု၏ သုံးဘို့တဘို့ ရောသော မြေသည်၊ မိဿပထဝီတည်း။ ။လေးလထက်အလွန် ရိုးလ်းဖြင့်စွတ်သော မြေရန့် အစုသည်လည်းကောင်း၊ မြေစိုင် အစုသည်လည်းကောင်း၊ ပုဥ္ဇပထဝီတည်း။

---

၂၃၈-မေး။ ။အဘယ်မြေမျိုးသည် အဓာတ ပထဝီဖြစ်သနည်း။

၂၃၈-ဖြေ။ ။မီးလောင်သော မြေသည် လည်းကောင်း၊ ဆိုအပ်ပြီးသော သုံးဘို့ဘဘို့ ပမာဏထက် အထူးသဖြင့် လွန်သော ကျောက် အစရှိသည်နှင့် ရောသော မြေသည်လည်းကောင်း၊

သက်သက်သော ကျောက် အစ ရှိသည့်
လည်းကောင်း၊ အဓောတပထဝီဖြစ်သည်။

---

၂၃၉-မေး။ ။ဓောတပထဝီ - အဓောတ ပထဝီ (၂) ပါးတို့
တွင်၊ အဘယ်မြေသည် မတူးကောင်းသော
အကပ္ပိယမြေဖြစ်၍၊ အဘယ်မြေသည် တူး
ကောင်းသော ကပ္ပိယမြေ ဖြစ်သနည်း။

၂၃၉-ဖြေ။ ။ဓောတ ပထဝီမြေသည်၊ မတူးကောင်းသော
အကပ္ပိယမြေ ဖြစ်သည်။ ။အဓောတပထ
ဝီမြေသည်၊ တူးကောင်းသော ကပ္ပိယမြေ
ဖြစ်သည်။

---

၂၄၀-မေး။ ။ထက်ဝက်သော ကျောက်စသည်နှင့် ရော
သောမြေကို တူးလျှင်၊ အဘယ် အာပတ်
သင့်ပါသနည်း။

၂၄၀-ဖြေ။ ။ထက်ဝက်သော ကျောက် စသည်နှင့် ရော
သောမြေကို တူးလျှင်၊ ပါစိတ်အာပတ် သင့်
ပါသည်။ ။ကင်္ခါဂဏ္ဌိ (၂၆၂)

---

၂၄၁-မေး။ ။ပထဝီခဏနသိက္ခာပုဒ်၌၊ အာပတ်မှ လွတ်
အောင် အဘယ်သို့ ပြောဆို စေခိုင်းမည်
နည်း၊

၂၄၁-ဖြေ။ ။“ကပ္ပိယံကရောဟိ၊ဒေဟိ-ဓာနု၊အာဟာရ-
အဇ္ဈော၊ဤအပြော၊ အပ်သော ပြုလုပ်ခွင့်”-
ဟူသည်နှင့်အညီ၊ ဤမြေကိုကပ္ပိလော့။ ဤမြေ

ရာ၌ တွင်းကင်ငါးလော့။ ဤမြေကို ယူ၍ပေးလော့။ ဤမြေကို ဆောင်ခဲ့လော့။ ဤမြေဖြင့် အလို ရှိသည်။ ဤသို့ ပြောဆို စေခိုင်းလျှင် အာပတ်မှ လွတ်သည်။

မုသာဝါဒဝဂ် ပြီး၏။

## သုဒ္ဓပါစိတ်- ဘူတဂါမဝဂ်။

၂၄၂-မေး။ ။ဘူတဂါမဟူသည် အဘယ်ကိုခေါ်သနည်း။

၂၄၂-ဖြေ။ ။ဗီဇဂါမ ငါးမျိုးတို့မှ ပေါက်ပေါက်ရောက်၍ ထိုအပင်၌ မိမိစိုသော သဘောနှင့်တကွ ကြီးပွါးမှု, အရွက် အညွန့် ပေါက်ရောက်မှု ရှိနေသော နွယ်သစ်ပင် ချုံတို့ကို ဘူတဂါမ ခေါ်သည်။

၂၄၃-မေး။ ။ဗီဇဂါမ ၅-ပါးကိုရေတွက်၍ ၎င်းဗီဇဂါမကို ဖျက်ဆီး လျှင် အဘယ် အာပတ် သင့်ပါသနည်း။

၂၄၃-ဖြေ။ ။ဗီဇဂါမ(၅)ပါးကား၊ (၁) မူလဗီဇ၊ (၂) ခန္ဓဗီဇ၊ (၃) ဖဠုဗီဇ၊(၄)အဂ္ဂဗီဇ၊ (၅) ဗီဇဗီဇ၊ (၅)ပါးတည်း။ ။၎င်းဗီဇဂါမကိုဖျက်ဆီးလျှင်၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

"ပင်စည်-အမြစ်၊ အဆစ်-ညွန့်ဖျား၊ အစေ့အား၊ ငါးပါးဗီဇဂါမ်။ ။ဖျက်ဆီး ဘိုသော်၊ သင့်ဒုက္ကဋ်၊ ငါးရစ် လွှတ်ကြောင်းဘန်"။ ။ဝိနယသံခိပ်။

၂၄၄-မေး။ ။ကပ္ပိခြင်းသည် ဘယ်နှစ်မျိုး ရှိသနည်း။

၂၄၄-ဖြေ။ ။"ဗီး-ထား-လက်သဲ၊ ကပ္ပိနဲ့၊ နှဲဆဲ ပယ်နုတ်ခံ။ ။လူ သာမဏော၊ ကပ္ပိစေ၊ လွတ်လေ မျိုးသန္တာန်"-ဟူသော ဝိနယသံဂိဟ်နှင့်အညီ၊ (၁) မီးဖြင့်ကပ္ပိစေခြင်း၊ (၂) ထားဖြင့်ကပ္ပိစေခြင်း၊ (၃) လက်သည်းဖြင့် ကပ္ပိစေခြင်း၊ (၄)မျိုးမရလောက်အောင် နှဲခြင်း၊(၅)အစေ့မျိုးကို မပျက်စေ ရအောင် အသီး အခြား ထုတ်နုတ် ပယ်ရှား၍ ရကောင်းခြင်း၊ ငါးပါးတည်း။

---

၂၄၅-မေး။ ။ထား-လက်သည်းတို့ဖြင့် ကပ္ပိရာ၊ အဘယ်လိုဖြစ်မှ ကပ္ပိခြင်း ကံမြောက်မည်နည်း။

၂၄၅-ဖြေ။ ။ထား-လက်သည်း တို့ဖြင့် ကပ္ပိရာ၊ ပြတ်ရာ ပေါက်ရာ ထင်မှသာ၊ ကပ္ပိခြင်း ကံမြောက်သည်။

**"ပြတ်ရာ ပေါက်ရာ၊ထင်မှသာ၊ မြောက်ရာ-ထား-လက်-ကံ"။ ။ဝိနယသံဂိဟ်။**

---

၂၄၆-မေး။ ။ဥတ္တိ ဒုတိယ ကံဖြင့်- အညာဝါဒက ဝိဟေသကကံကို ပြုပြီးမှ-အညဝါဒကဝိဟေသက အမှုကို ပြုသော ရဟန်းအား သင့်သော အာပတ်၊ အညဝါဒက ဝိဟေသက ကံကို

မပြုမီ - အညဝါဒက ဝိဟေသက အမှုကို ပြုသော ရဟန်းအား သင့်သော အာပတ် အသီးသီးကို ဘော်ပြပါ။

၂၄၆-ဖြေ။ ။ကံကိုပြုပြီးမှ အညဝါဒကဝိဟေသက အမှုကိုပြုသော ရဟန်းအား ပါစိတ် အာပတ် သင့်ပါသည်။ ။ကံကို မပြုမီ-အညဝါဒက ဝိဟေသက အမှုကို ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။ကင်္ခါ အဋ္ဌကထာ(၁၀၇)

---

၂၄၇-မေး။ ။ဥဇ္ဈာပနက-ခိယျနက(၂)ပါးတို့၏ ထူးခြားဟန် ဘော်ပြပါ။

၂၄၇-ဖြေ။ ။ရဟန်း တပါးကို အယုတ် အားဖြင့် သိစေခြင်းငှါ သူတပါးတို့အား ထိုရဟန်း၏ကျေးဇူးမဲ့ကိုဆိုခြင်းသည် ဥဇ္ဈာပနက မည်၏။ ။ သူတပါး တို့အား မသိစေမူ၍ အချင်းချင်း ပြောဟောခြင်း၏အစွမ်းအားဖြင့်ထိုရဟန်း၏ အပြစ်ကို ပြခြင်းသည် ခိယျနက မည်၏။

အကျဉ်းအားဖြင့်ကား၊မျက်မှောက် ကဲ့ရဲ့သောစကားသည် ဥဇ္ဈာပနက မည်၏။ ။ မျက်ကွယ်ကဲ့ရဲ့သော စကားသည် ခိယျနက မည်၏။ ။ဤကားအထူး။ ။ကင်္ခါယောဇနာ-တတိယ (၁၅၁)

၂၄၈-မေး။ ။လူ့သာမဏေအား ကဲ့ရဲ့ရှုတ်ချသောစကားကိုဆိုလျှင်အဘယ်အာပတ်သင့်မည်နည်း။

၂၄၈-ဖြေ။ ။လူ့သာမဏေအား ကဲ့ရဲ့ရှုတ်ချသောစကားကိုဆိုလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

၂၄၉-မေး။ ။သံယုတ် မဋ္ဌံ ဝါ ပိဋ္ဌံ ဝါ-၌၊မဋ္ဌ-ပိဋ္ဌ-ပုဒ်တို့ကို ဝစနတ္ထ ပြခဲ့ပါ။

၂၄၉-ဖြေ။ ။မဋ္ဌတိ ပုဂ္ဂလံ ခာဒေတီတိ မဋ္ဌော။ ။ပိဋ္ဌတိ ဝိသမဒုက္ခံ ဟိံသတီတိ ပိဋ္ဌံ။ ။ဝစနတ္ထ။

၂၅၀-မေး။ ။မဋ္ဌနှင့် ပိဋ္ဌ အထူးကို ဖော်ပြပါ။

၂၅၀-ဖြေ။ ။အဲလျား(၄)တောင်ထွာ(၄)တောင်ပမာဏရှိသည်ကား ညောင်စောင်း။ ထိုအောက်တိုသော ယုတ်သော အလျား ရှိသည်ကား အင်းပျဉ်၊ ။အထူး။

စတုဟတ္ထဝိတ္ထာဓိကစတုဟတ္ထာယာမပမာဏော မဋ္ဌော၊ တတော ဦနပ္ပမာဏော ပိဋ္ဌန္တိ အယာ မေတေသံ ဝိသေသော။ ။ ကင်္ခါယောဇနာ-တတိယ (၃၅၄)

၂၅၁-မေး။ ။မဋ္ဌ-ပိဋ္ဌ တို့၏ အပြားကို ဖော်ပြပါ။

၂၅၁-ဖြေ။ ။မဋ္ဌ-ပိဋ္ဌ တို့၏ အပြားကား၊ (၁) မသာရက၊ (၂)ဗုန္ဒိကာဗဒ္ဓ၊ (၃) ကုဠီရပါဒက၊ (၄)အာဟစ္စပါဒက၊လေးပါးစီတည်း။

၂၇၂-မေး။ ။ဘိသိ-ပုဒ်ကို ဝစနတ္ထပြု၍၊ ၎င်းအပြားကို ဖော်ပြပါ။

၂၇၂-ဖြေ။ ။ပြ။ ဝဋ္ဋော ဇေတီသံ ဘိဒ္ဒန္တိတိ ဘိသိ။ ။ ဝစနတ္ထ။

ဘိသိ-အပြားကား၊ (၁) ဥဏ္ဏာ ဘိသိ၊ (၂) စောဠဘိသိ၊ (၃) ဝါကဘိသိ၊ (၄) တိဏ ဘိသိ၊ (၅) ပဏ္ဏဘိသိ၊ ငါးပါးတည်း။

''သားမွေး-ပုဆိုး၊ လျှော်မျိုး တချက်၊ မြက်-သစ်ရွက်၊ ကျမ်းထွက် ဘုံသျှိုငါး''။

---

၂၇၃-မေး။ ။အဘယ်သို့ပြုလုပ်သောအခင်းကို ဘိသိ-ဟု ဆိုရမည်နည်း။

၂၇၃-ဖြေ။ ။အမှတ် မရှိသော ပုဆိုးကြမ်း ဖြင့်၎င်း-အခပ် သော အရေဖြင့်၎င်း အလွှမ်း ပြု၍၊ လူမွေး-သက်သက်သော ပန်းညို ရှက်ကို ထား၍ အမှတ် မရှိသော အမွေး- အရွက်- မြက်- လျှော်-ပုဆိုး တို့ဖြင့် ပြည့်စေ၍ ပြုအပ်သော အခင်းကို ဘိသိ-ဟု ဆိုရပါသည်။

---

၂၇၄-မေး။ ။အဗ္ဗောကာသေ သန္ထရိတွာဝါ-၌၊ အဗ္ဗောကာသ-အရ၊အဘယ်ကိုယူရမည်နည်း။

၂၇၄-ဖြေ။ ။သံဃိက မဏ္ဍပ်ဌာ မခင်း ကောင်းသော အရပ်- ကာလ- အလုံးရုံကို အဗ္ဗောကာသ ယူရပါသည်။

၂၉၅-မေး။ ။ဒုတိယသေနာသန သိက္ခာပုဒ်၌၊ သံဃိကေ ဝိဟာရေ-ပါဌ်အရ၊ ဝိဟာရကိုဖော်ပြပါ။

၂၉၅-ဖြေ။ ။တိုက်- အမှတ်မရှိ အလုံးရုံ အကာ ရှိသော လုံခြုံသောကျောင်းသည် ဝိဟာရတည်း။

---

၂၉၆-မေး။ ။ဒုတိယ သေနာသန သိက္ခာပုဒ် - သေယျံ သန္ထရိတွာဝါ-၌၊ သေယျ-အရ၊ ရသင့်သမျှ ဖော်ပြပါ။

၂၉၆-ဖြေ။ ။သေယျံသန္ထရိတွာဝါ-၌၊ သေယျ-အရကား၊ (၁) ဘိသိ၊ (၂) စိမိလိကာ၊ (၃) ဥတ္တရတ္ထရဏာ၊ (၄) ဘူမတ္ထရဏာ၊ (၅) တဋ္ဋိကာ၊ (၆)စမ္မက္ခဏ္ဍာ၊ (၇)နိသီဒန၊ (၈)ပစ္စတ္ထရဏာ၊ (၉) တိဏသန္ထာရ၊ (၁၀) ပဏ္ဏသန္ထာရ၊ ဆယ်ပါးတည်း။

---

၂၉၇-မေး။ ။နိက္ကဍ္ဎနသိက္ခာ ပုဒ်၌၊ ကုပိတ-အနတ္တမန-နှစ်ပုဒ်ကို ဝစနတ္ထ ပြခဲ့ပါ။

၂၉၇-ဖြေ။ ။ကုပ္ပတီတိ ကုပိတော။ ။အတ္တနော မနော အတ္တမနော။ ။နတ္ထိ အတ္တမနော ဧတဿာတိ အနတ္တ မနော။ ။ကင်္ခါ ယောဇနာ (၃၈၀-၃၈၁)

---

၂၉၈-မေး။ ။သာမဏေကို၊ ကုပိတ-အနတ္တမန စိတ်ဖြင့် သံဃိက ကျောင်းမှ နှင်ထုတ်လျှင် အဘယ် အာပတ် သင့်မည်နည်း။

၂၅၇-ဖြေ။ ။သာမဏေကို၊ ကုပိတ-အနတ္တမန စိတ်ဖြင့် သံဃိက ကျောင်းမှ နှင်ထုတ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။ကင်္ခါ (၁၁၂)

---

၂၅၈-မေး။ ။ဘဏ္ဍန ကာရက - ကလဟ ကာရက-ရဟန်းများကို၊သံဃိက တိုက်-တာ-အရပ်မှ နှင်ထုတ်လျှင်၊ နိက္ကဍ္ဎန သိက္ခာပုဒ်-ပါစိတ် အာပတ်မှ လွတ်ပါမည်လော။

၂၅၉-ဖြေ။ ။ဘဏ္ဍန ကာရက-ကလဟ ကာရက-ရဟန်း များကို၊ သံဃိက တိုက်- တာ- အရပ်မှ နှင်ထုတ်လျှင်၊ နိက္ကဍ္ဎန သိက္ခာပုဒ်- ပါစိတ် အာပတ်မှလွတ်ပါသည်။ ။ကင်္ခါ(၁၁၂)

---

၂၆၀-မေး။ ။ဝေဟာသကုဋီ-ဟူသည် အဘယ်နည်း။

၂၆၀-ဖြေ။ ။ဘုံ- ၂ - ဆင့်- ၃ - ဆင့် ရှိသော ကျောင်း၌ အထက်ဘုံတွင် ယက်မလျှို၍ ဆင့်သားခံပြီးလျှင်၊ ပျဉ်ကြမ်းမခင်းမစီးဘဲ ညောင်စောင်း အင်းပျဉ် တင်၍သာ သုံးဆောင်သော ကုဋီ တည်း။

ဥပရိဝေဟာသ ကုဋိယာတိ ဥပရိအစ္ဆန္န တလာယ ဒွိဘူမိကကုဋိယာ ဝါ တိဘူမိက ကုဋိယာ ဝါ၊ ။ကင်္ခါအဋ္ဌကထာ။

---

၂၆၁-မေး။ ။ဘူတဂါမ ဝဂ်၊ မဟလ္လကံ ပန ဘိက္ခုနာ ဝိဟာရံ-ပါဠိ၌၊ မဟလ္လက-ဟူသည်၊အလျား

အနံ ကြီးသည်ကို ဆိုပါသလော။ အဘယ် ပါနည်း။

၂၆၁-ဖြေ။ ။မဟာလွက-ဟူသည်၊အလျားအနံ ကြီးသည် ကိုမဆိုပါ၊ ဆောက်လုပ်သူ ဒါယကာနှင့်သော သဿာမိကကို ဆိုပါသည်။

မဟာလ္လကန္တိ သဿာမိကံ။ ။ကခ်ီ။

---

၂၆၂-မေး။ ။ဘူတဂါမဝဂ်-မဟာလ္လကသိက္ခာပုဒ်၌၊ဝိဟာရ အရကား အဘယ်နည်း။

၂၆၂-ဖြေ။ ။ငင်းသိက္ခာပုဒ်၌၊ဝိဟာရ-အရကား၊ ဥလ္လိတ္တ- အဝလိတ္တ-ဥလ္လိတ္တာဝလိတ္တ-သုံးပါး တို့တွင် တပါးပါးတည်း။

ဝိဟာရန္တိ ဥလ္လိတ္တာဝလိတ္တံ - ဟူသော ကခ်ီ ပါဌ်ဖြင့်၊ ဥလ္လိတ္တ- စသည် တို့တွင် တပါးပါး ယူစေလိုသည်။

---

၂၆၃-မေး။ ။အာလောကသန္ဓိ-ပုဒ်ကို၊ ဝစနတ္ထ ပြု၍ အရ ကောက်ပြပါ။

၂၆၃-ဖြေ။ ။အာလောကံ သန္ဓေတိ ပိဒေတိတိ အာလော ကသန္ဓိ။ ။ဝစနတ္ထ။

အရကား၊လေသာဘင်ခါးရွက် ရ၏။

---

၂၆၄-မေး။ ။မဟာလ္လကသိက္ခာပုဒ်-အပ္ပဟရိတေဌိတေန- ပါဌ်၌၊ဟရိတ-အရ အဘယ်ကို အလိုရှိအပ် ပါသနည်း။

၂၆၄-ဖြေ။ ။ဟာရိတ-အခရကား၊ စပါးမျိုးခုနစ်ပါး စသည် အပြားရှိသော ကောက်မျိုးကိုရင်း၊ ပဲနောက်-ပဲကြီး-နှမ်း-ကုလားပဲ-မှုံ-ဖရုံ စသည် အပြားရှိသောပဲ မျိုးကိုရင်း အလိုရှိအပ်ပါသည်။ ။ ကန်ါ (၁၁၄)

ဘုတဂါမဝဂ် ပြီး၏။

---

## သုတ္တပါဠိတော်-ဘိက္ခုနီဝိဘင်္ဂ။

၂၆၅-မေး။ ။ဩဝါဒသိက္ခာပုဒ်၌၊ ဘိက္ခုနီဩဝါဒကအင်္ဂါ (၈)ပါးကို ရေတွက်လိုက်ပါ။

၂၆၅-ဖြေ။ ။(၁) သီလရှိခြင်း။

(၂) အကြားအမြင်များခြင်း။

(၃) ဝိဘင်းနှင့်တကွ-၂-ပါးသောမာတိကာ နှုတ်၌လာခြင်း။

(၄) ကောင်းသောစကားရှိခြင်း။

(၅) များသောအားဖြင့် ဘိက္ခုနီမတို့ ချစ်ခြင်း။

(၆) ဘိက္ခုနီမ တို့အား ဆုံးမ ခြင်း၌ စွမ်းနိုင်ခြင်း။

(၇) လူဖြစ်သော အခါ ဘိက္ခုနီမတို့၌ ကာယသံသဂ္ဂသို့၊ သိက္ခမာန်-သာမဏေမ တို့၌ မေထုန် သံဝါသသို့ မရောက်ဘူးခြင်း။

(ဂ) ဝါ-၂၀, ၂၀-ထက် အလွန်ရှိခြင်း။
ဤကား (၈) ပါးတည်း။

**အကျဉ်း ဆောင်ပုဒ်။**

သိလံ သုတဥ္စ သွာဂတံ၊
ဝါစော ဝိယော ပဋိဗလော။
နစ္စာပဋ္ဌော ဝိသာဝိကော၊
ဘိက္ခုနောဝါဒကင်္ဂမေ။ ။

---

၂၆၆-မေး။ ။ဂရုဓံ(၈)ပါးကို ရေတွက်ပြပါ။
၂၆၆-ဖြေ။ ။(၁) ဝဿသတ၊ (၅) မာနတ္တ၊
(၂) အဘိက္ခုက၊ (၆) ဥပသမ္ပဒေသာ၊
(၃) ပဝ္ဝာသိသာ၊ (၇) နက္ကောသ၊
(၄) ပဝါရဏာ၊ (၈) ဩဝဒ၊
ဂရုဓံ (၈) ပါး။

**ဆောင်ပုဒ် ပါဠိ။**

ဝဿသတ မဘိက္ခုကံ၊
ပဝ္ဝာသိသာ ပဝါရဏာ။
မာနတ္တ ပသမ္ပဒေသာ၊
နက္ကောသော ဩဝဒော ဂရု၊ ။

---

၂၆၇-မေး။ ။ဘိက္ခုနုပဿယံ ဥပသင်္ကမိတွာ-၌၊ ဘိက္ခုနီမ အဘာယ် မျှလောက် ကြာမြင့်အောင် နေသော အရပ်ကို။ ဘိက္ခုနုပဿယ-ယူရ မည်နည်း။

၂၆၇-ဖြေ။ ။ဘိက္ခုနီမသည်၊ တည်၍မျှနေသောအရပ်ကိုလည်း၊ ဘိက္ခုနုပဿယ ယူရပါသည်။

ဘိက္ခုနုပဿယန္တိ ဘိက္ခုနိယော ဧကရတ္တံ ဝသနဋ္ဌာနမ္ပိ။ ။ကင်္ခါအဋ္ဌကထာ။

---

၂၆၈-မေး။ ။ဘိက္ခုနောဝါဒဝဂ်- တတိယ သိက္ခာပုဒ်၌၊ ဂိလာန-အရ ဘော်ပြပါ။

၂၆၈-ဖြေ။ ။ဩဝါဒ- သံဝါသ အလို့ငှါ- သွားခြင်းငှါ မစွမ်းနိုင်သော ဘိက္ခုနီမသည် ဂိလာန-အရ ဖြစ်ပါသည်။

---

၂၆၉-မေး။ ။ဘိက္ခုနုပဿယံ- ပါဠ်၌၊ ဥပဿယ- ကို ဝစနတ္ထပြုခဲ့ပါ။

၂၆၉-ဖြေ။ ။ဥပဿယန္တိ ဧတ္ထာတိ ဥပဿယော။

---

၂၇၀-မေး။ ။အာမိသ ဟောတု- ပါဠ်၌၊ အာမိသ- ပုဒ်ကို ဝစနတ္ထပြုခဲ့ပါ။

၂၇၀-ဖြေ။ ။ကိလေသေဟိ အာမသိတဗ္ဗန္တိ အာမိသံ။

---

၂၇၁-မေး။ ။ဘိက္ခုနောဝါဒဝဂ်-ဆဋ္ဌ သိက္ခာပုဒ်၌၊ စီဝရ အရ ဘော်ပြပါ။

၂၇၁-ဖြေ။ ။စီဝရ- အရကား၊ ဝတ်ရုံ လောက်သော သင်္ကန်းတည်း။

စီဝရန္တိ နိဝါသနပါရုပနုပဂံ။ ။ကင်္ခါ။

၂၇၂·မေး။ ။နာဝါဘိရုဟာန - သိက္ခာ ပုဒ်၌၊ ဥဒ္ဓံဂါမိနိံ- အဓောဂါမိနိံ ပုဒ်တို့ကို ဝစနတ္ထပြုခဲ့ပါ။

၂၇၂·ဖြေ။ ။ဥဒ္ဓံ ဂစ္ဆတီတိ ဥဒ္ဓံဂါမိနီ။ ။အဓော ဂစ္ဆတီတိ အဓောဂါမိနီ။

---

၂၇၃-မေး။ ။ဂိဟိ သမာစရိဿ-ပါဌ်၌၊ သမာစရိဿ-ပုဒ်ကို ဝစနတ္ထပြုခဲ့ပါ။

၂၇၃-ဖြေ။ ။သမာ အာစရတိဘာဝေါတိ သမာစရိဿော။

---

၂၇၄-မေး။ ။ဘိက္ခုနောဝါဒဝဂ်-ဒသမ သိက္ခာ ပုဒ်သည်၊ ဒုတိယအနိယတ သိက္ခာပုဒ် နှင့်၎င်း, အစေလကဝဂ်·ဥပနန္ဒ၏ စတုတ္ထ သိက္ခာပုဒ်နှင့်၎င်း, တူသော အပိုင်းအခြား ရှိလျက်၊ အဘယ်၏ အစွမ်းဖြင့် အသိး ပညတ်တော်မူသနည်း။

၂၇၄-ဖြေ။ ။အတ္ထုပ္ပတ္တိ၏အစွမ်းဖြင့် အသိးပညတ်တော်မူသည်။ ။ဘိက္ခုနောဝါဒဝဂ် ပြီး၏။

---

သုဒ္ဓပါစိတ်-ဘောဇနဝဂ်။

၂၇၅-မေး။ ။ဘောဇနဝဂ်-ပဉ္စမ သိက္ခာပုဒ်၌၊ အဂိလာန အရ-အဘယ်မှသောက် ခရီးသို့သွားခြင်း၌ စွမ်းနိုင်သောရဟန်းကို ယူရမည်နည်း။

၂၇၅-ဖြေ။ ။၎င်းသိက္ခာပုဒ်၌၊ အဂိလာန-အရ၊ ယူဇနာခွဲ ခရီး၊သို့မဟုတ်နှစ်ဂါဝုတ်ခရီးသို့သွားခြင်း၌ စွမ်းနိုင်သောရဟန်းကို ယူရပါသည်။

၂၇၆-မေး။ ။အာဝသထပိဏ္ဍ- ဟူသည်၊ အဘယ်သို့သော ဘောဇဉ်နည်း။

၂၇၆-ဖြေ။ ။အာဝသထပိဏ္ဍ-ဟူသည်၊စရပ်စသည်တို့၌ မရည်ညွှန်းမူ၍ အလိုရှိတိုင်း ထားအပ်သော ဘောဇဉ် ငါးပါး တို့တွင် တပါးပါးသော ဘောဇဉ်တည်း။

---

၂၇၇-မေး။ ။ဂဏ ဘောဇန သိက္ခာပုဒ်၌- ဂဏ-အရ၊ အဘယ်မျှလောက်သော ရဟန်းတို့ကို ယူရမည်နည်း။

၂၇၇-ဖြေ။ ။ဤ သိက္ခာပုဒ်၌ ဂဏ-အရကား၊ လေးယောက်, လေးယောက်ထက် အလွန်ရှိသော ရဟန်းတို့ကို ယူရပါသည်။

ဣဓစ ဂဏောတိ စတ္တာရောဝါ တတုတ္တရိ ဝါ ဘိက္ခူ။ ။ကင်္ခါ။

---

၂၇၈-မေး။ ။ဂဏဘောဇဉ်-ဟူသည် အဘယ်နည်း။

၂၇၈-ဖြေ။ ။လေးယောက်, လေးယောက်ထက် အလွန်ရှိကုန်သောရဟန်းတို့အား မအပ်သောဘိတ်ခြင်းအားဖြင့်၎င်း,တောင်းသောအားဖြင့်၎င်း, ရအပ်သော- ဩဒန- သတ္တု- ကုမ္မာသ- မစ္ဆ- မံသ-ဟု ဆိုအပ်သော ဘောဇဉ် (၅)ပါး တို့တွင် တပါးပါးသောဘောဇဉ်တည်း။ ။ကင်္ခါ(၁၂၁)

၂၇၃-မေး။ ။ဂဏာဝေါဒနေ သိက္ခာပုဒ်၌၊ ဂိလာန စသော သမယ(၇)ပါး အထူးကို ဝေဘန် ပိုင်းခြားခဲ့ပါ။

၂၇၃-ဖြေ။ ။(၁)ခြေ တို့၏လည်း ကွဲသည်၏ အဖြစ်ကြောင့် ဆွမ်းအလို့ငှါ လှည့်လည်ခြင်းငှါ မစွမ်း နိုင်သော အခါသည် ဂိလာန သမယတည်း။

(၂) ကထိန်ခင်းသော ရဟန်းတို့အား ၁းငါးလ၊ ကထိန် မခင်းသော ရဟန်း တို့အား ကတ္တိကမာသ၊ ဤအခါသည် စီဝရဒါန သမယတည်း။

(၃) အကြွင်- ရဟန်း- သင်္ကန်းကို ပြုအပ်သည် ရှိသော်၊ တစုံတခု သားလျှော်ဖြစ်သော သင်္ကန်း၌ ပြုအပ်သော အမှုကို ပြုသော အခါသည် စီဝရကာရ သမယတည်း။

(၄) ယူနေသခွဲ ခရီး သို့လည်း သွားခြင်းငှါ အလို့ရှိ- သွားဆဲ- သွားပြီး အခါသည် အဒ္ဓါန ဂမနသမယတည်း။

(၅) လှေကို စီးခြင်းငှါ အလိုရှိ-စီးဆဲ စီးပြီး အခါသည်နာဝါဘိရုဟနသမယတည်း။

(၄) ဆွမ်းခံရွာ၌ လေးယောက်သော ရဟန်းတို့သည် ဆွမ်း အလို့ငှါ လှည့်လည်၍ မမျှတသော အခါသည် မဟာသမယတည်း။

(၅) အမှတ်မရှိသော ရဟန်းသည် ဆွမ်းဖြင့် ဘိတ်သော အခါသည် သမဏဘတ္တသမယတည်း။

---

၂၇၀-မေး။ ။ပရံပရ ဘောဇဉ်ဟူသည် အဘယ်နည်း။

၂၇၀-ဖြေ။ ။ငါးပါးသောဘောဇဉ်တို့တွင် တပါးပါးသော ဘောဇဉ် ဖြင့် မအလင်္ဘသော ဘိတ်ခြင်း ဖြင့် ဘိတ် အပ်၏။ ထို ဘောဇဉ်ကို ထား၍ တပါးသော ဘောဇဉ် ငါးပါး တို့တွင် တပါးပါးသော ဘောဇဉ်တည်း။ ။ပါစိတ် ပါဠိတော်(၈၃)

---

၂၇၁-မေး။ ။ကာလာမာတာ သိက္ခာပုဒ်၌၊ ပူဝ-နှင့် မန္ထ-အထူး ဘော်ပြပါ။

၂၇၁-ဖြေ။ ။လက်ဆောင် ပေးခြင်း အကျိုးငှါ စီရင်အပ်ကုန်သော အလွန်အရသာရှိသော ကတွတ်မုန့်- ကြွက်ကျစ်မုန့်- ကျွဲသဲမုန့်- အစရှိသည်တို့သည် ပူဝ-မည်၏။

ရိက္ခာ အကျိုးငှါ စီရင်အပ် ကုန်သော အမှတ်မရှိကုန်သော မုန့်လုံး-နှမ်း-ဆန် အစရှိ

သည် တို့သည် မဏ္ဍ-မည်၏။ ။ဤကား အထူး။

---

၂၇၂-မေး။ ။ကာဏမာတာသိက္ခာပုဒ်၌၊ ကုလံ ဥပဂတံ-ပါဠိ၌ဝယ်၊ကုလ-အပြားကို ရေတွက်ပြပါ။

၂၇၂-ဖြေ။ ။ကုလံဥပဂတံ-ပါဠိ၌ဝယ်၊ကုလ-အပြားကား၊ (၁) ခတ္တိယကုလ၊ (၂) ဗြာဟ္မဏကုလ၊ (၃) ဝေဿကုလ၊ (၄) သုဒ္ဒကုလ အားဖြင့် (၄)မျိုး ဖြစ်ပါသည်။ ။ပါဠိတော်။ ။ (ပဒဘာဇနီ)

---

၂၇၃-မေး။ ။လက်ဆောင်-ရိက္ခာ အလို့ငှါ မစီရင်အပ်သော မုံ့တို့ကို သုံးသပိတ်ထက် အပို ခံယူလျှင်၊ ကာဏမာတာသိက္ခာပုဒ်ဖြင့် အာပတ်သင့် မသင့်-ဆုံးဖြတ်ပါ။

၂၇၃-ဖြေ။ ။လက်ဆောင်-ရိက္ခာ အလို့ငှါ မစီရင်အပ်သော မုံ့တို့ကို သုံးသပိတ်ထက် အပိုခံယူလျှင်၊ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ပါ။

---

၂၇၄-မေး။ ။ပဝါရိတော-အရ ပဝါရိတ် သင့်ခြင်း အင်္ဂါ (၅)ပါး ရေတွက်ပြပါ။

၂၇၄-ဖြေ။ ။"စားဆဲထင်ရှား၊ဘောဇဉ်ငါးနှင့်၊တည်ငြားဟတ္ထပါသ်၊ဆောင်လာကပ်သော်၊ပယ်လတ်ဖြစ်တား၊ ဤငါးပါးသည်၊ မှတ်သား ပဝါရိတ်သင့်ကြောင်းတည်း"။

တနည်း။ ။"စားခြင်းဘောဇဉ်၊နီးတွင်ရပ်ခြင်း၊ ဆောင်လျှင်း ဖြစ်ပယ်၊ အင်ငါးသွယ်၊ သင့်ဘွယ် ပဝါရိတ်"။

---

၂၈၅-မေး။ ။(၁) ဝဿံဝုတ္ထပဝါရဏာ၊ (၂)ပစ္စယပဝါရဏာ၊ (၃)ပဋိက္ခေပပဝါရဏာ၊ (၄)ယာဝဒတ္ထပဝါရဏာ၊ (၄)မျိုးတို့တွင်၊ပဝါရိတော-ပါဠိ၌အရ - အဘယ်ပဝါရဏာကို ယူရမည်နည်း။

၂၈၅-ဖြေ။ ။ပဝါရဏာ (၄)မျိုးတို့တွင်၊ ပဝါရိတော-ပါဠိ၌အရ- ပဋိက္ခေပ ပဝါရဏာကို ယူရပါသည်။

ပဝါရဏာ(၄)ပါးအကျယ်အလိုရှိလျှင်၊ ကင်္ခါ ယောဇနာ စတုတ္ထအုပ် (၅၂) မှာ ကြည့်လေ။

---

၂၈၆-မေး။ ။အနတိရိတ္တံ ခါဒနီယံဝါ ဘောဇနီယံဝါ-၌ ခါဒနီယ-ဘောဇနီယ-အရ-ခွဲခြား၍ပြပါ။

၂၈၆-ဖြေ။ ။ခါဒနီယ-အရကား။ ။ဘောဇဉ်(၅)ပါးမှ ကြွင်းသော ခဲစားအပ်သော ယာဝကာလိကတည်း။

ဘောဇနီယ-အရကား။ ။"ထမင်း-သားငါး၊ မုံ့နှစ်ပါး၊ ငါးပါး ဘောဇဉ် စစ်"။ ။
လင်္ကာအရ- ဘောဇဉ် (၅) ပါးတည်း။ ။
ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ (၂၃၁)

---

၂၈၇-မေး။ ။ဟတ္ထပါသေ ဌိတော-စသည်၌ (၂) တောင် ထွာ ဟတ္ထပါသ် အဘယ်သို့ ယူမည်နည်း။

၂၈၇-ဖြေ။ ။ရဟန်းသည် ထိုင်သည် ဖြစ်အံ့ - တင်ပါး သား၏ နောက်အစွန်းမှစ၍, ရပ်သည်ဖြစ် အံ့-ဖနောင့် စွန်းမှစ၍, လျောင်းသည် ဖြစ် အံ့-လျောင်းသောနံပါး၏ ထိုမှာဘက် အစွန်း မှစ၍, ထိုင်-ရပ်- လျောင်းသော ဒါယကာ၏ ဆန့်တန်းသော လက်ကို ထား၍ အနီးဆုံး အင်္ဂါ၏ ဤမှာဘက်အစွန်းဖြင့် ပိုင်းခြားအပ် သော (၂) တောင်ထွာ အရပ်ကို ဟတ္ထပါသ် ယူရသည်။ ။ကင်္ခါ (၁၂၅)

---

၂၈၈-မေး။ ။အတိရိတ်ဝိနည်းကံ ပြုခြင်းအင်္ဂါ (၇) ပါး ရေတွက်ပြပါ။

၂၈၈-ဖြေ။ ။"သင့်သော် မသာ၊ မစားက စား၊ ကပ်ငြား ကပ္ပိ၊ မြောက်ရှိ နီးကင်၊ အလံထပ်၊ သဒ္ဒ အတိရိတ် အင်္ဂါတည်း"။

ကပ္ပိယံ ပဋိဂ္ဂဟိတံ၊
ဥစ္စာရိတံ ဟတ္ထပါသေ။
ဘုတ္တာဝိနာ ပဝါရိတေန၊
အလမေတန္တိ ဝုတ္တဝေ။ ။

---

၂၈၉ မေး။ ။အနတိရိတ္တံ-ပါဠိအရ၊ အနတိရိတ္တ (၂) မျိုး ကို ခွဲခြား၍ ပြပါ။

၂၇၉-ဖြေ။ ။(၁)ကပ္ပိယကာရကစသော (၇) ပါးကုန်သော ဝိနည်းကံဘဏ္ဍုဖြင့် အပတ်ရိတ် မပြုအပ်သော ခဲဘွယ်-စားဘွယ်၊ (၂) အကိလာနာတိရိတ္တ ဖြစ်သော ခဲဘွယ် စားဘွယ်၊ ဤကား အနတိရိတ္တ (၂) မျိုးဖြစ်ပါသည်။

(အနတိရိတ္တ (၂)မျိုးကိုလည်း၊ ဤဖြေနိုင်သောအားဖြင့် သိအပ်၏)။

---

၂၈၀-မေး။ ။အပတ်ရိတ် ဝိနည်းကံပြုရာ၊ ပါဠိရိတ်သင့် သော ရဟန်း, ဝိနည်းရှိရ် ရဟန်းတို့ ဆို ရသော ပါဠိများကို ရေးသားပါ။

၂၈၀-ဖြေ။ ။ပဝါရိတ်သင့်သောရဟန်း ဆိုရသော ပါဠိ ကား။ ။အလတိရိတ္တ ကရောထ ဘန္တေ-တည်း။

ဝိနည်းရှိရ် ရဟန်း ဆိုရသော ပါဠိ ကား။ ။အလမေတံ သဗ္ဗံ-တည်း။

---

၂၈၁-မေး။ ။ဝိကာလ ဘောဇန သိက္ခာပုဒ်၌၊ ကာလ-ဝိကာလ-ခွဲခြား၍ပြပါ။

၂၈၁-ဖြေ။ ။အရုဏ်တက်သည်မှ စ၍ မွန်းတည့်သည် တိုင်အောင် အခါသည် ကာလမည်၏။ ။ မွန်းတည့်သည်မှ စ၍ အရုဏ်တက်သည် တိုင်အောင်အခါသည် ဝိကာလမည်၏။

၂၉၂-မေး။ ။မွန်းမတ်မတ် တည့်သောအခါကို၊ ကာလ-ဝိကာလ-၂- ပါးတို့တွင် အဘယ်၌ ထည့်သွင်းမည်နည်း။

၂၉၂-ဖြေ။ ။မွန်းမတ်မတ် တည့်သော အခါကို၊ ကာလ-ဝိကာလ-၂-ပါးတို့တွင်၊ ကာလ၌ ထည့်သွင်းရပါသည်။ ။ဌိတ မဇ္ဈန္တိကောပိ ကာလသင်္ဂဟံ ဂစ္ဆတိ။ ။ကင်္ခါဋီကာသစ်။

---

၂၉၃-မေး။ ။နွားများကဲ့သို့ ညဥ့်အခါ စားမြုံ့ပြန်သောရဟန်းအား၊ ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်သင့်-မသင့် ဆုံးဖြတ်ပါ။

၂၉၃-ဖြေ။ ။နွားများကဲ့သို့ ညဥ့်အခါ စားမြုံ့ပြန်သောရဟန်းအား၊ ဝိကာလ ဘောဇန သိက္ခာပုဒ်ဖြင့် အာပတ် မသင့်ပါ။ ။ရောမန္ထကဿပိ အနာပတ္တိ။ ။ကင်္ခါ။

---

၂၉၄-မေး။ ။ဝိကာလေ ခါဒနီယံ ဘောဇနီယံ-၌၊ ခါဒနီယ-ဘောဇနီယ ခွဲခြား၍ပြပါ။

၂၉၄-ဖြေ။ ။ခါဒနီယ-အရကား၊ ဘောဇဉ် (၅) ပါးမှ ကြွင်းသော ခဲအပ်သော ယာဝကာလိက တည်း။ ။ဘောဇနီယ အရကား၊ ဩဒန-သတ္တု - ကုမ္မာသ - မစ္ဆ - မံသ - ဟု ဆိုအပ်သော စားအပ်သော ဘောဇဉ် (၅) ပါးတည်း။ ။တပါးသောသိက္ခာပုဒ်များ၌၊ ခါဒ-

နိယ-ဘောဇနိယ (၂) ပါးကို ဤအရာ၌ ခွဲခြားလေ။

---

၂၉၅-မေး။ ။သန္နိဓိကာရကံ- ပုဒ်ကို၊ အစိတ်- အပေါင်း- ဝစနတ္ထပြ၍၊ အပေါင်း ဝစနတ္ထ၏ အရ-ရ သင့်သော ကာလိကများကို ကောက်ပြပါ။

၂၉၅-ဖြေ။ ။သမ္မာ နိဓာနံ ထပနံ သန္နိဓိ။ ။ကရဏံ ကာရော။ ။ကာရောဧဝ ကာရကော။ ။ သန္နိဓိကာရော အဿာသတိ သန္နိဓိကာရံ။ ။ သန္နိဓိကာရမေဝ သန္နိဓိကာရကံ။

အရကား၊ အကပ်ခံ၍ တည့်လွန်သော ယာဝကာလိက- ယာမကာလိက (၂) ပါးရ၏။

---

၂၉၆-မေး။ ။သန္နိဓိဖြစ်သော ခဲဖွယ် ဘောဇဉ်ကို သုံးဆောင် အပ်အောင် အဘယ်သို့ ပြုလုပ်မည်နည်း။

၂၉၆-ဖြေ။ ။သန္နိဓိ ဖြစ်သော ခဲဖွယ် ဘောဇဉ် ကို ငဲ့ကွက်ခြင်း မရှိဘဲ သာမဏေတို့အား စွန့်ပေးအပ်၏။ သာမဏေတို့သည် သိုမှီးအပ်သော ခဲဖွယ် ဘောဇဉ်ကိုရ၍ ရဟန်းသုံးဆောင်အပ်သည်။ ။ဤကား အပ်အောင် ပြုလုပ်နည်းတည်း။

၂၃၇-မေး။ ။ရဟန်းယောက်ျား၏ သန္နိဋ္ဌိသည် ရဟန်းမိန်းမအား၊ ရဟန်း မိန်းမ၏ သန္နိဋ္ဌိသည် ရဟန်း ယောက်ျားအား၊ အပ်- မအပ်- အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၂၃၇-ဖြေ။ ။ရဟန်း ယောက်ျား၏ သန္နိဋ္ဌိသည် ရဟန်းမိန်းမအား အပ်ပါသည်။ ရဟန်းမိန်းမ၏သန္နိဋ္ဌိသည် ရဟန်း ယောက်ျားအား အပ်ပါသည်။ ။အကြောင်းကား၊ ဘိက္ခုနိက္ခန္ဓကဌ် ဘုရားခွင့်ပြုတော်မူသောကြောင့်တည်း။

ဘိက္ခု နိက္ခန္ဓကေ အနုညာတတ္တာ။ ။ ကင်္ခါ။

---

၂၃၈-မေး။ ။အန္တောဝုတ္ထ- အန္တောပက္က ဒုက္ကဋ်အာပတ်မှ လွတ်စေခြင်းငှါ ခွင့်ပြုတော်မူသော ကပ္ပိယကုဋ်-အဘယ်နှစ်မျိုး ရှိပါသနည်း။

၂၃၈-ဖြေ။ ။"ဂဟပတိ၊ သမ္မုတိ၊ ဂေါနိသာဒိကာ။ ။ ဥဿာဝနန္တိ၊ အမည်ရှိ၊ ကုဋိလေးပါးဖြာ"- ဟူသည်နှင့်အညီ၊ ကုဋိသည်၊ (၁)ဂဟပတိကုဋိ၊ (၂) သမ္မုတိကုဋိ၊ (၃) ဂေါနိသာဒိကာကုဋိ၊ (၄) ဥဿာဝနန္တိကာ ကုဋိ- ဟူ၍၊ (၄) မျိုးရှိသည်။

၎င်းတို့၏ အဓိပ္ပါယ် အကျယ် အလုံ့ရှိ လျှင်၊ကင်္ခါဋီကာသစ်(၂၄၁)မှာကြည့်လေ။

၂၉၉-မေး။ ။ပဏီတ ဘောဇနာဒိ- ပုဒ်ကို ဝဇနတ္တပြု၍၊ ၎င်း၌ဘောဇန အခ- အဘာယ်မှ ဖြစ်သော ဘောဇဉ်ကို ယူရမည်နည်း။

၂၉၉-ဖြေ။ ။ပဏီတေဟိ သံသဋ္ဌာနိ ဘောဇနာနိ ပဏီတဘောဇနာနိ။ ။၎င်း၌ ဘောဇန အခ၊ သာလိ- ဝီဟိ- ယဝ- ဂေါဓုမ- ကင်္ဂု- ဝရက- ကုဒြူသက- ဟု ဆိုအပ်သော စပါးမျိုး (၇) ပါးမှ ဖြစ်သော ဘောဇဉ်ကို ယူရပါသည်။

---

၃၀၀-မေး။ ။ပဏီတဘောဇန သိက္ခာပုဒ်၌၊ အလိုရှိအပ်သော-မစ္ဆ-မံသ-ခီရ-ဒဓိ-တို့ကို ဖော်ပြပါ။

၃၀၀-ဖြေ။ ။ပဏီတ ဘောဇန သိက္ခာပုဒ်၌၊ အလိုရှိအပ်သော-မစ္ဆကား၊ ရေ၌ဖြစ်သော သတ္တဝါဟု သမုတ်အပ်သည်။ ။မံသ- ခီရ- ဒဓိ- တို့ကား၊ အသား အပ်သော သတ္တဝါ တို့၏ အသား-နို့ရည်-နို့မေ်းတည်း။

သပ္ပိစသော ဆေး (၅) ပါးကို၊ ဘေသဇ္ဇ သိက္ခာပုဒ်အတိုင်း ယူလေ။

---

၃၀၁-မေး။ ။ပဏီတဘောဇနသိက္ခာပုဒ်၌၊အဂိလာနော-ပါဠိ၌အခရ-ဂိလာန-အဂိလာန (၂) မျိုးကို ခွဲ၍ ပြပါ။

၃၀၁-ဖြေ။ ။ပဏ္ဏတ္တိ ဘောဇဉ် တို့နှင့် ကင်း၍ ချမ်းသာသော ရဟန်းသည် အဂိလာန မည်၏။ ။ ပဏ္ဏတ္တိ ဘောဇဉ်တို့နှင့် ကင်း၍ မချမ်းသာသော ရဟန်းသည် ဂိလာန မည်၏။ ။ ကင်္ခါ (၁၃၁)

---

၃၀၂-မေး။ ။မဟာနာမ သိက္ခာပုဒ် - သူပေါဒ္ဒန ဝိညတ္တိ သိက္ခာပုဒ် ဟူသည်၊ အဘယ် သိက္ခာပုဒ်တို့နည်း။

၃၀၂-ဖြေ။ ။မဟာနာမ သိက္ခာပုဒ်ဟူသည်၊ အဂိလာနေန ဘိက္ခုနာ စာတုမာသ ပစ္စယ ပဝါရဏာ။ လ။ ပါစိတ္တိယံ၊ သိက္ခာပုဒ်တည်း။ ။သူပေါဒ္ဒနဝိညတ္တိ သိက္ခာပုဒ်ဟူသည်။ နသူပံဝါ ဩဒနံဝါ အဂိ လာနော - စသော သိက္ခာပုဒ်တည်း။

---

၃၀၃-မေး။ ။အကင်မြောက်ခြင်းအင်္ဂါ (၅)ပါး ခေတွက်ပြပါ။

၃၀၃-ဖြေ။ ။"ဇရေးရှု လည်းဆောင်၊ နှစ်ဘောင် ထွာရောက်၊ မြောက်နိုင် ဝတ္ထု၊ သုံးရပေးခြင်း၊ ခံခြင်း နှစ်လှောက်၊ ကျမ်းလာထောက်၊ ကပ်မြောက် အင်္ဂါ (၅)ပါးတည်း"။

၃၀၄-မေး။ ။ပေးခြင်းသုံးပါး-ခံခြင်းနှစ်ပါး-ဘော်ပြပါ။

၃၀၄-ဖြေ။ ။"ကိုယ်-ကိုယ်နှင့်ထိ၊ နိဿဂ္ဂိ၊ သုံးရှိကပ်သူတာဝန်တည်း"။ ။ဤကား ပေးခြင်း သုံးပါးဖြစ်သည်။

"ကိုယ်-ကိုယ်နှင့်စပ်၊ ထိုနှစ်ရပ်၊ အကပ်ခံသူအခါတည်း"။ ။ဤကား ခံခြင်း နှစ်ပါးဖြစ်သည်။

---

၃၀၅-မေး။ ။အကပ် ခံအပ်သော အကြီး အလေးဆုံးဝတ္ထုနှင့်-အငယ် အပေါ့ဆုံး ဝတ္ထု များကိုဘော်ပြပါ။

၃၀၅-ဖြေ။ ။အကပ် ခံအပ်သော အကြီး အလေးဆုံးဝတ္ထုကား၊ အား အလယ် အလတ် ရှိသောထာမဏ္ဍိမဖြစ်သူ တယောက်အားနှင့် ချီနိုင်လောက်သော ဝတ္ထုတည်း။ ။ထိုသက်လေးမူ အကပ်မမြောက်။

အငယ်အပေါ့ဆုံး ဝတ္ထုကား၊ ရထရေဏုမြူခန့်ရှိသောဝတ္ထုတည်း။ ။ထိုအောက်သေးငယ်သော- တဇ္ဇာရီမြူ-အဏုမြူ-ပရမာဏုမြူများမှာ အကပ်ခံဘွယ်မရှိ။

---

၃၀၆-မေး။ ။အား အလယ်အလတ် ရှိသော ထာမဏ္ဍိမတယောက်အားနှင့် ချီကြွနိုင်သောဝတ္ထုကို၊အား သေးငယ်သော သာမဏေ ကျောင်း

သား (၂)ယောက် (၃)ယောက် ကပ်လျှင် အပ်-မအပ် ဆုံးဖြတ်ပါ။

၃၀၆-ဖြေ။ ။အသား အလယ်အလတ် ရှိသော ထားမမျှမ တယောက်အားနှင့် ချိကြွနိုင်သော ဝတ္ထုကို၊ အသား သေးငယ်သော သာမထော ကျောင်း သား (၂)ယောက် (၃)ယောက် ကပ်လျှင် အပ်ပါသည်။

---

၃၀၇-မေး။ ။ဆွမ်းခံသွားရာ သပိတ်၌ရှင်း, ဆွမ်းစားရာ ပန်းကန်ပြား စသည် ၌ရှင်း, ရထရေဇာမှို ကျလျှင် အကပ်-ပျက်-မပျက် ဆုံးဖြတ်ပါ။

၃၀၇-ဖြေ။ ။ဆွမ်းခံ သွားရာ သပိတ်၌ရှင်း, ဆွမ်းစားရာ ပန်းကန်ပြား စသည် ၌ရှင်း, ရထရေဇာမှို ကျလျှင် အကပ်ပျက်သည်။

ရထရေဇာမှို ဆိုသည်ကား၊ လေပြင်း တိုက်၍- ထံမြက် လှဲ၍- လှည်းနွား- ရထား စသည် သွား၍- ထကြွ ထင်ရှားသော မှုန်မျိုးတည်း။

---

၃၀၈-မေး။ ။ဒန္တပေါဏ သိက္ခာ ပုဒ်၌၊ မုခဒွါရံ - အခရ အာဟာယ်ကို ယူရမည်နည်း။

၃၀၈-ဖြေ။ ။ဒန္တပေါဏ သိက္ခာ ပုဒ်၌၊ မုခဒွါရံ - အခရ လည်ချောင်းဝကို ယူရပါသည်။

မုခဒွါရန္တိ ဂလနာဠိကံ၊ ။ကင်္ခါ။

၃၁၉-မေး။ ။ဒန္တပေါဏ သိက္ခာ ပုဒ်၌၊ အာဟာရ-အရ အဘယ် ကာလိက များကို ယူရမည်နည်း။ အကြောင်းပြ ဖြေပါ။

၃၁၉-ဖြေ။ ။ဒန္တပေါဏ သိက္ခာ ပုဒ်၌၊ အာဟာရ-အရ အလုံး ရုံသော ယာဝကာလိက - ယာမ ကာလိက-သတ္တာဟကာလိက-ယာဝဇီဝိက တို့ကို ယူရပါသည်။

အကြောင်းမူကား၊ ထိုကာလိကလေးပါး ကိုမျိုအင်သည်ဖြစ်၍၊ အာဟာရဟု ဆိုအပ် သောကြောင့်တည်း။ ။ကခ်ါ(၁၃၄)

---

၃၁၀-မေး။ ။ကာလိက (၄) ပါးကို ခွဲနှင့် ဘာဇွ ဘော်ပြပါ။

၃၁၀-ဖြေ။ ။ ကာလိက ခွဲ

(၁) **ယာဝကာလိက**။ ။ဝပါးမျိုး-ပဲမျိုး-အသီးကြီး(၉)မျိုးစသော အာဟာရ ကိုသူ ပြီးဝေ တတ်သော ခွဲ ဟူသမျှတည်း။

(၂) **ယာမကာလိက**။ ။အဖျော်(၈)ပါး အနုလောမ အဖျော် တို့တည်း။

(၃) **သတ္တာဟကာလိက**။ ။ထောပတ်-ဆီဦး-ဆီ-ပျား-တင်လဲ-ဆေး- ၅ - ပါး တည်း။

(၄) **ယာဝဇီဝိက။** ။ရှေ့ ကာလိက (၃)ပါး- ကာလိကမှ လွတ်သော ရေကို ထား၍၊ ကြွင်းသော ဆီး-ဖြူ-သျှိသျှား- သဖန်းခါး စသော အာဟာရ ကိစ္စကို မပြီးစေ တတ်သော ဆေးဘက်ဝင်သော-အမြစ်- အရွက်-အသီး စသည်တည်း။

---

၃၁၁-မေး။ ။အညတြ ဥဒကာ ဒန္တပေါဏာ - ဟူသော စကားကို၊ အဘယ် အကျိုးငှါ ဟောတော် မူပါသနည်း။

၃၁၁-ဖြေ။ ။ရေနှင့်၊ အာဟာရ မဟုတ်သော်လည်း အာ ဟာရ ဟူသော အမှတ်ဖြင့်, ဒန်ပူ ၌လည်း၊ ဤဒန်ပူကို ခံတွင်း၀သို့ ဆောင်အပ်၏၊ဤသို့ သော အမှတ်ဖြင့်, ကုက္ကုစ္စ ရှိကြကုန်သော ရဟန်းတို့၏ ကုက္ကုစ္စကို ပယ်ဖျောက်ခြင်းငှါ၊ အညတြ ဥဒကာ ဒန္တပေါဏာ - ဟူသော စကားကို ဟောတော် မူပါသည်။ ။ ကင်္ခါ(၁၃၅)

---

၃၁၂-မေး။ ။ဒန်ပူရည်-မသိဘဲ ဝမ်းတွင်းသို့ဝင်အံ့၊ပါစိတ် အာပတ်-သင့်-မသင့်-ဆုံးဖြတ်ပါ။

၃၁၂-ဖြေ။ ။ဒန်ပူရည်- မသိဘဲ ဝမ်းတွင်းသို့ ဝင်လျှင်၊ ပါစိတ်အာပတ် သင့်သည်။ ။ကင်္ခါ(၁၃၅)

၃၁၃-မေး။ ။မဟာပဝါရဏာခေါ်သော-ကျင်ကြီး-ကျင်ငယ် ပြာ- မြေညက်- ဟု ဆိုအပ်သော ဆေးကြီး (၄)ပါးကို၊ မြွေကိုက်ခြင်းအကြောင်းရှိခဲ့သော် အကပ် မခံဘဲ သုံးဆောင်သင့်-မသုံးဆောင် သင့်-ဆိုးဖြစ်ပါ။

၃၁၃-ဖြေ။ ။ပုစ္ဆာပါ-မဟာဝိကဋခေါ် ဆေးကြီး(၄)ပါး ကို၊ မြွေကိုက်ခြင်း အကြောင်း ရှိခဲ့သော်၊ အကပ်မခံဘဲ သုံးဆောင်သင့် ပါသည်။ ။ ကင်္ခါ(၁၃၅)

---

၃၁၄-မေး။ ။မြွေကိုက်သောအခါ ဆေးကြီး ခေါ်သော- ပြာ-မြေညက် ပြုလုပ်ရန်၊ မြေကြီး-သစ်ပင် တို့ကို-ရဟန်းကိုယ်တိုင်-တူး,ဖြတ်ရန် သင့်-မသင့်-ဆိုးဖြစ်ပါ။

၃၁၄-ဖြေ။ ။မြွေကိုက်သော အခါ-ဆေးကြီး ခေါ်သော ပြာ-မြေညက် ပြုလုပ်ရန်၊ မြေကြီး- သစ်ပင် တို့ကို ရဟန်း ကိုယ်တိုင်- တူး, ဖြတ်ရန် သင့်ပါသည်။ ။ကင်္ခါ(၁၃၅)

---

၃၁၅-မေး။ ။အဖျော် ရှစ်မျိုးကား အဘယ်နည်း။

၃၁၅-ဖြေ။ ။"သပြေ - သရက်၊ ရဒရက်၊ ဖက်သက်- သစ်မည်စည်။ ။ငှက်ပျောနှင့်မျိုး၊ကြာစွယ် တိုး၊ရှစ်မျိုးအဖျော်ချည်"။ ။ကင်္ခါ(၁၃၄)

ဌက်ပျော နှင်မျိုး ဆိုသည်ကား၊ ဘော ဌက်ပျော အိမ်ဌက်ပျော ဆိုလိုသည်။

---

၃၁၆-မေး။ ။သီးကြီး(၉)မျိုးကား အဘယ်နည်း။

၃၁၆-ဖြေ။ ။"ထန်း အုန်း နှစ်ကွဲ၊ ပိန္နဲ နှစ်ပါး၊ သုံး သခွါး၊ နှစ်ပါး မှူး ဖရုံ"။ ။ဤကား၊သီးကြီး(၉)မျိုး ဖြစ်ပါသည်။ ။ပိန္နဲ နှစ်ပါးကား၊ အိမ်ပိန္နဲ-တောင်ပိန္နဲဟု ဆိုလိုသည်။ ။သုံးသခွါးကား၊ ဆေးသခွါး- ပြုတ်သခွါး- ကြောင်သခွါးဟု ဆိုလိုသည်။ ။ကခ်ါ(၁၃၄)

ဘောဇနဝဂ် ပြီး၏။

---

## သုဒ္ဓပါစိတ်-အစေလကဝဂ်။

၃၁၇-မေး။ ။အစေလက- ပရိဗ္ဗာဇက- ပရိဗ္ဗာဇိကာ- ၎င်းတို့ကို ခွဲခြား၍ ပြပါ။

၃၁၇-ဖြေ။ ။အမှတ် မရှိသော-ရဟန်း အဖြစ်သို့ ရောက်သော အဝတ်မဝတ်သော တက္ကတွန်းသည် အစေလက ဖြစ်သည်။ ရဟန်းသောကျား-သာမဏေယောကျ်ားကိုထား၍၊ ကြွင်းသော အမှတ် မရှိသော ရဟန်းယောကျ်ား အဖြစ်သို့ ရောက်သော သူသည် ပရိဗ္ဗာဇက ဖြစ်သည်။

ဘိက္ခုနီ-သိက္ခမာန်-သာမဏေ မိန်းမကို ထား၍၊ ကြွင်းသော အမှတ်မရှိသော ရဟန်း

မိန်းမအဖြစ်သို့ ရောက်သောသူသည် ပါရိဗ္ဗာဇိကာ ဖြစ်သည်။

---

၃၁၈-မေး။ ။ဥယျောဇနသိက္ခာပုဒ်၌၊ နဂရကို၊ ဂါမ-နိဂမ (၂)ပါးတွင် အဘယ်၌ ထည့်သွင်းမည်နည်း။

၃၁၈-ဖြေ။ ။ဥယျောဇနသိက္ခာပုဒ်၌၊ နဂရကို၊ ဂါမ-နိဂမ (၂)ပါးတွင် ဂါမ၌ ထည့်သွင်းရပါသည်။ ။ ကင်္ခါဋီကာသစ်။ ။(၂၄၆)

---

၃၁၉-မေး။ ။ဧတဒေဝ ပစ္စယံ ကရိတွာ-၌၊ ယုတ်မာသော အကျင့် ဟူသည် အဘယ် အကျင့်မျိုးကို ဆိုပါသနည်း။

၃၁၉-ဖြေ။ ။ဧတဒေဝ ပစ္စယံ ကရိတွာ-၌၊ ယုတ်မာသော အကျင့်ဟူသည်၊ မာတုဂါမနှင့် အတူတကွ ရယ်ရွှင်ခြင်း - မြူးတူးခြင်း - ဆိတ်ကွယ်ရာ အရပ်၌ နေခြင်း စသည် တို့ကို ပြုလိုခြင်း စသော အကျင့်မျိုးတည်း။

---

၃၂၀-မေး။ ။ဥယျောဇနသိက္ခာပုဒ်၌၊ ဥယျောဇိတ ရဟန်းကို လွှတ်လိုက် ကာမျှဖြင့်၊ ဥယျောဇက ရဟန်းအား ပါစိတ်အာပတ် သင့်ပါသလော။ သို့မဟုတ်-အဘယ် အခါ၌ ပါစိတ် အာပတ် သင့်ပါသနည်း။

၃၂၀-ဖြေ။ ။ဥယျောဇန သိက္ခာပုဒ်၌၊ ဥယျောဇိတရဟန်းကို လွှတ်လိုက် ကာမျှဖြင့်၊ ဥယျောဇက

ရဟန်းအား ပါစိတ်အာပတ် မသင့်ပါ၊ ဒုက္ကဋ် သင့်ပါသည်။

ဥယျောဇိတ ရဟန်းသည် ဥယျောဇက ရဟန်း၏ ဒဿနူ ပစာရ- သဝနူ ပစာရကို ခြေ(၂)လှမ်း စွန့်သော အခါ လွန်သော အခါ၌ ပါစိတ် အာပတ် သင့်ပါသည်။ ။ ကင်္ခါ (၁၃၆)

---

၃၂၁-မေး။ ။ဒဿနူပစာ-သဝနူပစာ၏အပိုင်းအခြားကို ပြခဲ့ပါ။

၃၂၁-ဖြေ။ ။လွင်တီးခေါင်အရပ်၌ (၁၂)တောင်ပမာဏ သည် ဒဿနူပစာ - သဝနူပစာ၏ အပိုင်း အခြားတည်း။

ဧတ္ထ စ ဒဿနူပစာရဿ အဇ္ဈောကာသေ ဌတွာ ဒွါဒသဟတ္ထပ္ပမာဏံ၊ တထာ သဝနူပစာရဿ။ ။ကင်္ခါ(၁၃၆)

---

၃၂၂-မေး။ ။ဥယျောဇန သိက္ခာ ပုဒ်၌၊ ဥယျောဇိတ ရဟန်းကို၊ အဘယ်လို အကြောင်း တို့ဖြင့် လွှတ်ကောင်းပါသနည်း။

၃၂၂-ဖြေ။ ။ငါတို့ (၂)ပါး တို့သည် တပေါင်းတည်း သွားလျှင် ဆွမ်းမမျှာလတ္တံ့၊ ဤသို့ စသော လျောက်ပတ်သော အကြောင်းတို့ဖြင့် လွှတ် ကောင်းပါသည်။

၃၂၃-မေး။ ။သဘောဓနေ ပုဒ်ကို ဖြစ်သင့်သလို ၀စနတ္ထ ပြုခဲ့ပါ။

၃၂၃-ဖြေ။ ။သဟာ ဥဘောဟိ ဓနေဟိ ၀တ္တတိတိ သဘောဓနံ။ ။တိပဒဗဟုဗ္ဗီဟိ။ ။ဘုဒ္ဓိတမ္ဗန္ဓ ဘောဓနံ။ ။ဘောဓနေန သဟာ ၀တ္တတိတိ သဘောဓနံ။

---

၃၂၄-မေး။ ။စာရိတ္တ သိက္ခာပုဒ်၌၊ သန္တံ ဘိက္ခုံ-အရ၊ ထင်ရှားရှိသော ရဟန်းကို ဘော်ပြပါ။

၃၂၄-ဖြေ။ ။ဥပစာရ သိမ်တွင်း၌-မိမိ မြင်လောက်သော ဒဿနူပစာရ၌ရှိသော ရဟန်းသည် ထင်ရှား ရှိသော ရဟန်း ဖြစ်သည်။

---

၃၂၅-မေး။ ။ပုရေ ဘတ္တံ- ပစ္ဆာ ဘတ္တံ- တို့၌၊ ဘတ္တံ-ကို ၀စနတ္ထ ပြု၍-အရ ကောက်ပြီးလျှင်၊ ပုရေ- ပစ္ဆာ-ပုဒ်တို့နှင့် သမာသ်တွဲစပ်၍ပြပါ။

၃၂၅-ဖြေ။ ။ဘုဥ္ဇတိ ဧတ္ထ ကာလေတိ ဘတ္တော။ ။ ကာလ ရ၏။

ဘတ္တတော ပုရေ ပုရေဘတ္တံ။ ။ဆွမ်း မစားမီ ကာလ ရ၏။ ။ဘတ္တတော ပစ္ဆာ ပစ္ဆာဘတ္တံ။ ။ဆွမ်းစားပြီးသည်မှ နောက် ကာလ ရ၏။ ။အဗျယီဘော သမာသ် ချည်းတည်း။

---

၂၂၆-မေး။ ။ဒွိခါဝါပါးသို့သွားရာ-စာရိတ္တသိက္ခာပုဒ်ဖြင့်-အဘယ် အခါ၌ ပါစိတ် အာပတ် သင့်ပါသနည်း။

၂၂၆-ဖြေ။ ။ဒွိခါဝါပါးသို့သွားရာ စာရိတ္တ သိက္ခာပုဒ်ဖြင့် ဝင်ခါးရုံကို ခြေ(၂)လှမ်း လွန်သော အခါ၌ ပါစိတ် အာပတ် သင့်သည်။

---

၂၂၇-မေး။ ။စာရိတ္တ သိက္ခာပုဒ်၌ အနုပညတ် (၄)ခုကို ဖော်ပြပါ။

၂၂၇-ဖြေ။ ။စာရိတ္တသိက္ခာပုဒ်၌ အနုပညတ် (၄)ခုကား၊ (၁) သန္တံ ဘိက္ခုံ အနာပုစ္ဆာ၊ (၂) ပုရေဘတ္တံ၊ (၃) ပစ္ဆာဘတ္တံ၊ (၄) အညတြ သမယာ-ဖြစ်သည်။

---

၂၂၈-မေး။ ။မဟာနာမ သိက္ခာပုဒ်၌၊ စာတုမာသပစ္စယ ပဝါရဏာ - ပုဒ်ကို ဝဏ္ဏနာ ပြုပြီးလျှင်၊ အဘယ် ပစ္စယ-ကို အလိုရှိအပ် သည်ဟု ဖော်ပြပါ။

၂၂၈-ဖြေ။ ။စတုမာသေ ပစ္စယေန ပဝါရဏာ စာတုမာသပစ္စယ ပဝါရဏာ။ ။ဝဏ္ဏနာ။

ပစ္စယသာမည ဖြစ်သော်လည်း၊ ဂိလာန ပစ္စယကိုသာ ဤ၌ အလိုရှိအပ်သည်။

---

၂၂၉-မေး။ ။မဟာနာမသိက္ခာပုဒ်၌၊ လေးလပတ်လုံးသာ-ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို-သာယာအပ်

သောကြောင့်၊ အဂိလာနေန-စသော စကား
ကို ဟောတော် မူပါသလော။ သို့မဟုတ်
အဘယ်၏ အစွမ်းဖြင့် ဟောတော် မူပါ
သနည်း။

၃၂၉-ဖြေ။ ။လေးလပတ်လုံးသာ-ဆေး ပစ္စည်းဖြင့် ဖိတ်
ခြင်းကို သာယာအပ်သောကြောင့်၊ အဂိလာ
နေန-စသော စကားကို ဟောတော် မူသည်
မဟုတ်။ သိက္ခာ ပုဒ်၏ နိဒါန်း ဝတ္ထု၏
အစွမ်းဖြင့် ဟောတော်မူသည်။

---

၃၃၀-မေး။ ။ဥယျုတ္တံ သေနံ-ပါဠိ၌၊ သေနံ-ကို ဝစနတ္ထပြု
ပြီးလျှင်၊စစ်အင်္ဂါ(၄)ပါးကို ရေတွက်ပြပါ။

၃၃၀-ဖြေ။ ။သေတိ ဗန္ဓတီတိ သေနာ။ ။စစ်အင်္ဂါ
(၄) ပါးကား၊ ဆင်-မြင်း-ရထား-ခြေသည်-
ဖြစ်သည်။

---

၃၃၁-မေး။ ။ဥယျောဓိကသိက္ခာပုဒ်၌၊ဥယျောဓိကံ-ဗလဂ္ဂံ-
သေနာဗျူဟံ-အနီကဒဿနံ-ပုဒ် တို့ကို ဝစ
နတ္ထ ပြုခဲ့ပါ။

၃၃၁-ဖြေ။ ။ဥဂ္ဂတ္တွာ ဥဂ္ဂတ္တွာ ယုဇ္ဈန္တိ ဧတ္ထာတိ ဥယျော
ဓိကံ။ ။ဗလဂ္ဂံ ဗေနန္တိ ဧတ္ထာတိ ဗလဂ္ဂံ။ ။
သေနာယ ဗျူဟနံ သေနာဗျူဟံ။ ။အနီ
ကဿ ဒဿနံ အနီကဒဿနံ။

အစေလကဝဂ် ပြီး၏။

## သုဒ္ဓပါဠိတ်-သုရာပါနဝဂ်။

၃၃၂-မေး။ ။သုရာနှင့် မေရယ အထူးကို ဘော်ပြပါ။
၃၃၂-ဖြေ။ ။မုံ့ညက်စသည်တို့ဖြင့်ပြုအပ်သော ယစ်မျိုးသည်-သုရာ။ ။ပန်းပွင့် စသည် တို့ဖြင့် ပြုအပ်သော အရက်သည် - မေရယ။ ။ ဤကား အထူး။ ။အဋ္ဌကထာ။
နယ်၍ ပြုအပ် သည်ကား-သုရာ။ ။ ကြာမြင့်စွာထုံအပ်သည်ကား-မေရယ။ ။ အထူး။ ။ဋီကာ။

---

၃၃၃-မေး။ ။သုရာ-မေရယ-ပုဒ်တို့ကို ဝစနတ္ထ ပြုခဲ့ပါ။
၃၃၃-ဖြေ။ ။သုရေတိတိ သုရာ။ ။သုရံ ဇနေတီတိဝါ သုရာ။ ။မဒံ ဇနေတီတိ မေရယံ။

---

၃၃၄-မေး။ ။သုရာ(၅)ပါး-မေရယ(၅)ပါးကို ရေတွက်၍ ပြပါ။
၃၃၄-ဖြေ။ ။(၁) ပိဋ္ဌသုရာ၊ (၂) ပူဝသုရာ၊ (၃) ဩဒနသုရာ၊ (၄) ကိဏ္ဏပက္ခိတ္တာ၊ (၅) သမ္ဘာရသံယုတ္တာ။

### အကျဉ်း ဆောင်ပုဒ်။

''ပိဋ္ဌ ပူဝ၊ဩဒန၊ကိဏ္ဏ-သမ္ဘာရာ''။

(၁)ပုပ္ဖါသဝ၊ (၂) ဖလာသဝ၊ (၃) မဓွါသဝ၊ (၄) ဂုဠာသဝ၊ (၅)သမ္ဘာရသံယုတ္တ။ မေရယ(၅)ပါး။

## အကျဉ်း ဆောင်ပုဒ်။

“ပုပ္ဖ ဖလာ၊မဓ္ဓု ဂုဠ၊သမ္ဘာရေ၊ပဋ္ဌ မေရယာ”။

---

၃၃၅-မေး။ ။သုရာ-မေရယ(၂)ပါးရုံကို၊ အဘယ်မှစ၍-အဘယ်မှလောက် ပမာဏ သောက်သဖြင့်၊ ပါစိတ်အာပတ် သင့်ပါသနည်း။

၃၃၅-ဖြေ။ ။သုရာ-မေရယ (၂)ပါးရုံကို၊ မျိုးစေ့မှစ၍-သမန်းမြက်ဖျား ပမာဏ သောက်သဖြင့်၊ ပါစိတ်အာပတ် သင့်သည်။

---

၃၃၆-မေး။ ။အင်္ဂုလိ ပတောဒက - ဟူသည်၊ အဘယ်ကိုယ်အင်္ဂါဖြင့်- အဘယ်အရပ်ကို ထိုးခြင်းကို ဆိုပါသနည်း။

၃၃၆-ဖြေ။ ။အင်္ဂုလိပတောဒက-ဟူသည်၊ လက်ချောင်းတို့ဖြင့်- လက်ကတီးကြား-စသော အရပ်ကို ထိုးခြင်းကို ဆိုသည်။

တနည်း၊ အမှတ်မရှိသော ကိုယ်အစိတ်ဖြင့်-ရဟန်းကို တို့ထိခြင်းကို ဆိုသည်။ ။ ကင်္ခါ (၁၄၁)

---

၃၃၇-မေး။ ။ဥဒကေ ဟသဓမ္မေ-၌၊ အဘယ် မျှလောက် ပမာဏ ရှိသော နက်သော ရေကို ယူရမည်နည်း။

၃၃၇-ဖြေ။ ။ဥဒကေ ဟသဓမ္မေ-၌၊ ဖမျက်အထက်ပမာဏရှိသော နက်သော ရေကို ယူရသည်။

၃၃၈-မေး။ ။အနာဒရိယေ ပါစိတ္တိယံ - ၌၊ အနာဒရိယ အပြားကို ရေတွက်ပြပါ။

၃၃၈-ဖြေ။ ။အနာဒရိယအပြားကား၊ (၁) ပုဂ္ဂလာနာဒရိယ၊ (၂) ဓမ္မာနာဒရိယ ဖြစ်ပါသည်။

---

၃၃၉-မေး။ ။ဇောတိသိက္ခာပုဒ်၌၊ အဂိလာနော-ပါဠ်အရ၊ အဂိလာန-ဂိလာန ခွဲခြား၍ ပြပါ။

၃၃၉-ဖြေ။ ။ဇောတိ သိက္ခာပုဒ်၌၊ အကြွင် ရဟန်းအား မီးနှင့် ကင်း၍ ချမ်းသာ၏။ ထို ရဟန်းသည် အဂိလာနမည်ပါသည်။ ။အကြွင်ရဟန်းအား မီးနှင့် ကင်း၍ မချမ်းသာ။ ထိုရဟန်းသည် ဂိလာန မည်ပါသည်။ ။ပဒဘာဇနီပါဠိတော် (၁၃၄)

---

၃၄၀-မေး။ ။ဇောတိသိက္ခာပုဒ်၌၊ အနုပညတ် (၂)ပါးကို ဘော်ပြပါ။

၃၄၀-ဖြေ။ ။ဇောတိ သိက္ခာပုဒ်၌၊ (၁) အဂိလာနော၊ (၂) အညတြ တထာ ရူပပစ္စယာ-ဝ်သည် အနုပညတ်(၂)ပါး ဖြစ်ပါသည်။

---

၃၄၁-မေး။ ။နှာန သိက္ခာ ပုဒ်၌၊ ဥဏှသမယ - စသော သမယ(၆)ပါးကို ခွဲခြား၍ ပြပါ။

၃၄၁-ဖြေ။ ။(၁) နွေဥတု အဆုံး ၁-လ ခွဲသည်-ဥဏှ သမယ မည်၏။

(၂) ရိုးသင်းဥတု၏ အစ ၁-လသည် - ပရိ ဠာဟ သမယ မည်၏။

(၃) အကြင် ရဟန်းအား ရေချိုး ခြင်းနှင့် ကင်း၍ မချမ်း သာသော အခါသည်- ဂိလာန သမယ မည်၏။

(၄) ပရိဝုဏ်ကို တံမြက်လှည်းခြင်း စသော အမှုလုပ်သောအခါသည်-ကမ္မ သမယ မည်၏။

(၅) ယူဇနာခွဲ ခရီးသို့ သွားအံ့ - သွားဆဲ- သွားပြီးအခါသည်-အဒ္ဓါနဂမနသမယ မည်၏။

(၆) မိုးနှင့် တကွ လေပြင်း ထ၍ ရဟန်း ကိုယ်၌ မိုးပွင့်သည် ဖြစ်၍ ရိုးသင်း ၂- ပေါက် ၃-ပေါက် ကျသော အခါသည် ဝါတဝုဋ္ဌိ သမယ မည်၏။

---

၃၄၂-မေး။ ။နဝံ ပန ဘိက္ခုနာ စီဝရလာဘေန - ၌၊ နဝံ စီဝရ လာဘ-ပုဒ်ကို၊ အစိတ် အပေါင်း-၁စ နည်း ဖြစ်သင့်သလို ပြုခဲ့ပါ။

၃၄၂-ဖြေ။ ။အလာဘိတိ လဘော၊ လဘော ဧဝ လာ ဘော။ ။နဝဥ္စ တံ စီဝရဉ္စာတိ နဝစီဝရံ။ ။ နဝစီဝရံ လာဘော ဧတေနာတိ နဝစီဝရ လာဘော။

၃၄၃-မေး။ ။နှဝံ ပန ဘိက္ခုနာ စီဝရေလာဘေန-၌၊ အလို ရှိအပ်သော သက်န်းကို ဘော်ပြပါ။

၃၄၃-ဖြေ။ ။နှဝံပန ဘိက္ခုနာ စီဝရ လာဘေန-၌၊ ဝတ် လောက်-နံ့လောက်သော သကၤန်းကို အလို ရှိအ့ပ်သည်။ ။နိဝါသန ပါရုပနူပဂံ စီဝရံ လဘိတွာ။ ။ကင်္ခါ။

၃၄၄ မေး။ ။ကပ္ပဗိန္ဒု ထိုးပြီးမှ-ဝတ်ရုံ သုံးဆောင် ရသော သကၤန်းများကို ဘော်ပြပါ။

၃၄၄-ဖြေ။ ။ဝတ်ရုံ လောက်သော သင်းပိုင်-ကိုယ်ဝတ်-ဒုကုဋ် - မိုးရေခံ - အမာလွှမ်း - သကၤန်း (၅)မျိုး၌၊ ကပ္ပဗိန္ဒု ထိုးပြီးမှ ဝတ်ရုံသုံးဆောင် ရသည်။

"သင်း- ကိုယ်- ဒု- မိုးရေ၊ မာ- ဝါးမျိုး၊ ထိုးလေ ဗိန္ဒု ညွှင်း' ။ ။ဝိနယသံခိတ်။

၃၄၅-မေး။ ။ကပ္ပဗိန္ဒု ထိုးရာအရပ် အဆင်း - ပမာဏ - တို့ကို ရုံလင်စွာ ဘော်ပြပါ။

၃၄၅-ဖြေ။ ။ကပ္ပဗိန္ဒု ထိုးရာ အရပ်ကား၊ သကၤန်း-၄-ထောင့်, ၃-ထောင့်, ၂-ထောင့်, ၁-ထောင့်, ဖြစ်သည်။ ။၄-ထောင့်လုံးဖြစ်စေ၊ ၃-ထောင့် ၂-ထောင့်, ၁-ထောင့်,ဖြစ်စေ၊ မိမိ ကြိုက်နှစ် သက်သလို ထိုးနိုင်သည်။

အဆင်းကား၊ ကြေးညှိညို - သစ်ရွက်

ရည်ညှိ- နှံ့ညွန့်- မည်းနက်သော အဆင်း ဖြစ်သည်။

ပမာဏကား၊ အကြီးဆုံး-ဥဒေါင်း မျက်ကွင်း- ကြမ်းပိုးကျောက်ကုန်း။ အငယ်ဆုံး- သမန်းမြက်ဖျား ပမာဏဖြစ်သည်။

**ဆောင်ပုဒ်။**

"ကြေးညှိ သစ်စိမ်း၊ နှံ့ညွန့်လိပ်စိမ်း၊ ခပ်သိမ်း မည်းနက်ဆင်း။ ။သက်နိုး ဆောင့်မှာ၊ တရုသာ၊ ပမာ ဒေါင်းမျက်ကွင်း။ ။သမန်းမြက်ဖျား၊ အငယ်သား၊ အစ်ငြား မှတ်ညှာဉ်း"။

---

၃၄၆-မေး။ ။ဝိကပ္ပေတဗ္ဗ- ပါဠိအရ၊ ဝိကပ္ပနာ အဘယ်နှစ်မျိုး ရှိပါသနည်း။

၃၄၆-ဖြေ။ ။ဝိကပ္ပနာသည်၊ မိမိနှုတ်ဖြင့် ပြုအပ်သော သံမုခါဝိကပ္ပနာ။

သူတပါးနှုတ်ဖြင့် ပြုအပ်သော ပရမ္မုခါ ဝိကပ္ပနာ။

ဝိကပ္ပနာ (၂) မျိုးရှိသည်။

---

၃၄၇-မေး။ ။ဝိကပ္ပနာပြုပုံ- ဝိကပ္ပနာပြန်ပုံ - ပါဠိများကို ရေးသားပါ။

၃၄၇-ဖြေ။ ။ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။ ။ဝိကပ္ပနာ ပြုပုံပါဠိ၊ ။သက်နိုးအများဖြစ်ခဲ့လျှင်၊ ဣမာနိ စီဝရာနိ-ဟု ပြင်၍ဆို။ ။အဝေးသက်နိုးနှ- ဧတံ-ဧတာနိ-ပြင်၍ဆို။

မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိ ဝါ ယထာ ပစ္စယံ ကရောဟိ။ ။ဝိကပ္ပနာ ပြန်ပုံ ပဋ္ဌိ။ ။သင်္ကန်း အများ ဖြစ်လျှင် သန္တကာနိ-ပြင်၍ဆို။

---

၂၄ဂ-မေး။ ။သုရာပါနဝဂ်-ဒသမ သိက္ခာပုဒ်၌၊ အလိုရှိအပ်သော- ပတ္တ- စီဝရ- နိသီဒန- သူစိဃရ-ကာယဗန္ဓန-တို့ကို ဖော်ပြပါ။

၂၄ဂ-ဖြေ။ ။ဒသမသိက္ခာပုဒ်၌၊ အဓိဋ္ဌာန် လောက်သော သပိတ်-ဝိကပ္ပနာ လောက်သော သင်္ကန်း-အဆောင်ရှိသော နိသီဒိုင်- အပ်ရှိ, မရှိသော အပ်ကျည်- ခါးပန်းပြား- ဝက်အူခါးပန်းတို့ကို အလိုရှိ အပ်သည်။ ။ကင်္ခါ (၁၄၃)

---

၂၄ဃ-မေး။ ။ဒသမ သိက္ခာပုဒ်၌ လာရှိသော သပိတ်-စသည်မှ တပါးသော ဗိတ်အစရှိသော ဥပသမ္ပန္န-အနုပသမ္ပန္န ဥစ္စာဖြစ်သော ပရိက္ခာရာတို့ကို၊ ဖွက်ထားသောရဟန်းအား အဘယ်အာပတ် သင့်ပါသနည်း။

၂၄ဃ-ဖြေ။ ။ဒသမ သိက္ခာပုဒ်၌ လာရှိသော သပိတ်-စသည်မှ တပါးသော ဗိတ်အစရှိသော ဥပသမ္ပန္န-အနုပသမ္ပန္န ဥစ္စာဖြစ်သော ပရိက္ခာရာ

တို့ကို၊ ဖုက်ထားသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။ကဏ္ဍ (၁၄၅)

သုရာပါနဝဂ်ပြီး၏။

---

## သုဒ္ဓပါစိတ် သပ္ပါဏကဝဂ်။

၃၅၀-မေး။ ။သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ-၌၊ ပါဏ-အရ ဖြစ်သော တိရစ္ဆာန်ကို၊ လူမှ ကြွင်းသော သတ္တဝါ ဟူသမျှ ယူရမည်လော။ သို့မဟုတ်- အဘယ်ကို ယူရမည်နည်း။

၃၅၀-ဖြေ။ ။ပါဏ-အရ ဖြစ်သော တိရစ္ဆာန်ကို၊ လူမှ ကြွင်းသော သတ္တဝါဟူသမျှကို မယူရ။ ။ သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါ- စသည်တို့၌ ကဲ့သို့၊ ဘိလာသွားတတ်သော တိရစ္ဆာန်ဘုံ၌ ဖြစ်သော သတ္တဝါတို့ကိုသာ ယူရသည်။

---

၃၅၁-မေး။ ။သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ-၌၊ ပါဏ-အရဖြစ်သော တိရစ္ဆာန်ကို၊ န ဘိက္ခဝေ တိရစ္ဆာနဂတော ပါဏော ပဗ္ဗာဇေတဗ္ဗော-စသည်၌ကဲ့သို့၊ နတ်-ဘီလူး-ပြိတ္တာ-စသောလူနှင့်တူသော သတ္တဝါကို၊ အဘယ်ကြောင့် မယူပါသနည်း၊

၃၉၁-ဖြေ။ ။သမ္ဗုဒ္ဓ ပါဏံ ဓိဝိဘာ ဝေါရောပေသျ-၌၊ ပါဏာ-အရဖြစ်သော တိရစ္ဆာန်ကိုးနှ ဘိက္ခုဝေ တိရစ္ဆာန ဂတော ပဏ္ဍာဇဇာတဗ္ဗော-စသည့်၌ကဲ့သို့၊ နတ်-ဘီလူး-ပြိတ္တာ-စသော လူနှင့်တူသော သတ္တဝါကို၊ ထုလ္လစ္စည်းဝတ္ထု ဖြစ်သောကြောင့် မယူရပါသည်။

---

၃၉၂-မေး။ ။လူယောင် ဖန်ဆင်းနိုင်သော- နတ်- ဘီလူး-ပြိတ္တာတို့ကို သတ်လျှင်၊ အဘယ် အာပတ် သင့်ပါသနည်း။

၃၉၂-ဖြေ။ ။လူယောင် ဖန်ဆင်းနိုင်သော- နတ်- ဘီလူး-ပြိတ္တာတို့ကို သတ်လျှင်၊ ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

တသော ယက္ခာဒိနံ့ မရဏော ထုလ္လစ္စယံ။ ။ကင်္ခါ (၃၉)

---

၃၉၃-မေး။ ။သပ္ပါဏကဝဂ်- စတုတ္ထ သိက္ခာပုဒ်-ဒုဋ္ဌုလ္လံ အာပတ္တိံ-၌ဒုဋ္ဌုလ္လ အာပတ် အပြားကိုရင်း, ဤသိက္ခာပုဒ်၌ အလိုရှိ အပ်သော ဒုဋ္ဌုလ္လ အာပတ်ကိုရင်း,ဖော်ပြပါ။

၃၉၃-ဖြေ။ ။ဒုဋ္ဌုလ္လံ အာပတ္တိံ-၌ဒုဋ္ဌုလ္လအာပတ် အပြားကား၊ပါရာဇိက-သံဃာဒိသိသ်ဖြစ်သည်။ ။ ဤသိက္ခာပုဒ်၌ အလို ရှိအပ်သော ဒုဋ္ဌုလ္လ အာပတ်ကား၊ သံဃာဒိသိသ်ဖြစ်သည်။

၃၅၄-မေး။ ။သပ္ပါဏကဝဂ်- သတ္တမ သိက္ခာပုဒ်- မာတုဂါမေန သဒ္ဓိံ-၌၊ ဘိက္ခုနီ- သိက္ခမာန်- သာမဏေမ-တို့ကို မာတုဂါမ၌ ထည့်သွင်းယူလျှင်-သင့်-မသင့်-ဆုံးဖြတ်ပါ။

၃၅၄-ဖြေ။ ။မာတုဂါမေန သဒ္ဓိံ-၌၊ ဘိက္ခုနီ-သိက္ခမာန်-သာမဏေမ-တို့ကို မာတုဂါမ၌ ထည့်သွင်းယူလျှင် သင့်ပါသည်။ ။ကခ်ါ ဋီကာသစ် (၂၅၆)

---

၃၅၅-မေး။ ။အရိဋ္ဌ သိက္ခာပုဒ်၌၊ အန္တရာယိကာ ဓမ္မာ-ပါဌ်အရ၊ အန္တရာယ်(၅)ပါးနှင့်၊ ၎င်းသိက္ခာပုဒ်၌ အလို ရှိအပ်သော အန္တရာယ်ကို ဖော်ပြပါ။

၃၅၅-ဖြေ။ ။"ကံကိလေသ၊ ဝိပါကနှင့်၊ ဥပဝါဒ၊ အာဏာတိက္ကမ၊ ပဉ္စအန္တရာယ်၊ သင် မောက်ကွယ်၊ ကျမ်းငယ် သည်တိုင်းပြ"။

၎င်းသိက္ခာပုဒ်၌ အလိုရှိအပ်သော အန္တရာယ်ကား၊ အာဏာဝီတိက္ကမန္တရာယ် ဖြစ်သည်။ သို့မဟုတ်-ပဏ္ဏတ္တိဝီတိက္ကမန္တရာယ် ဖြစ်သည်။

---

၃၅၆-မေး။ ။ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၌၊ သံဘုဉ္ဇေယျ ဝါ-ပါဌ်အရ၊ သမ္ဘောဂ များကို ရေတွက်ပြပါ။

၃၅၆-ဖြေ။ ။သိက္ခာပုဒ်လွှဲယှဉ်-ပါဠိအရ၊ သင်္ဃာဒိသေသများကား၊ (၁) အသာမိသာသင်္ဃာဒိသ၊ (၂) မေ့သင်္ဃာဒိသ ဖြစ်ပါသည်။

---

၃၅၇-မေး။ ။ဥက္ကဋ္ဌသင်္ဃာဒိသ သိက္ခာပုဒ်၌၊ သံဝသေယျ ဝါ-ပါဠိအရ၊ ကံများကို ရေတွက်ပြပါ။

၃၅၇-ဖြေ။ ။သံဝသေယျ ဝါ - ပါဠိ အရ - ကံများကား၊ (၁)ဥပုသ်ကံ၊ (၂)ပဝါရဏာကံ၊ (၃)သံဃာ ကံ ဖြစ်ပါသည်။

---

၃၅၈-မေး။ ။ကဏ္ဋက သိက္ခာပုဒ်၌၊ တထာနာသိတံ-ပါဠိ အရ၊ နာသန အပြားကို ရေတွက်ပြီးလျှင်၊ ၎င်း၌ လိုအပ်သော နာသနကို ဖော်ပြပါ။

၃၅၈-ဖြေ။ ။နာသန အပြားကား၊ (၁) သံဝါသနာသန၊ (၂) လိင်္ဂနာသန၊ (၃) ဒဏ္ဍကမ္မ နာသန ဖြစ်သည်။ ။၎င်း၌ လိုအပ်သော နာသန ကား၊ဒဏ္ဍကမ္မနာသန ဖြစ်သည်။ ။ပါစိ (၁၅၀)

သပ္ပါဏကဝဂ် ပြီး၏။

---

## သဟဓမ္မိက-သဟဓမ္မိကဝဂ်။

၃၅၉-မေး။ ။ဝိလေခန သိက္ခာပုဒ်၌၊ ခုဒ္ဒါနုခုဒ္ဒကေဟိ - ပါဠိအရ၊ ခုဒ္ဒက-အနုခုဒ္ဒက-အရ ပိုင်းခြား၍ ပြပါ။

၃၇၉-ဖြေ။ ။ချုဒ္ဒက - အရကား၊ သံဃာဒိသိသ် အစရှိသည့် သည်-ချုဒ္ဒက၊ တုလ္လစ္စည်း အစရှိသည့် သည် - အနုချုဒ္ဒက။ ။ကာဠ် ဋီကာသစ် (၂၇၁-၂၇၉)

တနည်း၊ ဒုက္ကဋ်သည်-ချုဒ္ဒက၊ ဒုဗ္ဘာသိ သည်-အနုချုဒ္ဒက။ ။ပါတိမောက္ခ ပဒတ္ထ အနုဝဏ္ဏနာ။

---

၃၈၀-မေး။ ။ရိုက်နှက်ပုတ်ခတ်ခြင်းကိုပြုရာ၊မတော်တဆ လက်လွှန်၍ သေသွားရာ အဘယ် အာပတ် သင့်ပါသနည်း။

၃၈၀-ဖြေ။ ။ရိုက်နှက် ပုတ်ခတ် ခြင်းကို ပြုရာ၊ မတော် တဆ လက်လွှန်၍ သေသွားရာ၌ - ပါစိတ် အာပတ်သာ သင့်ပါသည်။ ပါရာဇိက မကျ ဟူလို။

---

၃၈၁-မေး။ ။ရဟန်းမှ တပါး လူ - သာမဏေ - မိန်းမ - ယောက်ျား-တိရစ္ဆာန် တို့ကို ရိုက်နှက်ပုတ် ခတ် လျှင်၊အဘယ်အာပတ် သင့်ပါသနည်း။

၃၈၁-ဖြေ။ ။ရဟန်းမှ တပါး၊ လူ - သာမဏေ - မိန်းမ - ယောက်ျား တိရစ္ဆာန်တို့ကို ပုတ်ခတ်လျှင်၊ ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။ကာဠ် (၁၅၃)

၃၆၂-မေး။ ။တပ်နှစ်သက်သော စိတ်ရှိ၍ ကျိုးငယ်သော အနေဖြင့် မိန်းမကို ရိုက်နှက် ပုတ်ခတ်သော ရဟန်းအား အဘယ် အာပတ် သင့်ပါသနည်း။

၃၆၂-ဖြေ။ ။တပ်နှစ်သက်သော စိတ်ရှိ၍ ကျိုးငယ်သော အနေဖြင့် မိန်းမကိုရိုက်နှက်သော ရဟန်းအား သံဃာဒိသိသ် အာပတ် သင့်ပါသည်။ ။ ကင်္ခါဋီကာသစ် (၅၆၀)

---

၃၆၃-မေး။ ။တလသတ္တိကံဥက္ကိရေယျ၌၊ တလသတ္တိက- အရ၊ လက်ဝါး ပြင်သာ ယူရ မည်လော သို့မဟုတ်-အဘယ်ကို ယူရမည်နည်း။

၃၆၃-ဖြေ။ ။တလသတ္တိက-အရ၊ လက်ဝါးပြင်သာ ယူရ သည်မဟုတ်။ အလုံးစုံသော-ကာယ-ကာယ ပဋိဗဒ္ဓ-တို့ကို ယူရပါသည်။ ။ကင်္ခါ(၁၅၃)

---

၃၆၄-မေး။ ။ဥပဿုတိ သိက္ခာပုဒ်၌၊ ဘဏ္ဍန-ကလဟ (၂)ပါး အထူးကို ဘော်ပြပါ။

၃၆၄-ဖြေ။ ။ခိုက်ရန် ဖြစ်ခြင်း ကလဟ၏ ရှေ့အဘို့၌၊ တပါးသော သူ တို့သည် ဤသို့ ဆိုသည် ဟူ၍သော်၊ ဤသို့ ငါတို့ဆိုကုန် အံ့ဟု တိုင်ပင် ခြင်းသည်-ဘဏ္ဍန။ ။ကိုယ် နှုတ်-တို့ဖြင့် လွန်ကျူး ခြင်းသည်-ကလဟ။ ။ဤကား ၂-ပါးအထူး။

ဘဏ္ဍနန္တိ ကလဟဿ ပုဗ္ဗဘာဂေ ပရေဟိ ဧဝံ ဝုတ္တေ ဧဝံ ဝက္ခာမာတိ မန္တနံ။ ကလဟောတိ ကာယဝါစာဟိ ဝီတိက္ကမော။ အယမေတေသံ ဝိသေသော။ ။ကင်္ခါယောဇနာ မဟာဋီကာ။

---

၃၆၅-မေး။ ။ဥပဿုတိ-ပုဒ်ကို၊ ဖြစ်သင့်တိုင်း ဝစနတ္ထ ပြုခဲ့ပါ။

၃၆၅-ဖြေ။ ။သုတိယာ သမီပံ ဥပဿုတိ။ ။ဥပေစ္စ သုယျတိ ဧတ္ထာတိ ဥပဿုတိ။

---

၃၆၆-မေး။ ။ကမ္မ ခီယန သိက္ခာ ပုဒ်ဝယ်၊ ဓမ္မိကာနံ ကမ္မာနံ-ဌ၊ ကံအပြား ရေတွက်ပြပါ။

၃၆၆-ဖြေ။ ။ကံ အပြားကား၊ (၁) အပလောကန ကံ၊ (၂)ဉတ္တိကံ၊ (၃)ဉတ္တိဒုတိယကံ၊(၄)ဉတ္တိစတုတ္ထကံ ဖြစ်ပါသည်။

---

၃၆၇-မေး။ ။အပလောကန စသော ကံ(၄)ပါး တို့၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

၃၆၇-ဖြေ။ ။ရုစ္စတိ သံဃဿ-ဟူ၍ သုံးကြိမ် ပန်ကြား၍ ပြုအပ်သောကံသည် အပလောကနကံ။ ။ဉတ်တကြိမ်ဖြင့် ပြုအပ်သော ကံသည်-ဉတ္တိကံ။ ။ဉတ်တကြိမ် ကမ္မဝါစာတကြိမ် ဖြင့်ပြုအပ်သောကံသည်-ဉတ္တိဒုတိယကံ။ ။ဉတ်တကြိမ်-ကမ္မဝါစာ သုံးကြိမ်ဖြင့် ပြုအပ်

သော ကံသည်-ဥတ္တိစတုတ္ထကံဖြစ်သည်။ ။ ဤကား အဓိပ္ပါယ်။

---

၃၆၈-မေး။ ။အပါယလောကန စသော ကံ(၄)ပါး တို့၏ ရောက်သော ဌာနများကား အဘယ်နှစ်ပါးစီ ဖြစ်ပါသနည်း။

၃၆၈-ဖြေ။ ။အပါယလောကနကံသည် (၅)ဌာနသို့ ရောက်သည်။ ။ဥတ္တိကံသည် (၉)ဌာနသို့ရောက်သည်။ ။ဥတ္တိဒုတိယကံသည်(၇)ဌာနသို့ ရောက်သည်။ ။ဥတ္တိ စတုတ္ထ ကံသည် (၇)ဌာနသို့ ရောက်သည်။

**အကျဉ်းဆောင်ပုဒ်။**

"ပ (၅) ဌာန၊ ဥတ်နဝ၊ ကြွင်းမှ (၇) ဌာန်"။

---

၃၆၉-မေး။ ။အပါယလောကန ကံ၏ ဌာန (၅)ပါးကား၊ အဘယ်နည်း။

၃၆၉-ဖြေ။ ။အပါယလောကန ကံ၏ ဌာန (၅)ပါးကား၊ (၁) သြသာ ရဏ၊ (၂) နိဿာ ရဏ၊ (၃) ဘဏ္ဍာကမ္မ၊ (၄) ဖြဟ္မဒဏ္ဍ၊ (၅) ကမ္မလက္ခဏာ ဖြစ်သည်။

---

၃၇၀-မေး။ ။ဥတ္တိကံ၏ဌာန(၉)ပါးကားအဘယ်နည်း။

၃၇၀-ဖြေ။ ။ဥတ္တိကံ၏ ဌာန(၉)ပါးကား၊ (၁) သြသာ ရဏ၊ (၂) နိဿာရဏာ၊(၃) ဥပေါသထ၊ (၄) ပဝါရဏာ၊ (၅) သမ္မုတိ၊ (၆) ဒါန၊

(၇) ပဋိဂ္ဂဟ၊ (၈) ပစ္စုက္ကဍ္ဎန၊ (၉) ကမ္မလက္ခဏာ ဖြစ်ပါသည်။

**အကျဉ်းဆောင်ပုဒ်။**

"အသွင်းအထုတ်၊ ဥပုသ် ပဝါ၊ သမုတ်ရှာ၊ ပေးပါခံငြင်လတ်။ ။ဉတ္တိကမ္မ၊ဌ-ဌာနကိုး၊ရောက်ဟန်ယှဉ်းမကွက်"။

---

၃၇၁-မေး။ ။ဉတ္တိ ဒုတိယ ကံ၏ ဌာန (၇)ပါးကား၊ အဘယ်နည်း။

၃၇၁-ဖြေ။ ။ဉတ္တိ ဒုတိယ ကံ၏ ဌာန (၇)ပါးကား၊ (၁)ဩသာရဏာ၊(၂)နိဿာရဏာ၊(၃)သမ္မုတိ၊(၄)ဒါန၊(၅)ဥဒ္ဓါရ၊(၆)ဒေသနာ၊(၇)ကမ္မလက္ခဏာ ဖြစ်သည်။

**အကျဉ်းဆောင်ပုဒ်။**

"ထုတ်သွင်းသမုတ်၊ပေးနုတ်ကြားချ၊လက္ခဏာ၊ရောက်လာသတ္တ၊ဒုတိယ"။

---

၃၇၂-မေး။ ။ဉတ္တိ စတုတ္ထ ကံ၏ ဌာန (၇)ပါးကား၊ အဘယ်နည်း။

၃၇၂-ဖြေ။ ။ဉတ္တိ စတုတ္ထ ကံ၏ ဌာန (၇)ပါးကား၊ (၁)ဩသာရဏာ၊(၂)နိဿာရဏာ၊(၃)သမ္မုတိ၊(၄)ဒါန၊ (၅)နိဂ္ဂဟ၊ (၆)သမနုဘာသန၊ (၇)ကမ္မလက္ခဏာဖြစ်သည်။

**အကျဉ်းဆောင်ပုဒ်။**

"အသွင်းအထုတ်၊ သမုတ်ပေးချက်၊ နှိပ်လျက် ဆုံးမ၊ လက္ခဏာ၊ရောက်ထသတ်စတုတ်"။

၃၇၃-မေး။ ။ယထာ သန္ထတံ - ပုဒ်ကို ဝစနတ္ထ ပြု၍၊ ၎င်း၏ အရ-အဆွေခင်ပွန်း များကို ရေတွက် ပြပါ။

၃၇၃-ဖြေ။ ။ယော ယော သန္ထတော ယထာ သန္ထတံ။ ။သမ္မာ ထပီယတိ ပသံသီယတီတိ သန္ထတော။ ။ယော ယော သန္ထတော ယထာ သန္ထတံ။ ။ယထာသန္ထတာ-အရ၊ အဆွေ ခင်ပွန်း များကား၊ မိတ္တ-သန္ဒိဋ္ဌ-သမ္ဘတ္တ-အမွမ်းဖြင့်(၃)မျိုး ဖြစ်ပါသည်။

---

၃၇၄-မေး။ ။နိဿဂ္ဂိပါစိတ် အခန်း သိက္ခာပုဒ်နှင့်၊ သဟဓမ္မိကဝဂ် အခန်း သိက္ခာပုဒ် (၂)ခု တို့၏ အထူးကို ဖော်ပြပါ။

၃၇၄-ဖြေ။ ။နိဿဂ္ဂိပါစိတ် အခန်း သိက္ခာ ပုဒ်၌၊ မိမိသို့ ညွတ်စေအပ်သည်၏ အဖြစ်ကြောင့် နိဿဂ္ဂိ ပါစိတ်အာပတ် သင့်သည်။ ။သဟဓမ္မိက ဝဂ် အခန်းသိက္ခာပုဒ်၌၊ ပုဂ္ဂိုလ်သို့ ညွတ်စေ အပ်သည်၏ အဖြစ်ကြောင့် သုဒ္ဓ ပါစိတ် အာပတ် သင့်သည်။ ။ဤကား အထူး။

သဟဓမ္မိကဝဂ် ပြီး၏။

---

## သုဒ္ဓပါစိတ်-ရတနဝဂ်။

၃၇၅-မေး။ ။ရာဇဝဂ်-ဒုတိယ သိက္ခာပုဒ်၌၊ ရတနံ-ပါဠိ၏ အရ၊ ရတနာ(၁၀)ပါးကို ရေတွက်ပြပါ။

၃၇၅-ဖြေ။ ။ရတနံဝါ-ပါဠိ အရ၊ ရတနာ (၁၀)ပါးကား၊ ပုလဲ - ပတ္တမြား - ကြောင်မျက်ရွဲ - ခရုသင်း- ကျောက်သလင်း-သန္တာ-ငွေ-ရွှေ-ပတ္တမြားနီ- ပတ္တမြား ပြောက်တို့ ဖြစ်သည်။ ။ကင်္ခါ ဋီကာသစ်(၂၇၁)

---

၃၇၆-မေး။ ။ရတန သမ္မတံ ဝါ-ပါဠိ အရ၊ ရတနာ-ဟု သမုတ်အပ်သော အသုံးအဆောင် တို့ကား၊ အဘယ်သည်တို့နည်း။

၃၇၆-ဖြေ။ ။ရတနာ - ဟု သမုတ် အပ်သော အသုံး အဆောင်တို့ကား၊ ဥပဘောဂ-ပရိဘောဂ- အတွင်းအပအသုံးအဆောင်ဖြစ်သောအလုံး ရုံသောလူတို့၏အဝတ်တန်းဆာ အစရှိသော အသုံး အဆောင် တည်း။ ။ပါတိမောက္ခ ပဒတ္ထအနုဝဏ္ဏနာ(၂၇၇)

---

၃၇၇-မေး။ ။ဝိကာလ ဂါမပ္ပဝေသန သိက္ခာပုဒ်၌၊ သန္တံ ဘိက္ခုံ-အရ-ဘော်ပြပါ။

၃၇၇-ဖြေ။ ။ဝိကာလ ဂါမပ္ပဝေသန သိက္ခာ ပုဒ်၌၊ သန္တံ ဘိက္ခုံ-အရကား၊ ဥပစာရသိမ်တွင်း-ဒဿန ပစာရ၌ရှိသော ရဟန်းကို ယူရပါသည်။

---

၃၇၈-မေး။ ။ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်၌၊ဝိကာလ- အရ-ဘော်ပြပါ။

၃၇၈-ဖြေ။ ။ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်၌၊ဝိကာလ-အရကား၊ မွန်းတည့်လွန်သည်မှစ၍ အရုဏ်မတက်မီ အတွင်း သည် ဝိကာလ ဖြစ်ပါသည်။ ။ကင်္ခါ (၁၆၅)

---

၃၇၉-မေး။ ။နေလွဲသောအခါရွာတွင်းသို့ဝင်လျှင်၊ဒသသန္တ ပစာရ-၌ရှိသော ရဟန်းကို ပန်ကြား ရသော ပါဠိများကို ရေးလိုက်ပါ။

၃၇၉-ဖြေ။ ။နေလွဲသောအခါရွာတွင်းသို့ဝင်လျှင်၊ဒသသန္တ ပစာရ-၌ရှိသော ရဟန်းကို ပန်ကြားရသော ပါဠိ များကား။ ။ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ- ဟူ၍၎င်း၊ ဂါမံ ပဝိသိဿာမိ-ဟူ၍၎င်း၊ ပန်ကြား ရသည်။ ။ကင်္ခါ အဋ္ဌကထာ။

---

၃၈၀-မေး။ ။ဝိကာလ ဂါမပ္ပဝေသန သိက္ခာ ပုဒ်၌၊ အနုပညတ် အဘယ်နှစ်ခု ရှိပါသနည်း။ ၎င်းအနုပညတ် များကို ရေးသား လိုက်ပါ။

၃၈၀-ဖြေ။ ။ဝိကာလ ဂါမပ္ပဝေသန သိက္ခာ ပုဒ်၌၊ အနုပညတ် (၃)ခု ရှိပါသည်။

အနုပညတ်များကား၊ (၁) သန္တံ ဘိက္ခုံ၊ (၂) အနာပုစ္ဆာ၊ (၃) တထာရူပါ အစ္စာယိကာ-ဖြစ်ပါသည်။

၃၈၁-မေး။ ။သူပိယာရ သိက္ခာ ပုဒ်၌၊ ဘောဒနကံ-ပုဒ်ကို
ဝစနတ္ထပြု၍-အရကောက်ပြပါ။

၃၈၁-ဖြေ။ ။ဘောဒနကံ အဿ အတ္ထီတိ ဘောဒနကံ။ ။
ပါစိတ် အာပတ် ရစေ။

---

၃၈၂-မေး။ ။နဝံပနဘိက္ခုနာ မဉ္စံဝါ-ပီဌံဝါ-ပါဠိ၌၊မဉ္စ-ပီဌ-
တို့၏ အပြားကို ဖော်ပြပါ။

၃၈၂-ဖြေ။ ။မဉ္စအပြားကား၊(၁)မသာရက၊(၂)ဗုန္ဒိကာ
ဗဒ္ဓ၊ (၃)ကုဠီရပါဒက၊ (၄)အာဟစ္စပါဒက-
ဖြစ်သည်။

ပီဌအပြားကား၊ (၁)မသာရက၊ (၂)ဗုန္ဒိ
ကာဗဒ္ဓ၊ (၃) ကုဠီရပါဒက၊ (၄) အာဟစ္စ
ပါဒက-ဖြစ်သည်။

---

၃၈၃-မေး။ ။ဆေဒနကံ ပါစိတ္တိယံ-၌၊ ဆေဒနကံ-ပုဒ်ကို
ဝစနတ္ထပြု၍ အရကောက်ပြပါ။

၃၈၃-ဖြေ။ ။ဆေဒနကံ အဿ အတ္ထီတိ ဆေဒနကံ။ ။
ပါစိတ် အာပတ် ရစေ။

---

၃၈၄-မေး။ ။တူလောနဒ္ဓံ ကာရာပေယျ-၌၊ တူလောနဒ္ဓ-
ပုဒ်ကို ဝစနတ္ထပြု၍၊တူလ-အပြားကိုရေတွက်
ပြပါ။

၃၈၄-ဖြေ။ ။တူလံ ဩနဒ္ဓံ ဧတ္ထာတိ တူလောနဒ္ဓံ။ ။
တူလအပြားကား၊ (၁) ရုက္ခတူလ-သစ်လဲ၊

(၂) လတာတူလ နှယ်လဲ၊ (၃) ပေါ်ဒုကီ တူလ-ပေါင်းခါးမြက်လဲ-ဖြစ်ပါသည်။

---

၃၇၅-မေး။ ။အဂိလာနရဟန်းအား၊ သိသုပခါန ခေါင်းအုံး-ပါဒုပခါန ခြေအုံး- နှစ်ပါးရုံ- အပ်-မအပ် ဆုံးဖြတ်ပါ။

၃၇၅-ဖြေ။ ။အဂိလာန ရဟန်းအား၊ သိသုပခါန ခေါင်းအုံး-ပါဒုပခါန ခြေအုံး-နှစ်ပါးရုံအပ်ပါသည်။

အဂိလာနဿ သိသုပခါနဥ္စ ပါဒုပခါနဥ္စာတိ ဒွယ မေဝ ဝဋ္ဋတိ။ ။ကင်္ခါ ဋီကာသစ် (၂၃၃)

---

၃၇၆-မေး။ ။ဂိလာနရဟန်းအား၊ ခေါင်းအုံးတို့ကို ခင်း၍-အထက်၌ ဇိမ်ရာအခင်းကို ခင်း၍-အိပ်ခြင်း ငှါ အပ်ပါမည်လော။

၃၇၆-ဖြေ။ ။ဂိလာနရဟန်းအား၊ ခေါင်းအုံးတို့ကို ခင်း၍-အထက်၌ဇိမ်ရာအခင်းကိုခင်း၍ အိပ်ခြင်းငှါ အပ်ပါသည်။

ဂိလာနဿ ဗိမ္ဗောဟနာနိ သန္ထရိတွာ ဥပရိ ပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုံပိ ဝဋ္ဋတိ။ ။ကင်္ခါဋီကာသစ်(၂၃၃)

၃၈၇-မေး။ ။အဘယ်မျှလောက်သော ကြီးသော ခေါင်း အုံးသည့် အပ်ပါသနည်း။

၃၈၇-ဖြေ။ ။ရေမျို လည်ပင်းမှ စ၍- ဦးခေါင်း အလုံးကို အုံးလောက်ရုံ - ဦးခေါင်း ပမာဏ ရှိသော ခေါင်းအုံးသည်သာ အပ်သည်။ ထိုထက်ကြီး လျှင်မအပ်။ ။ကင်္ခါအဋ္ဌကထာ (၁၄၇)

---

၃၈၈-မေး။ ။အမာလွှမ်း သက်န်းကို၊ အဘယ် အရပ်၌ ဖြစ်သော အနာတို့ကို ဖုံးလွှမ်းခြင်းငှါ ခွင့်ပြု တော်မူပါသနည်း။

၃၈၈-ဖြေ။ ။အမာလွှမ်း သက်န်းကို၊ ချက်၏ အောက်- ပုဆစ် ဒူးဝန်းနှစ်ဘက်၏ အထက်၌ ဖြစ်ကုန် သော- ယားနာ- အိုင်းအနာ-အရည်ယိုသော အနာ-ဝဲကြီးအနာတို့ကို ဖုံးလွှမ်းခြင်းငှါ ခွင့်ပြု တော်မူပါသည်။ ။ကင်္ခါအဋ္ဌကထာ(၁၄၇)

ရတနဝဂ် ပြီး၏။

သုဒ္ဓပါစိတ် ဉာတွင် ပြီး၏။

---

ပါဠိဒေသနီ။

၃၈၉-မေး။ ။ပါဠိဒေသနီယံ - ပုဒ်ကို ဝေဖန်ခွဲခြမ်း၍ အရ ကောက်ပြီးလျှင်၊ အဓိပ္ပါယ် ဘော်ပြပါ။

၃၇၉-ဖြေ။ ။ပဋိဝိသုံ ဒေသေတဗ္ဗန္တိ ပါဋိဒေသနီယံ။ ။ပါဋိဒေသနီအာပတ် ရစေ။ ။အသီးအခြား ဒေသနာ ကြားအပ်သောကြောင့် ပါဋိဒေသနီ မည်သည်။ ။ဤကားအဓိပ္ပါယ်။ ။ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ (၂၇၃)

---

၃၈၀-မေး။ ။ပါဋိဒေသနီအာပတ်၏ ဒေသေတဗ္ဗာကာရ-ကို ဘော်ပြပါ။

၃၈၀-ဖြေ။ ။ပါဋိဒေသနီ အာပတ်၏ ဒေသေတဗ္ဗာကာရ-ကား၊ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ။

သီတင်းငယ်ဖြစ်လျှင်၊ အာဝုသော-နေရာ၌၊ ဘန္တေ-လဲ၍ ဆိုလေ။

---

၃၈၁-မေး။ ။ဝေါသာသသမာနရူပါ- ဟူသောပုဒ်၌၊ ဝေါသာ သမာန-ပုဒ်ကို ဝစနတ္ထ ပြု၍။ ရူပါ-ပုဒ်နှင့် သမာသ်တွဲစပ်ပြီးလျှင်-အရကောက်ပြပါ။

၃၈၁-ဖြေ။ ။ဝေါသာ သိယတေ ကထိယတေ ဝေါသာ သမာနံ။ ။ဝိပုဗ္ဗ- အဝပုဗ္ဗ- သာသဓာတ်၊ ကထနေ ပဝတ္တတိ။ ။ဝေါသာသမာနော ရူပေါ သဘာဝေါ ဧတိဿာ ဘိက္ခုနိယာတိ ဝေါသာသမာန ရူပါ။ ။စီရင်သော သဘောရှိသော ဘိက္ခုနီမ ရစေ။

---

၃၉၂-မေး။ ။ဒုတိယပါဠိဒေသနီယ သိက္ခာပုဒ်၌၊ ဝေါသာသနာကာရ - အပသာဒေတဗ္ဗာ ကာရ- ဖြ- ပါဠိများကို ဘော်ပြပါ။

၃၉၂-ဖြေ။ ။ဝေါသာသနာ ကာရ-ဖြ ပါဠိကား။ဣဓ သူပံ ဒေထ၊ ဣဓ ဩဒနံ ဒေထာတိ-တည်း။

အပသာဒေ တဗ္ဗာကာရ - ဖြ ပါဠိကား။ အပသက္က တာဝ ဘဂိနိ ယာဝ ဘိက္ခူ ဘုဉ္ဇန္တီတိ တည်း။

၃၉၃-မေး။ ။တတိယပါဠိဒေသနီ သိက္ခာပုဒ်၌၊ အဘယ် သို့သော အမျိုးကို၊ ဉတ္တိ ဒုတိယ ကံဖြင့် သေက္ခသမ္မုတိကို ပေးရပါသနည်း။

၃၉၃-ဖြေ။ ။တတိယ ပါဠိဒေသနီ သိက္ခာပုဒ်၌၊ သဒ္ဓါ တရားနှင့်ပြည့်ရုံ၍ ဥစ္စာရှားပါးသော အမျိုး ကို၊ သေက္ခသမ္မုတိကို ပေးရပါသည်။

၃၉၄-မေး။ ။တတိယ- စတုတ္ထ- ပါဠိဒေသနီ သိက္ခာပုဒ် တို့၌၊ အဂိလာနော- ပါဠိ၌အရ၊ အဂိလာန- ဂိလာန-ခွဲခြား၍ ပြပါ။

၃၉၄-ဖြေ။ ။ဆွမ်းခံ လှည့်လည် ခြင်းငှါ စွမ်းနိုင်သော ရဟန်းသည်- အဂိလာနမည်၏။ ။ဆွမ်းခံ လှည့်လည်ခြင်းငှါ မစွမ်းနိုင်သော ရဟန်း သည်-ဂိလာနမည်၏။

၃၉၅-မေး။ ။ပဌမ - တတိယ - စတုတ္ထ - ပါဒ္ဒိ ဒေသနီ သိက္ခာပုဒ်တို့၌၊ ခါဒနီယံ- ဘောဇနီယံ - ပုဒ် များကို ဝစနတ္ထပြုပြီးလျှင်၊ ၎င်းတို့၏ အရကို လည်း ဘော်ပြပါ။

၃၉၅-ဖြေ။ ။ခါဒိတဗ္ဗန္တိ ခါဒနီယံ။ ။အရကား၊ ဘော ဇဉ် (၅) ပါးမှ တပါး- ယာဝ ကာလိက တည်း။ ။ဘုဉ္ဇိတဗ္ဗန္တိ ဘောဇနီယံ၊ ။ အရကား၊ ဩဒန- ကုမ္မာသ- သတ္တု- မစ္ဆ- မံသ-ဟု ဆိုအပ်သော ဘောဇဉ် (၅) ပါး တည်း။

---

၃၉၆-မေး။ ။စတုတ္ထ ပါဋိဒေသနီ သိက္ခာပုဒ်၌၊ အာရည ကသေနာသန- အရ၊ အဘယ် မျှလောက် ဝေးကွာသော ကျောင်းကို ယူရမည်နည်း။

၃၉၆-ဖြေ။ ။စတုတ္ထ ပါဋိဒေသနီ သိက္ခာပုဒ်၌၊ အာရည ကသေနာသန- အရ၊ ပဉ္စဓနုသတပစ္ဆိမာသော အရညေ ကတာနီ- ဟူသော ပါဠ်နှင့်အညီ- ကုလလေးတာ အပြန်ငါးရာ ဝေးကွာသော ကျောင်းကို ယူရသည်။

ပါဋိဒေသနီ ပြီး၏။

---

## သေခိယာ။

၃၉၇-မေး။ ။သေခိယပုဒ်ကို၊ သဒ္ဒါတိုင်း ဝစနတ္ထပြု၍ အဓိပ္ပါယ်ဘော်ပြပါ။

၃၉၇-ဖြေ။ ။သိက္ခာ တဗ္ဗန္တိ သေဒိယံ၊ သေခသာ ဇာဒံ သေဒိယံ-ဟူသော ဝစနတ္ထနှင့် အညီ၊ ကျင့် အပ်သောကြောင့်ရင်း, သေခပုဂ္ဂိုလ်၏ ဥစ္စာ ဖြစ်သော ကြောင့်ရင်း, သေဒိယ မည်ပါ သည်။ ။ဤကား အဓိပ္ပါယ်။

---

၃၉၈-မေး။ ။သေဒိယ သိက္ခာပုဒ်တို့၌၊ အာပတ်ကိုပြ ခြင်း၌ ကာရကပုဂ္ဂိုလ်ကို မဆိုပါသနည်း။

၃၉၈-ဖြေ။ ။သေဒိယ သိက္ခာ ပုဒ်တို့၌၊ လွန်ကျူးခြင်း နှင့်သော်လည်း မရှိသေခြင်းကိုငဲ့သော ရဟန်း အားသာ အာပတ် သင့်၏- ဟု ပြခြင်း၌ ကာရကပုဂ္ဂိုလ်ကို မဆိုပါ။ ။ကင်္ခါဝိတရဏီ ဇနာ မဟာဋီကာ-စတုတ္ထ (၃၁၁)

---

၃၉၉-မေး။ ။ပါရာဇိက စသည်တို့၌၊ တတြမေ စသော ချော ပါရာဇိကာ ဓမ္မာ-စသည်ဖြင့် သိက္ခာ ပုဒ်အပိုင်းအခြားကို ပြသကဲ့သို့၊ သေဒိယ၌ တတြိမေ ပဉ္စ သတ္တတိ သေဒိယာ ဓမ္မာ- စသည်ဖြင့် အာပတ် ကြောင့် သိက္ခာပုဒ် အပိုင်းအခြားကို မပြပါသနည်း။

၃၉၉-ဖြေ။ ။ဓုဋ္ဌဝါ- ဝတ္တက္ခန္ဓကာ၌ ဟောတော်မူအပ်ကုန် သော အာဂန္တုကဝတ် စသည် တို့သည် လည်း၊ ကျင့်အပ် သောကြောင့် သေဒိယ

တ္ထိသာသျှင်ဖြစ်ကုန်၏။ ထိုကြောင့် - ပါရာဇိက စသည်တို့၌ ကဲ့သို့၊ တတြိမေ ပဥ္စသတ္တတိ သေခိယာ ဓမ္မာ- စသည်ဖြင့် သိက္ခာပုဒ် အပိုင်းအခြားကို မပြသည်။

တနည်း၊ စာရိတ္တ ဝိနည်းကို ပြခြင်းငှါလည်း သိက္ခာပုဒ် အပိုင်းအခြားကို မပြသည်။ ၊ကင်္ခါ (၁၇၀)

---

၄၀၀-မေး။ ။သေခပနဘိက္ခု ဩလမ္ဗနေ္တာ နိဝါသေယျ ဒုက္ကဋံ-ဟု အာပတ် အမည်ဖြင့် မဟောမူ၍၊ သိက္ခာ ကရဏီယာ-ဟု အလုံးစုံ သော သေခိယ သိက္ခာပုဒ်၌ ပါဠိကို ဟောတော်မူပါလျက်၊ အဘယ်ကြောင့် ဒုက္ကဋ်အာပတ်ဟု သိအပ်ပါသနည်း။

၄၀၀-ဖြေ။ ။ယောပန ဘိက္ခု ဩလမ္ဗနေ္တာနိဝါသေယျ ဒုက္ကဋံ-ဟု အာပတ်အမည်ဖြင့် မဟောသော်လည်း၊ ပဒဘာဇနီ ပါဠိတော်-၌ အာပတ္တိ ဒုက္ကဋဿ ဟူ၍ ဟောတော် မူသောကြောင့် အလုံးစုံသော သေခိယ သိက္ခာပုဒ် တို့၌ ဒုက္ကဋ်အာပတ်ဟု သိအပ်ပါသည်။ ။ကင်္ခါ (၁၇၀)

၄၀၁-မေး။ ။ပရိမဏ္ဍလံ နိဝါ သေသသာမိ - ပါဠိအရ၊ ထက်ဝန်းကျင်မှ အဝန်း သုံးပါးညီညွတ်စွာ ဝတ်ပုံကို ဖော်ပြပါ။

၄၀၁-ဖြေ။ ။ချက်အဝန်းကို ဖုံးလွှမ်း၍- ပုဆစ် ဒူးဝန်းနှစ်ဘက်၏အောက်၌ သလုံး မြင်းခေါင်းရိုးမှ စ၍ ပကတိလက်ရှစ်သစ် အတိုင်းအရှည်မျှ သင်းပိုင်ကို ချ၍ ဝတ်သော ရဟန်းသည် ထက်ဝန်းကျင်မှ အဝန်းသုံးပါး ညီညွတ်စွာ ဝတ်သည်မည်၏။ ။ကဝိ (၁၃၁)

---

၄၀၂-မေး။ ။သေခိယသိက္ခာပုဒ် (၇၅) ခုတို့၏- နိဒါန်း-ပုဂ္ဂိုလ်-ဝတ္ထုတို့ကို အကျဉ်းချုပ် အားဖြင့် ပြခဲ့ပါ။

၄၀၂-ဖြေ။ ။သုရုသုရုကာရက သိက္ခာပုဒ်ကို၊ ကောသမ္ဗီ ပြည်၌၊ သာမိသေဲန ဟတ္ထေန ပါနီယထာလကာ သိက္ခာပုဒ်-သသိတ္ထက ပတ္တ ဓောဝန ပန္နသံယုတ္တ သိက္ခာပုဒ် (၂)ခု အပေါင်းကို- ဘဂ္ဂတိုင်းတို့၌၊ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူ၏။ ဆိုအပ်ပြီးသော သိက္ခာပုဒ် (၃) ပါးမှ ကြွင်းသော (၇၂)ပါးသော သေခိယ သိက္ခာပုဒ်တို့ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကိုအကြောင်းပြု၍၊ တွဲရရွဲဆွဲ၍ဝတ်ခြင်း

စသော ဝတ္ထုကြောင့် ပညတ်တော် မူအပ်ကုန်၏။ ။ကခ်ါ (၁၇၂)

---

၄၀၃-မေး။ ။အာပတ် သင့်ကောင်းသော ပုဂ္ဂိုလ်- အဘယ်နှစ်ယောက် ရှိပါသနည်း။

၄၀၃-ဖြေ။ ။ပဋ္ဌနဒ္ဓေဝ အာပတ္တိဟု ပရိဝါ ပါဠိတော် ဒုတိယ ဂါထာသင်္ဂဟကဏ္ဍ ဟောတော်မူသောကြောင့်၊ ရဟန်းယောက်ျား - ရဟန်းမိန်းမ- သိက္ခမာန်- သာမဏေ- ယောက်ျား- သာမဏေ မိန်းမအားဖြင့် (၅) ယောက်သော သိဘင်းသုံးတော်တို့သည် အာပတ် သင့်ကောင်းပါသည်။

---

၄၀၄-မေး။ ။အာပတ် သင့်ကောင်းသော ပုဂ္ဂိုလ် (၅) ယောက်ကို၊ ရချ ပရိယာယ- ခွဲခြား၍ပြပါ။

၄၀၄-ဖြေ။ ။ရဟန်း ယောက်ျား - ရဟန်း မိန်းမ (၂) ယောက်မှာ၊ရချ-အာပတ် သင့်ပါသည်။ ။ သိက္ခမာန်- သာမဏေ ယောက်ျား- သာမဏေမိန်းမ (၃)ယောက်မှာ၊ "အကပ္ပိယတ္တာ နဝဋ္ဋတိ" ပရိယာယ်အားဖြင့် အာပတ်သင့်ပါသည်။

---

၄၀၅-မေး။ ။သိက္ခမာန်- သာမဏေ ယောက်ျား- သာမဏေ မိန်းမတို့ အာပတ်သင့်လျှင်၊ ဒေသနာ

ကြားရမည်သော။ သို့မဟုတ်-အာပတ်သို့ပြု
လုပ်ရမည်နည်း။

၄၀၅-ဖြေ။ ။သိက္ခမာန်စသော (၃)ယောက်တို့- အာပတ်
သင့်လျှင် ဒေသနာ မကြားရ။ ဒုက္ကဋ်အမှုကို
သာ ပြုအပ်၏။ ။ကင်္ခါသောဘနာ မဟာ
ဋီကာ (၃၁၂)

---

၄၀၆-မေး။ ။သေခိယ အစသိက္ခာပုဒ်၏ အင်္ဂါကို ရေ
တွက်ပြပါ။

၄၀၆-ဖြေ။ ။(၁) မရိုသေခြင်း။
(၂) အာပတ် မသင့် ခြင်း၏ အကြောင်း
မရှိခြင်း။
(၃) မညီမညွတ် ဝတ်ခြင်း။
ပေါင်း (၃) ပါးတည်း။

ဤ သိက္ခာပုဒ်၌ အင်္ဂါ (၃) ပါး ဖြစ်သ
ကဲ့သို့၊ ခပ်သိမ်းသော သေခိယ သိက္ခာပုဒ်
တို့၌ (၁) အနာဒရ ပြုခြင်း၊ (၂) အာပတ်
မသင့်ခြင်း၏ အကြောင်းမရှိခြင်း ဟူသော
အင်္ဂါ (၂) ပါး။ ထိုထို သိက္ခာပုဒ်၌ ဟော
တော်မူအပ်သော သိက္ခာ၏ ဆန့်ကျင်ဘက်
ကို ပြုခြင်းအားဖြင့် အင်္ဂါ (၃) ပါးစီချည်း
ဖြစ်ကုန်၏။

၄၀၇-မေး။ ။သေဒိယာဠ၊ သာရုပ္ပ သိက္ခာပုဒ်- ဘောဇန ပဋိသံယုတ္တ သိက္ခာပုဒ် - ဓမ္မဒေသနာ ပဋိ သံယုတ္တ သိက္ခာပုဒ်-ဥစ္စာရ သိက္ခာပုဒ် (၄) မျိုး၏ သိက္ခာပုဒ် အရေ အတွက်ကို - အ ပေါင်းသင်္ချာမျှ ဖော်ပြပါ။

၄၀၇-ဖြေ။ ။သာရုပ္ပသိက္ခာပုဒ် (၂၆) ပါးရှိပါသည်။ ။ ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ် (၃၀) ရှိပါ သည်။ ။ဓမ္မဒေသနာပဋိသံယုတ္တ သိက္ခာ ပုဒ်(၁၆)ပါး ရှိပါသည်။ ။ဥစ္စာရ သိက္ခာ ပုဒ် (၃) ပါးရှိပါသည်။ ။ပေါင်း သေခိယ သိက္ခာပုဒ် (၇၅) ပါး ရှိပါသည်။

---

၄၀၈-မေး။ ။သာရုပ္ပ သိက္ခာပုဒ် (၂၆) ပါးကို - သိသာရုံ ရေတွက်ပြပါ။

၄၀၈-ဖြေ။ ။ပရိမဏ္ဍလဝဂ် (၁၀) သိက္ခာပုဒ်၊ ဥဇ္ဇဂ္ဃိက ဝဂ် (၁၀) သိက္ခာပုဒ်၊ ခမ္ဘကတ ဝဂ်- နပလ္လတ္ထိကာယသိက္ခာပုဒ်အထိ (၆) သိက္ခာ ပုဒ်၊ ဤကား· သာရုပ္ပ သိက္ခာပုဒ် (၂၆) ပါး ဖြစ်ပါသည်။

---

၄၀၉-မေး။ ။ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် (၃၀) ကို- သိသာရုံ ရေတွက်ပြပါ။

၄၀၉-ဖြေ။ ။ခမ္ဘကတဝဂ် သက္ကစ္စံ ပိဏ္ဍပါတံ သိက္ခာပုဒ် ကစ၍ သိက္ခာပုဒ်(၄)ပါး၊ သက္ကစ္စဝဂ် (၁၀)

သိက္ခာပုဒ်၊ ကဗဠဝဂ် (၁၀) သိက္ခာပုဒ်၊ သုရုသုရုဝဂ် - နသသိတ္ထကံပတ္တဓောဝနံ သိက္ခာပုဒ်အထိ (၆) သိက္ခာပုဒ်၊ ဤကား- ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် (၃၀) ဖြစ်ပါသည်။

---

၄၁၀-မေး။ ။ဓမ္မဒေသနာ ပဋိသံယုတ္တသိက္ခာပုဒ် (၁၆) ပါးကို သိသာရုံ ရေတွက်ပြပါ။

၄၁၀-ဖြေ။ ။သုရုသုရု ဝဂ်-နဆတ္တပါဏိဿ သိက္ခာပုဒ် ကစ၍-သိက္ခာပုဒ် (၄) ပါး၊ ပါဒုကဝဂ်-နဥပ္ပထေနဂစ္ဆန္တော အထိ- သိက္ခာပုဒ် (၁၂) ပါး၊ ဤကား- ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ် (၁၆) ပါး ဖြစ်ပါသည်။

---

၄၁၁-မေး။ ။တိဥစ္စာရ သိက္ခာပုဒ် (၃) ပါးကို သိသာရုံ ရေတွက်ပြပါ။

၄၁၁-ဖြေ။ ။ပါဒုကဝဂ် န ဌိတော အဂိလာနော ကစ၍- အဆုံး သိက္ခာပုဒ် (၃) ခုသည်၊ တိဥစ္စာရ သိက္ခာပုဒ် ဖြစ်ပါသည်။

---

၄၁၂-မေး။ ။ဒုတိယ သေခိယ သိက္ခာပုဒ်၌၊ ပရိမဏ္ဍလ ပါရုပန ဟူသည် ရုံသည်ကိုယူရမည်လော၊ သို့မဟုတ်- လက်ကတော့ ထိုးသည်ကို ယူရမည်လော။ ဖြေပါ။

၄၁၂-ဖြေ။ ။ဒုတိယ သေခိယ သိက္ခာပုဒ်၌၊ ပရိမဏ္ဍလ ပါရုပန - ဟူသည် လက်ကတော့ ထိုးသည်ကို ယူရပါသည်။

---

၄၁၃-မေး။ ။ပရိမဏ္ဍလပါရုပန- ဖြစ်အောင် အဘယ်သို့ ရုံမည်နည်း။

၄၁၃-ဖြေ။ ။ရဒ္ဒကဌ္ဌကြွန္တကာ၌ ပယ်အပ်သော လူတို့ ရုံခြင်းကဲ့သို့ မရုံမူ၍၊ အဝန်း နှစ်ဘက်တို့ကို အညီအမျှပြု၍ ရုံခြင်းသည်-ပရိမဏ္ဍလ ပါရုပန-မည်၏။

---

၄၁၄-မေး။ ။သုပ္ပဋိစ္ဆန္နဂမနသိက္ခာပုဒ်၌၊ သုပ္ပဋိစ္ဆန္နအင်္ဂါ ဘော်ပြပါ။

၄၁၄-ဖြေ။ ။ဦးခေါင်းနှင့် တကွ မရုံဘဲ၊ ကမွတ်ကွင်း၌ ကမွတ်သီးကို တပ်၍၊ ဒူး လျား အနားပတ်ဝန်းဖြင့် လည်ကို ဖုံးလွှမ်းလျက်၊ နှစ်ဘက်သော အဝန်းကို အညီပြုပြီးမှ ယှဉ်သဖြင့်၊ လက်ကောက်ဝတ် တိုင်အောင် ဖုံးလွှမ်းခြင်းသည် သုပ္ပဋိစ္ဆန္န-အင်္ဂါ ဖြစ်သည်။

(၎င်းသည် သင်္ကန်းရုံခြင်းဖြစ်သည်။ ။အမှာစကား)။

---

၄၁၅-မေး။ ။သုပ္ပဋိစ္ဆန္န နိသီဒနသိက္ခာပုဒ်၌- သုပ္ပဋိစ္ဆန္န အင်္ဂါ ဘော်ပြပါ။

၄၁၅-ဖြေ။ ။လည်မျို ချိုင့်မှစ၍- ဦးခေါင်းကို ဖွင့်၍၊ လက်ကောက်ဝတ်မှစ၍- လက်ဖျံကို ဖွင့်၍၊

သလုံးမြင်းခေါင်းသားမှ၍-ခြေဘို့ကို ဖွင့်၍၊ ဆိုအပ်ခဲ့ပြီးသော- ဦးခေါင်း- လက်-ခြေဘို့မှ ကြွင်းသော ကိုယ်ကို ဖုံးလွှမ်း ခြင်းသည်၊ သုပ္ပဋိဝိဒ္ဓ-အရဖြစ်ပါသည်။

---

၄၁၆-မေး။ ။ဩဝက္ခိတ္တစက္ခု သိက္ခာပုဒ်ဖြင့် (၄) တောင် ခန့်မျှ ကြည့်သဖြင့် - ရွာတွင်း၌ သွားရမည့် ပညတ်တော် မူသဖြင့်၊ တရသော အရပ်၌ ရပ်၍- ဆင်- မြင်း- ရထား- စသော ဘေးရန် ရှိ-မရှိ- တောင်- မြောက်- လေးပါးသို့ ကြည့်ရှု ခြင်းငှါ အပ်ပါမည်လော။ ဖြေပါ။

၄၁၆-ဖြေ။ ။ဩဝက္ခိတ္တ စက္ခုသိက္ခာပုဒ်ဖြင့် (၄) တောင် ခန့်မျှ ကြည့်သဖြင့်- ရွာတွင်း၌ သွားရမည် ပညတ်တော် မူသော် လည်း၊ တရသော အရပ်၌ ရပ်၍- ဆင်- မြင်း ရထား- စသော ဘေးရန်ရှိ- မရှိ- တောင်- မြောက်-လေးပါးသို့ ကြည့်ရှု ခြင်းငှါ အပ်ပါ သည်။ ။ကခ်ါ (၁၇၄)

---

၄၁၇-မေး။ ။အပ္ပသဒ္ဒ သိက္ခာပုဒ်၌၊ အပ္ပသဒ္ဒ- မဟာသဒ္ဒ (၂) ပါးတို့၏ ထူးခြားဟန် ဘော်ပြပါ။

၄၁၇-ဖြေ။ ။၁၂-တောင် ရှိသော ဇာတ်၌၊ အစ၌ သံဃာ ထေရ်သည်, အလယ်၌ ဒုတိယ ထေရ်

အဆုံး၌ တတိယထေရ်, ထိုင်နေအံ့၊ သံဃ ထေရ်သည်- ဒုတိယ ထေရ်နှင့် တိုင်ပင် စကားပြောအံ့၊ ဒုတိယထေရ် သည်လည်း- သံဃ ထေရ်၏ အသံကိုလည်း ကြား၏။ စကားကိုလည်း မှတ်နိုင်အံ့။ တတိယထေရ် မူကား - အသံကိုသာ ကြား၏။ စကားကို မမှတ်နိုင်။ ဤမျှလောက် ပမာဏ ရှိသော အသံသည် - အပ္ပသဒ္ဒ ဖြစ်သည်။ တတိယ ထေရ်သည် စကားကိုလည်း မှတ်နိုင်မူကား- မဟာသဒ္ဒ ဖြစ်သည်။ ။ဤကား (၂) ပါး အထူး။

---

၄၁၈-မေး။ ။ပဆ္ဂုန္နိနင်း၍ သွားခြင်း- ဟူသည် အဘယ် သို့ သွားခြင်းနည်း။

၄၁၈-ဖြေ။ ။ဖဝါးဖြောင့် ခြေဖျား၊ ဤ(၂)ပါးတွင်၊တပါးကို ပင့်၊ တပါးဖြင့်သာ၊ နင်း၍ သွားခြင်း သည်၊ ပဆ္ဂုန္နိနင်း၍သွားခြင်းတည်း။

---

၄၁၉-မေး။ ။လက် အာယောဂပတ် - ပုဆိုး အာယောဂပတ်-ဘွဲ့ပုံ ဘော်ပြပါ။

၄၁၉-ဖြေ။ ။ဒူးကိုသိုင်း၍ လက်ချင်း ယှက်လျှင် - လက် အာယောဂပတ် ဘွဲ့သည်မည်၏။ ။မြင်း ခေါင်းကျောက်ဆစ် အဝတ်ရစ်လျှင် - ပုဆိုး အာယောဂပတ် ဘွဲ့သည်မည်၏။

၄၂၀-မေး။ ။နာဝတိ မဟာန္တံ ကဗဠံ- ၌ အဝတိမဟာန္တ- အဝတိခုဒ္ဒက-နာဝတိမဟာန္တ ဆွမ်းလုပ် (၃)မျိုးကို ဖော်ပြပါ။

၄၂၀-ဖြေ။ ။ဉဒေါင်း ဥ ပမာဏ ဆွမ်းလုပ်သည် - အဝတိမဟာန္တတည်း။ ကြက်ဥ ပမာဏ ဆွမ်းလုပ်သည်-အဝတိခုဒ္ဒကတည်း။ ဉဒေါင်းဥ-ကြက်ဥတို့၏ အလယ်အလတ်ပမာဏရှိသော ဆွမ်းလုပ်သည် နာဝတိမဟာန္တ-တည်း။

---

၄၂၁-မေး။ ။အဝတိ မဟာန္တ - အဝတိ ခုဒ္ဒက - ဆွမ်းလုပ် (၂) မျိုးလုံးပင် - အာပတ် သင့်ပါသလော။ ဆုံးဖြတ်ပါ။

၄၂၁-ဖြေ။ ။အဝတိမဟာန္တ-ဆွမ်းလုပ်သာ အာပတ် သင့်ပါသည်။ အဝတိခုဒ္ဒက ဆွမ်းလုပ်မှာ အာပတ် မသင့်ပါ၊အသာရုံ ဖြစ်ရုံသာ ရှိပါသည်။ ။ ဝိမတိ ဝိနောဒနီ။

---

၄၂၂-မေး။ ။ပရိမဏ္ဍလံ အာလောပံ-၌၊ ပရိမဏ္ဍလဆွမ်းလုပ်ဟူသည်၊ အဘယ်ဆွမ်းလုပ်မျိုးနည်း။

၄၂၂-ဖြေ။ ။ပရိမဏ္ဍလံ အာလောပံ-၌၊ ပရိမဏ္ဍလ ဆွမ်းလုပ်ဟူသည်၊ ပရိမဏ္ဍလန္တိ အဒ္ဓစန္ဒံ-ပါဠိနှင့် အညီ၊ မရှည်သော ဆွမ်းလုပ်တည်း။

---

၄၂၃-မေး။ ။န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ-၌၊ ဟတ္ထ-အရ အဘယ်ကို ယူရမည်နည်း။

၄၂၃-ဖြေ။ ။နှ ဘုဒ္ဓမာနော သင်္ဂ ဟတ္ထံ-၌၊ ဟတ္ထ-အရ လက် (၅) ချောင်းကို ယူရပါသည်။

---

၄၂၄-မေး။ ။သက္ကမ်းစားသော ရဟန်းသည်၊ သမ္ဗံ ဟတ္ထံ-ဟု ဟောတော် မူသည့် ဖြစ်၍၊ လက်တချောင်းကို သော်၎င်း - ထိုလက်တချောင်းမှ တစိတ်တဒေသကို၎င်း - ခံတွင်း၌ ထည့်ခြင်း ၌ အပ်ပါမည်လော။အကြောင်းပြ ဖြေပါ။

၄၂၄-ဖြေ။ ။သက္ကမ်းစားသော ရဟန်းသည်၊ သမ္ဗံ ဟတ္ထံ-ဟု ဟောတော် မူသော်လည်း၊ လက်တချောင်းကိုသော်၎င်း၊ ထိုလက် တချောင်းမှ တစိတ် တဒေသကို ၎င်း-ခံတွင်း၌ ထည့်သွင်းခြင်း၌ မအပ်။ ။အကြောင်း ကား၊ လက် (၅) ချောင်းအပေါင်း၌ဖြစ်သော ခေါ်ခေါ်ခြင်း၏ အစိတ်ဖြစ်သော လက်ချောင်း၌လည်း ဖြစ်သင့် သောကြောင့်တည်း။ ။ ကင်္ခါဋီကာသစ် (၂၇၈)

ဝဇိရဗုဒ္ဓိ၌ကား၊ သမ္ဗံ ဟတ္ထံ-ဟု ဟောတော်မူသောကြောင့်၊ တစိတ် တဒေသကို ခံတွင်း၌ ထည့်သော ရဟန်းအား၊ အာပတ် မသင့်ဟု ကြွေးဝါဒကို ပြတော်မူ၏။

၄၂၅-မေး။ ။နံ သကာဗဋ္ဋေနံ ရခေနံ ဗျာဟရိဿာမိ- ၌၊ အဘယ်မျှလောက်သော ဆွမ်းလုပ်ဖြင့် စကား ပြောလျှင် အာပတ် သင့်ပါသနည်း။

၄၂၅-ဖြေ။ ။အကြွင်မျှလောက်သော ဆွမ်းလုပ်ဖြင့် စကား မပီသ၊ ထိုမျှလောက်သော ဆွမ်းလုပ်ရှိလျက် စကား ဆိုသော ရဟန်းအား အာပတ်သင့် ပါသည်။ ။ကန်ဒါ(၁၇၇)

---

၄၂၆-မေး။ ။ခဲဘွယ်-သစ်သီး-ကြီး-ငယ်- တို့ကို ဖြတ်၍ စားလျှင်၊ ကဗဠာဝစ္ဆေဒက သိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ်ပါမည်လော။

၄၂၆-ဖြေ။ ။ခဲဘွယ်-သစ်သီး-ကြီး-ငယ်- တို့ကို ဖြတ်၍ စားလျှင်၊ ကဗဠာဝစ္ဆေဒက သိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ်ပါသည်။ ။ကန်ဒါ(၁၇၇)

---

၄၂၇-မေး။ ။ဆွမ်း-အစရှိသော အာမိသရှိသော လက်ဖြင့်၊ သောက်ရေခွက် - စသည်ကို ကိုင်ခြင်းကို၊ အဘယ်၏ အစွမ်းဖြင့် ပယ်ပါသနည်း။

၄၂၇-ဖြေ။ ။ဆွမ်း-အစရှိသော အာမိသရှိသော လက်ဖြင့်၊ သောက်ရေခွက် စသည်ကို ကိုင်ခြင်းကို စက် ဆုပ်သည်၏ အစွမ်းဖြင့် ပယ်ပါသည်။ ။ ကန်ဒါ (၁၇၈)

---

၄၂၈-မေး။ ။နံ ဆတ္တပါဏိဿ - ၌၊ ဆတ္တဘေဒ - ကို ဘော်ပြပါ။

၄၂၈-ဖြေ။ ။နှ ဆင်္ဃာဒိသေသ-၌၊ ဆင်္ဃာဘေဒ-ကား၊ (၁)သေတဆင်္ဃ၊(၂)ကိုလဗ္ဗဆင်္ဃ၊(၃)ပဏ္ဏ ဆင်္ဃ ဖြစ်ပါသည်။

---

၄၂၉-မေး။ ။နှ ဒုဗ္ဘာပါဒိသေသ-၌၊ ဒုဗ္ဘာ-အခါ အဘာယ်မျှ ပမာဏ ရှိသော တောင်ဝှေး-ကို ယူရမည်နည်း။

၄၂၉-ဖြေ။ ။နှ ဒုဗ္ဘာပါဒိသေသ-၌၊ဒုဗ္ဘာ-အခါ မဇ္ဈိမပုရိသ၏ (၄)တောင်မျှ ပမာဏရှိသော တောင်ဝှေးကို ယူရပါသည်။

---

၄၃၀-မေး။ ။ပါဒုက-ဥပါဟန(၂)မျိုး တို့၏ ထူးခြားဟန် ဘော်ပြပါ။

၄၃၀-ဖြေ။ ။အသည်းမတာပ်သောဘိနပ်သည်-ပါဒုက။ ။ အသည်းတာပ်သောဘိနပ်သည်-ဥပါဟန။ ။ ဤကား(၂)မျိုးအထူး။

(အသည်းဘား အသဲ ဆိုလိုသည်။ ။အမှာ)။

---

၄၃၁-မေး။ ။နှ ယာနဂဘာသ-၌၊ ယာန-အခါ ရနိုင်သမျှ ဘော်ပြပါ။

၄၃၁-ဖြေ။ ။နှ ယာန ဂတာသ -၌၊ ယာန-အခါကား၊ (၁)ဝယှ၊(၂)ရထ၊(၃)သကဋ၊(၄)သန္ဒမာနိက၊(၅) သိဝိက၊(၆) ပါဋင်္ကီ၊(၇) ဟတ္ထ သဃ်ာဋ-စသည်တို့တည်း။

၄၃၂-မေး။ ။ထိုင်နေသော တရားနာပရိသတ်အား၊ ရပ်၍ တရား ဟောကောင်း- မဟောကောင်း- ဘိုး ဖြတ်လိုက်ပါ။

၄၃၂-ဖြေ။ ။ထိုင်နေသော တရားနာပရိသတ်အား၊ ရပ်၍ တရား မဟောကောင်းပါ။ ။ဌိတေန ဌိတ ဿေဝ ဝဋ္ဋတိ။ ။ကင်္ခါ။

---

၄၃၃-မေး။ ။န ဥဒကေ-၌၊ ဥဒက-ကို၊ အညစ်အကြေးကို ရည်ရွယ်၍ ဟောတော်မူပါသနည်း။

၄၃၃-ဖြေ။ ။န ဥဒကေ ၌၊ ဥဒက-ကို၊ သုံးဆောင်ကောင်းသောရေကိုသာလျှင်ရည်ရွယ်၍ ဟောတော်မူပါသည်။

နဉဒကေတိ ဇေတံ ပရိဘောဂဥဒကမေဝ သန္ဓာယ ဝုတ္တံ။ ။ကင်္ခါအဋ္ဌကထာ။

---

၄၃၄-မေး။ ။စိမ်းသော မြက်သစ်ပင် ရှိရာအရပ် - သုံးဆောင် ကောင်းသော ရေ၌၊ နှပ်ညှစ်၍ ချသင့် - မချသင့်။ မချ သင့်လျှင် - နှပ်ကို အညစ်အကြေးဖြင့် ရေတွက်မည်နည်း။

၄၃၄-ဖြေ။ ။စိမ်းသော မြက်-သစ်ပင် ရှိရာ အရပ်-သုံး ဆောင် ကောင်းသော ရေ၌၊ နှပ်ညှစ်၍ မချသင့်။ နှပ်ကို ခေဠ - သဒ္ဒါဖြင့် ရေတွက်ရသည်။ ။ခေဠေန စေတ္ထ သိဃာဏိကာပိ သင်္ဂဟိတာ။ ။ကင်္ခါ။

၄၃၅-မေး။ ။ကြီးသော မြစ်-ဓာတာသာရ-စသည် တို့၌ သင်္ဘော စသည်တို့ဖြင့် သွားသောကာလ၌၊ ကမ်းသို့ ကပ်ခြင်းငှါ မစွမ်းနိုင်သော အခါ၌၊ သုံးဆောင် ကောင်းသော ရေ၌၊ ကျောက်ကြီး-ကျောက်ငယ် တံတွေး-တို့ကို ပြုခြင်းငှါ အပ်ပါမည်လော၊ဆုံးဖြတ်ပါ။

၄၃၅-ဖြေ။ ။ကြီးသော မြစ်-ဓာတာသာရ-စသည် တို့၌ သင်္ဘော စသည်တို့ဖြင့် သွားသော ကာလ၌၊ ကမ်းသို့ကပ်ခြင်းငှါ မစွမ်းနိုင်သော အခါ၌၊ သုံးဆောင် ကောင်းသော ရေ၌၊ ကျောက်ကြီး-ကျောက်ငယ် - တံတွေး - တို့ကို ပြုခြင်းငှါ အပ်ပါသည်။

မဟာနဒီသု နဒီဓာတာသာရာဒီသု နာဝါဒီဟိ ဂတကာလေ တီရံ ဥပနေတုံ အသက္ကုနေယျတ္တာနေ ဥဒကောပိ ကာတုံ ဝဋ္ဋတီတိ အဋ္ဌကထာနုသာရမတော ဂဟေတဗ္ဗော။ ။ ကင်္ခါယောဇနာ (၃၆၉) စတုတ္ထ။

သေခိယ ပြီး၏။

---

## အဓိကရဏသမထ။

၄၃၆-မေး။ ။ဝိဝါဒါဓိကရုဏ်းသည်-သမထ ဘယ်နှစ်ပါးတို့ဖြင့် ငြိမ်းပါသနည်း။ ငြိမ်းစေသော သမထတို့ကို ရေတွက်ပြပါ။

၄၃၆-ဖြေ။ ။ဝိဝါဒါဓိကရုဏ်းသည်-သမထ(၂)ပါးတို့ဖြင့် ငြိမ်းပါသည်။ ။ငြိမ်းစေသော သမထ တို့ကား၊ (၁)သမ္မုခါဝိနယသမထ၊ (၂)ယေဘုယျသိကာသမထ တို့တည်း။

---

၄၃၇-မေး။ ။အနုဝါဒါဓိ ကရုဏ်းသည် သမထ ဘယ်နှစ်ပါးတို့ဖြင့် ငြိမ်းပါသနည်း။ ငြိမ်းစေသော သမထတို့ကို ရေတွက်ပြပါ။

၄၃၇-ဖြေ။ ။အနုဝါဒါဓိ ကရုဏ်းသည် သမထ (၄)ပါး တို့ဖြင့်ငြိမ်းပါသည်။ ။ငြိမ်းစေသော သမထ တို့ကား၊(၁)သမ္မုခါဝိနယသမထ၊(၂)သတိဝိနယ သမထ၊ (၃) အမူဠှ ဝိနယ သမထ၊ (၄)တဿပါပိယသိကာသမထ တို့တည်း။

---

၄၃၈-မေး။ ။အာပတ္တာ ဓိကရုဏ်းသည် သမထ ဘယ်နှစ်ပါးတို့ဖြင့် ငြိမ်းပါသနည်း။ ငြိမ်းစေသော သမထတို့ကို ရေတွက်ပြပါ။

၄၃၈-ဖြေ။ ။အာပတ္တာ ဓိကရုဏ်းသည် သမထ (၃)ပါး တို့ဖြင့် ငြိမ်း ပါသည်။ ။ငြိမ်း စေသော သမထတို့ကား၊ (၁)သမ္မုခါ ဝိနယ သမထ၊ (၂) ပဋိညာတကရဏသမထ၊ (၃) တိဏ ဝတ္ထာရက သမထ တို့တည်း။

၄၃၉-မေး။ ။ကိစ္စာဓိကရဏ်းသည် သမထ ဘယ်နှစ်ပါးဖြင့် ငြိမ်းပါသနည်း။ ငြိမ်းစေသော သမထကို ရေတွက်ပြပါ။

၄၃၉-ဖြေ။ ။ကိစ္စာဓိကရဏ်းသည် သမထ(၁)ပါးဖြင့်သာ ငြိမ်းပါသည်။ ။ငြိမ်းစေသော သမထကား၊ သမ္မုခါဝိနယ သမထ သာတည်း။

အဓိကရဏ သမထ ပြီး၏။

ဘိက္ခုပါတိမောက် အမေး အဖြေ ပြီး၏။

# ဘိက္ခုနီ-ပါတိမောက္ခ

## အမေးအဖြေကျမ်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### ဘိက္ခုနီ ပါရာဇိကာ။

၁-မေး။ ။ယာ ပန ဘိက္ခုနီ ဆန္ဒသော - စသည်၌၊ ဘိက္ခုပါတိမောက်ကဲ့သို့၊ ဘိက္ခုနီနံ သိက္ခာသာဇီဝ သမာပန္နာ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ-ဟူ၍ အဘယ်ကြောင့် ဟောတော်မမူပါသနည်း။

၁-ဖြေ။ ။ယာ ပန ဘိက္ခုနီ ဆန္ဒသော - စသည်၌၊ ဘိက္ခုနီမအား သိက္ခာချခြင်းမည်သည် မရှိသောကြောင့်၊ ဘိက္ခုနီနံ သိက္ခာ။လ။အနာဝိကတွာ - ဟု မဟော ပါသည်။ ။ကင်္ခါ (၁၈၅)

---

၂-မေး။ ။ဥဗ္ဘဇာဏု မဏ္ဍလိက သိက္ခာပုဒ်၌၊ အာမသန်- ပရာမသန်- ဂဟဏ- ဆုပန်- ပဋိပီဠန်- တို့၏ အထူးကို ဖော်ပြပါ။

၂-ဖြေ။ ။ထိရာအရပ်ကိုမလွှန်မူ၍ သုံးသပ်ခြင်းသည်-အာမသနံ။ ။ထိုမှဤမှ ရွေ့ရှား၍ သုံးသပ်ခြင်းသည်-ပရာမသနံ။ ။ကိုင်ရုံ မျှသည်-ဂဟဏံ။ ။မနိုင်မူ၍တို့ခြင်းမျှသည်-ဆုပနံ။ ။ကိုယ် အင်္ဂါကို ကိုင်၍ နှိပ်ခြင်းသည်-ပဋိပီဠနံ။ ။ဤကား အထူး။

---

၃-မေး။ ။ဥဗ္ဘဇာဏုမဏ္ဍလိက သိက္ခာ ပုဒ်၌၊ တတောင်ဆစ်၏အထက်ကို၊အက္ခက-ဥဗ္ဘဇာဏုမဏ္ဍလ (၂)ပါး တို့တွင် အဘယ်ဖြင့် ရေတွက် မည်နည်း။

၃-ဖြေ။ ။ဥဗ္ဘဇာဏုမဏ္ဍလိက သိက္ခာပုဒ်၌၊ တတောင်ဆစ်၏ အထက်ကို၊ အက္ခက-ဥဗ္ဘဇာဏုမဏ္ဍလ (၂) ပါးတို့တွင် ဥဗ္ဘဇာဏုမဏ္ဍလဖြင့်သာ ရေတွက်ရသည်။ ။ဧတ္ထ စ ဥဗ္ဘကပဒေပိ ဥဗ္ဘဇာဏုမဏ္ဍလေ နေဝ သင်္ဂဟိတံ။ ။ကင်္ခါ။

---

၄-မေး။ ။ဝဇ္ဇပဋိစ္ဆာဒိက သိက္ခာပုဒ်၌၊ နဂဏဿ အာရောစေယျ- ပါဠိဝယ်၊ နှစ်ယောက်- သုံးယောက် သော ဘိက္ခုနီမ တို့ကို ဂဏ-ဟု ယူရမည်လော။

၄-ဖြေ။ ။ဝဇ္ဇပဋိစ္ဆာဒိက သိက္ခာပုဒ်၌၊ န ဂဏဿ အာရောစေယျ- ပါဠိဝယ်၊ နှစ်ယောက်- သုံး

ယောက်သော ဘိက္ခုနီမ တို့ကိုသာ - ဂဏ ယူရသည် မဟုတ်။ မိမိမှကြွင်းသော တပါး သော ဘိက္ခုနီမ တို့ကို ယူရသည်။

ဂဏသာသတိ အညာသံ ဘိက္ခုနီနံ။ ။ ကင်္ခါ။

၅-မေး။ ။သပ္ပါဏကဝဂ် - ဒုဗ္ဗလဿ ပဏ္ဍိ ပဋိဿာဒန သိက္ခာပုဒ်-ဘိက္ခုနီ ဝဂ္ဂပဋိဿာဒိကာ သိက္ခာ ပုဒ် ( ) ပါးတို့၏ အထူးကို ဖော်ပြပါ။

၅-ဖြေ။ ။သပ္ပါဏကဝဂ် - ဒုဗ္ဗလဿပဏ္ဍိ ပဋိဿာဒန သိက္ခာပုဒ်၌၊ ပါစိတ်အာပတ် သင့်ပါသည်။ ။ ဝဂ္ဂပဋိဿာဒိကာသိက္ခာပုဒ်၌၊ ပါရာဇိက အာ ပတ်သင့်ပါသည်။ ။ဤသို့ ထူးကြသည်။

တတြ ဟိ ပါစိတ္တိယံ၊ ဣဓ ပါရာဇိကန္တိ အယမေဝ ဝိသေသော။ ။ကင်္ခါ။

---

၆-မေး။ ။အဋ္ဌဝတ္ထုက သိက္ခာပုဒ်၌၊ ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ-ဝယ်၊ လက် ကိုကိုင်ခြင်းကိုသာ ဟတ္ထဂ္ဂဟဏ- ယူရမည် လော။ သို့မဟုတ် - အဘယ် အင်္ဂါကို ကိုင် ခြင်းကို ဟတ္ထဂ္ဂဟဏ-ယူရမည်နည်း။

၆-ဖြေ။ ။အဋ္ဌဝတ္ထုက သိက္ခာပုဒ်၌၊ ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ ဝယ်၊ လက် ကို ကိုင်ခြင်းကိုသာ ဟတ္ထဂ္ဂဟဏ- ယူရ

သည်မဟုတ်။ ဥတ္တရာသာဠမဏ္ဍလ ပါရာဇိက ၏ ခေတ်မဟုတ်သော တတောင်ဆစ် နှစ်ဘက်မှ လက်ဖျားတိုင်အောင်, ပုဆစ်ဒူးဝန်း နှစ်ဘက်မှ ခြေဖျား ဘိုင်အောင်, မြှပ်ရိုး နှစ်ဘက်၏ အထက်ဖြစ်သောအရပ်ကို ကိုင်ခြင်းကို ဟတ္ထ ဂဟဏ - ယူရသည်။ ။ ကခ်ါ (၁၈၈)

---

၄-မေး။ ။အခ္ဗ ဝတ္ထု ပါရာဇိကာ၌၊ အခ္ဗဝတ္ထုတို့တွင် တပါးပါးကို လွန်ကျူးလျှင်ပင် ပါရာဇိကသို့ ရောက်သလော။ သို့မဟုတ် - ရှစ်ပါး လုံးလွန်ကျူးမှ ပါရာဇိကသို့ရောက်သလော။ ဖြေပါ။

၄-ဖြေ။ ။အခ္ဗ ဝတ္ထု ပါရာဇိကာ၌၊ အခ္ဗ ဝတ္ထုတို့တွင် တပါးပါးသောဝတ္ထုကို အကြိမ်အရာ- အကြိမ် အထောင် လွန်ကျူး သော်လည်း ပါရာဇိကသို့ မရောက်သေး။ ထုလ္လစ္စည်းသာ သင့်သည်။ ရှစ်ပါးလုံး လွန်ကျူးမှ ပါရာဇိက သို့ ရောက်သည်။ ။ကခ်ါ (၁၈၈)

---

၈-မေး။ ။သဃာဒိုကတ္တာ ဂဟဏံ၌ သာဒိယေယျ-၌၊ သက်နံးစွန်းကို ကိုင်ခြင်းကိုသာ သဃာဒို ကတ္တာဂဟဏ- ယူရမည်လော။ သို့မဟုတ်- အမှတ်မရှိသော ဝတ်ရုံသော သက်န်းအရပ်

ကို ကိုင်ခြင်းကို သဃ်ာဒို ကဏ္ဍဂဟာဏ ယူရမည်လော။ ဖြေပါ။

၈-ဖြေ။ ။သဃ်ာဒို ကဏ္ဍဂဟာဏံဝါ သာဒိယေယျ-၌၊ သက်နံးစွန်းကို ကိုင်ခြင်းကိုသာ ယူရသည် မဟုတ်။ စင်စစ်သော်ကား- အမှတ်မရှိသော ဝတ်ရုံသော သက်နံးအရစ်ကို ကိုင်ခြင်းကို သဃ်ာဒိုကဏ္ဍ ဂဟာဏ-ယူရပါသည်။ ။ ကင်္ခါ (၁၈၈)

---

၉-မေး။ ။ကာယံ ဝါ တဒတ္ထာယ ဉပသံဟာရေယျ၊ ဖြတော အသဒ္ဓမ္မသာ ပဋိသေဝနတ္ထာယ-၌၊ အသဒ္ဓမ္မအရ - မေထုန်, ကာယ သံသဂ္ဂ (၂) ပါးတို့တွင် အဘယ်ကိုယူရမည်နည်း။

၉-ဖြေ။ ။ကာယံဝါ။ လ။ ပဋိသေဝနတ္ထာယ- ၌၊ အသဒ္ဓမ္မအရ မေထုန်-ကာယ သံသဂ္ဂ (၂)ပါးတို့တွင် ကာယသံသဂ္ဂကို ယူရပါသည်။ ။ ကင်္ခါ (၁၈၈)

ပါရာဇိက ပြီး၏။

---

## ဘိက္ခုနီ-သံဃာဒိသိသ်။

၁၀-မေး။ ။ဘိက္ခုနီ ပဌမ သံဃာဒိသိသ် သိက္ခာပုဒ်၌၊ ဂဟာပတိနာ ဝါ - အစရှိသော ပါဌ်တို့ဖြင့်၊ အဘယ်ပုဂ္ဂိုလ်တို့ကို ယူရမည်နည်း။

၁၀-ဖြေ။ ။ဘိက္ခုနီ ပဥ္စမ သံဃာဒိသိသ် သိက္ခာပုဒ်၌၊ ဂဟပတိနာ ဝါ- အစရှိသော ပါဠိတို့ဖြင့်၊ သီဘင်းသုံးဘော် (၅) ယောက်တို့ကိုထား၍၊ သီတင်းသုံးဘော် (၅)ယောက်မှ ကြွင်းကျန်သော လူ - ပရိဗိုဇ် ရဟန်းတို့ကို ယူရပေါ သည်။ ။ကာဒ်ါ (၁၇၈)

---

၁၁-မေး။ ။မာန်အမျက် ပြောသဖြင့် တရားတွေ့သော ဘိက္ခုနီမအား၊ တရား နိုင်သော်၎င်း- တရား ရှုံးသော်၎င်း- အဘယ်အခါ၌ သံဃာဒိသိသ် အာပတ် သင့်ပါသနည်း။

၁၁-ဖြေ။ ။မာန်အမျက် ပြောသဖြင့် တရားတွေ့သော ဘိက္ခုနီမအား၊ တရားနိုင်သော်၎င်း - တရား ရှုံးသော်၎င်း- တရားသူကြီးတို့ တရားဆုံးဖြတ်၍၊ တရားပြီးပြတ်သောအခါ၌ သံဃာဒိသိသ်အာပတ်သင့်ပါသည်။ ။ကာဒ်ါ (၁၈၀)

---

၁၂-မေး။ ။ဘိက္ခုနီဒုတိယ သံဃာဒိသိသ်သိက္ခာပုဒ်၌၊ စောရိံ-အရ၊ အဘယ်မျှလောက်ထိုက်သော ဥစ္စာမှ စ၍ သူတပါး ဥစ္စာကို ခိုးယူလျှင် စောရီ-ဟု ဆိုရမည်နည်း။

၁၂-ဖြေ။ ။ဘိက္ခုနီ ဒုတိယသံဃာဒိသိသ် သိက္ခာပုဒ်၌၊ စောရိံ-အရ၊ ငါးပဲ ထိုက်သော ဥစ္စာမှစ၍

သူတပါး ဥစ္စာကို ခိုးယူချင်၊ စောရီ-ဟု ဆိုရပါသည်။

---

၁၃-မေး။ ။ဘိက္ခုနီ ဒုတိယသံဃာဒိသိသ် သိက္ခာပုဒ်၌၊ ဂဏာ-ပူဂ- သေဏိ-တို့၏ အထူးကို ဘော် ပြပါ။

၁၃-ဖြေ။ ။ဘိက္ခုနီ ဒုတိယသံဃာဒိသိသ် သိက္ခာပုဒ်၌၊ မိသကိုး- ပချမိသွာ- မဟာဗိန္ဒ်ကို ကိုးကွယ် သောသူ အပေါင်းသည်- ဂဏာတည်း။ ။ သာသနာတော်၌ ကောင်းမှုပြုသော သူအပေါင်းသည်- ပူဂ တည်း။ ။နှံသာသည် ရက်ကန်းသည်- စသောသူ အပေါင်းသည်- သေဏိ တည်း။ ။ဤကား အထူး။ ။ ကင်္ခါ (၁၉၀)

---

၁၄-မေး။ ။အညတြကပ္ပါ-၌၊ ကပ္ပ (၂) မျိုးကို ဘော် ပြပါ။

၁၄-ဖြေ။ ။အညတြ ကပ္ပါ-၌၊ ကပ္ပ (၂) မျိုးကား၊ (၁) တိတ္ထိတို့ ထံ၌ ရှင်ပြုဘူးသော မိန်းမ၊ (၂) တပါးသော ဘိက္ခုနီမတို့ ထံ၌ ရှင်ပြု ဘူးသော မိန်းမဖြစ်သည်။

ပဒဘာဇနီ ပါဠိတော် (၂၅၁)

၁၅-မေး။ ။ရွာတပါးသို့ တယောက်အထီးတည်း သွားသော ဘိက္ခုနီမအား၊ သံဃာဒိသိသ် သင့်သည့် တိုင်အောင်- သင့်နိုင်သော အာပတ်ရကို ဟောပြပါ။

၁၅-ဖြေ။ ။ရွာတပါးသို့ တယောက်အထီးတည်း သွားသော ဘိက္ခုနီမအား၊ ခြေလှမ်းတိုင်း ခြေလှမ်း တိုင်း-ဒုက္ကဋ်။ ။ခြေဘဘက်ဖြင့် တပါးသောရွာ၏ အရံကိုရင်း- ဥပစာကိုရင်း-လွန်သောအခါ၌- ထုလ္လစ္စည်း။ ။ခုနစ်ရမြောက်သောခြေဖြင့် လွန်ကာမျှ၌-သံဃာဒိသိသ်။ ။ကင်္ခါ (၁၉၁)

---

၁၆-မေး။ ။ကော ဝါ ဂဏမှာ ဩဟီယေယျ-၌၊ တယောက်သော ဘိက္ခုနီမသည် ဂဏ-မည်သင့်-မမည်သင့် ဆုံးဖြတ်လိုက်ပါ။

၁၆-ဖြေ။ ။ကော ဝါ ဂဏမှာ ဩဟီယေယျ-၌၊ တယောက် သော ဘိက္ခုနီမ ပင် ဖြစ်သော်လည်း-ဂဏမည် သင့်ပါသည်။ တယောက်ထက်များမှု ဆိုဘွယ်ရာ မရှိ၊ ဂဏမည်သည်သာ။ ။ကင်္ခါ (၁၉၁)

---

၁၇-မေး။ ။ကော ဝါ ဂဏမှာ ဩဟီယေယျ-၌၊ဩဟီယန-ဟူသည် အဘယ်နည်း။

၁၇-ဖြေ။ ။ကောဝါ ဂဏမှာ ဩဝဂ်ယေယျ-၌၊ ဩဝဂ်ယန-ဟူသည် ဒသသနုပစာရ - သင်နုပစာရ၊ (၂) ပါးတို့တွင် တပါး တပါးကို စွန့်ခြင်းတည်း။ ။ကင်္ခါဝိတရဏီအဋ္ဌကထာ (၂၈၃)

---

၁၈-မေး။ ။ဘိက္ခုနီ တတိယ သံဃာဒိသိသ် သိက္ခာပုဒ်၌၊ ဒေ နုပညတ် အဘယ်နှစ်ပါး ရှိပါသနည်း၊ ၎င်းအနုပညတ်များကို ဖော်ပြပါ။

၁၈-ဖြေ။ ။ဘိက္ခုနီ တတိယ သံဃာဒိသိသ် သိက္ခာပုဒ်၌၊ အနုပညတ်(၃)ပါးရှိပါသည်။ ။၎င်းအနုပညတ်များကား။

(၁) ကော ဝါ နဒိပါရံ ဂစ္ဆေယျ။

(၂) ကော ဝါ ရတ္တိံ ဝိပ္ပဝသေယျ။

(၃) ကော ဝါ ဂဏမှာ ဩဝဂ်ယေယျ-တို့ ဖြစ်သည်။

---

၁၉-မေး။ ။အရဟာ မဘက်မိ - မိမိရွာမှ ထွက်ခဲ့၍၊ အရဟာဘက်သော အခါ၌ ရွာဘပါး၌ အကျုံးဝင်သော မြစ်ဘဘက်သို့ သက်သော ဘိက္ခုနီမ အား၊ တပြိုင်နက်သော ခဏ၌ သံဃာဒိသိသ် အဘယ်နှစ်ချက် သင့်နိုင်ပါသနည်း။ ၎င်းသံဃာဒိသိသ် တို့ကို ဖော်ပြပါ။

၁၉-ဖြေ။ ။အရုဏ် မတက်မီ - မိမိ ရွာမှ ထွက်ခဲ့၍၊ အရုဏ်တက်သော အခါ၌ ရွာတပါး၌ အကျုံးဝင်သော မြစ်တဘက်သို့ သက်သော ဘိက္ခုနီမအား၊ တပြိုင်နက် သော ခဏ၌ သံဃာဒိသိသ် (၄) ချက် သင့်ပါသည်။ ။ ၎င်းသံဃာဒိသိသ် တို့ကား၊ (၁) ဂါမန္တရ ဂမန၊ (၂) နဒီပါရဂမန၊ (၃) ရတ္တိဝိပ္ပဝါသ၊ (၄) ဂဏမှာ ဩဟိ ယန-သံဃာဒိသိသ်တို့ ဖြစ်သည်။

---

၂၀-မေး။ ။အနုညာယ ဂဏာသ ဆန္ဒံ-၌၊ ဂဏ-အရ (၂) ပါး (၃) ပါးသော သံဃာကို-ယူရမည်လော။ သို့မဟုတ် - အဘယ်ကို ယူရမည်နည်း။

၂၀-ဖြေ။ ။အနုညာယ ဂဏာသ ဆန္ဒံ-၌၊ ဂဏ-အရ (၂)ပါး(၃)ပါးသောသံဃာကိုမယူရ။ ဥက္ခေပနီယကံကို ပြုသော ကာရက သံဃာကို ယူရပါသည်။

---

၂၁-မေး။ ။ဥက္ခိတ္တ ဘိက္ခုနီမကို ဩသာရဏာကံ - ပြုသော ဘိက္ခုနီမအား၊ ဂိုဏ်းကို ရှာဖွေးခြင်း၊ သိမ်သမုတ်ခြင်း၊ ဥတ်၌ရင်း- ကမ္မဝါစာ(၂) ကြိမ်တို့ဖြင့်ရင်း- ကမ္မဝါစာအဆုံး၌ရင်း- သင့်သောအာပတ်အသီးအသီးကို ဖော်ပြပါ။

၂၁-ဖြေ။ ။ဥက္ခိတ္တာ ဘိက္ခုနီမကို ဩသာရဏာကံ ပြုသော ဘိက္ခုနီမအား၊ ဂိုဏ်းကို ရှာမှီးခြင်း၊ သိမ်သံမှတ်ခြင်း၊ ဉတ်၌ဒုက္ကဋ်၊ ကမ္မဝါစာ (၂)ကြိမ်တို့ဖြင့် ထုလ္လစ္စည်း၊ ကမ္မဝါစာ အဆုံး၌ သံဃာဒိသိသ် အသီးအသီး သင့်ပါသည်။ ။ကင်္ခါ (၁၆၂)

---

၂၂-မေး။ ။ဘိက္ခုနီ ပဉ္စမသံဃာဒိသေသ သိက္ခာပုဒ်၌၊ ခါဒနီယ-ဘောဇနီယ-အရ ဖော်ပြပါ။

၂၂-ဖြေ။ ။ဘိက္ခုနီ ပဉ္စမ သံဃာဒိသေသ သိက္ခာပုဒ်၌၊ ဘောဇဉ်(၅)ပါး-ရေ ဒန်ပူကို ထား၍ ကြွင်းသော ခဲဘွယ် ဟူသမျှ သည်-ခါဒနီယ တည်း။ ။ဩဒန-ကုမ္မာသ-သတ္တု-မစ္ဆ-မံသ (၅)ပါးသည်-ဘောဇနီယ တည်း။ ။ ပဒဘာဇနီပါဠိတော် (၂၅၀)

---

၂၃-မေး။ ။ဥဘတော အဝဿုတ-ဧကတော အဝဿုတဖြစ်၍၊ခဲဘွယ်ဘောဇဉ်ကို ခံယူလျှင် သင့်သော အာပတ် အသီးအသီးကို ဖော်ပြပါ။

၂၃-ဖြေ။ ။ဥဘတော အဝဿုတဖြစ်၍ ခဲဘွယ်ဘောဇဉ်ကို ခံယူလျှင်-ထုလ္လစ္စည်း။ ။ဧကတော အဝဿုတဖြစ်၍ ခဲဘွယ်ဘောဇဉ်ကို ခံယူလျှင်- ဒုက္ကဋ်။ ဤသို့ အသီးအသီး သင့်ပါသည်။ ။ကင်္ခါ (၁၆၃)

၂၄-မေး။ ။ဥဘတော အာဝသထ-ကေတော အာဝသထဖြစ်၍၊ ခဲဘွယ် ဘောဇဉ်ကို စားမျိုလျှင် သင့်သော အာပတ် အသီးအသီးကို ဘော်ပြပါ။

၂၄-ဖြေ။ ။ဥဘတော အာဝသထ ဖြစ်၍ ခဲဘွယ် ဘောဇဉ်ကို စားမျိုလျှင် သံဃာဒိသိသ်၊ ။ကေတော အာဝသထ ဖြစ်၍ ခဲဘွယ်ဘောဇဉ်ကိုစားမျိုလျှင်- ထုလ္လစ္စည်း၊ ဤသို့ အသီး အသီး သင့်ပါသည်။ ။ကခ်ါ (၁၈၃)

---

၂၅-မေး။ ။ဘိက္ခုနီ ဒသမသံဃာဒိသိသ် သိက္ခာပုဒ်၌၊ အင်္ဂါ (၄) ပါးတို့တွင်၊ ဘိက္ခု သံဃာဘေဒ သိက္ခာပုဒ်မှ ထူးသော အင်္ဂါ (၁)ရကိုဘော်ပြပါ။

၂၅-ဖြေ။ ။ဘိက္ခုနီ ဒသမ သံဃာဒိသိသ် သိက္ခာပုဒ်၌၊ အင်္ဂါ (၄) ပါး တို့တွင်၊ ဘိက္ခုသံဃာဘေဒ သိက္ခာပုဒ်မှ ထူးသော အင်္ဂါ (၁)ရကား၊ ဗုဒ္ဓံ ပစ္စက္ခာမိ- ဟု ဆိုခြင်း ပဌမ အင်္ဂါ တည်း။ ။ကခ်ါ (၁၈၄)

---

၂၆-မေး။ ။ဘိက္ခုနီ ဧကါဒသမ သံဃာဒိသေသ သိက္ခာပုဒ်၌-သံသဋ္ဌ-ဟူသည် အဘယ်နည်း။

၂၆-ဖြေ။ ။ဘိက္ခုနီ ဧကါဒသမ သံဃာဒိသေသ သိက္ခာပုဒ်၌- သံသဋ္ဌ - ဟူသည်၊ ရဟန်းတို့ အား

မလျောက်ပတ်သော လူတို့၏မောင်းထောင်းခြင်း- ထမင်း ချက်ခြင်း- သဘင်း စကားဆောင်ခြင်း- အစရှိသော ကိုယ်နှုတ်၌ ဖြစ်သော ဒ မှုနှင့် ရောနှောခြင်းပင်တည်း။ ။ ကဒ်ါ (၁၉၄)

---

၂၇-မေး။ ။ဘိက္ခုနီ တေရသမ သံဃာဒိသိသ် သိက္ခာပုဒ်၌၊ ဝိဂ္ဂသ-ဟူသည့် အဘယ်နည်း။

၂၇-ဖြေ။ ။ဘိက္ခုနီ တေရသမ သံဃာဒိသိသ် သိက္ခာပုဒ်၌၊ ဝိဂ္ဂသ- ဟူသည်၊ ရဟန်းတို့ အား မလျောက်ပတ်သော ကိုယ်နှုတ်၌ ဖြစ်သော အမှုနှင့်ရောနှောခြင်းကို ဆိုနိုင်ခြင်းတည်း။ ၊ ကဒ်ါ (၁၉၄)

---

၂၈-မေး။ ။ဘိက္ခုနီမသည် သံဃာကို သင်းခွဲ ခြင်း, ကွဲပြားအောင် လုံ့လပြုခြင်း, ကွဲပြားအောင် လုံ့လပြုသောရဟန်း၏ အယူကို ယူသဖြင့် အတု လိုက်ခြင်း, အမှုတို့ကို- ပြု- မပြု- ဆုံး ဖြတ်ပါ။

၂၈-ဖြေ။ ။ဘိက္ခုနီမသည် သံဃာကို သင်းခွဲခြင်းကို မပြုပါ၊ ကွဲပြားအောင်လုံ့လပြုခြင်း, ကွဲပြား အောင် လုံ့လပြုသော ရဟန်း၏ အယူကို ယူသဖြင့် အတုလိုက်ခြင်း အမှုတို့ကို ပြုပါ သည်။ ။ကဒ်ါ (၁၉၅)

၂၉-မေး။ ။ရဟန်းသောက်ျားတို့မှာ မာနတ် (၆) ညဉ့်သာ ကျင့်ရပါလျက်၊ ရဟန်း မိန်းမ တို့မှာ အဘယ်ကြောင့် ပက္ခမာနတ် ကျင့်ရပါသနည်း။

၂၉-ဖြေ။ ။ဘိက္ခုနီမအား အာပတ်ကို ဖုံးလွှမ်းသော်လည်း၊ ပရိဝါသ်နေခြင်း-ဖုံးလွှမ်းခြင်းကြောင့် ဒုက္ကဋ် အာပတ်သို့ ရောက်ခြင်း မရှိသောကြောင့် ပက္ခ မာနတ် ကျင့်ရပါသည်။ ။ ကင်္ခါ (၁၉၅)

၃၀-မေး။ ။ဘိက္ခုနီမတို့၏ ကျောင်းသည်၊ ရွာတွင်း-ရွာပ (၂) ဌာနတို့တွင် အဘယ်၌ တည်ပါသနည်း။

၃၀-ဖြေ။ ။ဘိက္ခုနီမတို့၏ ကျောင်းသည်၊ ရွာတွင်း-ရွာပ (၂) ဌာနတို့တွင်၊ ရွာတွင်း၌ တည်ပါသည်။

ဘိက္ခုနီနံ ပန ဝိဟာရော ဂါမေယေဝ၊ န ဗဟိ။ ။ကင်္ခါဋီကာသစ် (၂၉၅)

သံဃာဒိသိသ် ပြီး၏။

---

## ဘိက္ခုနီ-နိဿဂ္ဂိပါစိတ်။

၃၁-မေး။ ။ဘိက္ခု-ဘိက္ခုနီ- ပတ္တဝဂ်- အစ သိက္ခာပုဒ် (၂) ခုတို့၏ အထူးကို ဖော်ပြပါ။

၃၁-ဖြေ။ ။ဘိက္ခု- ပဏ္ဍဝဂ်- ဒုစ သိက္ခာပုဒ်၌၊ ဆယ်ရက် လွန်ခြင်းကြောင့် အာပတ်သင့်၏။ ။ ဘိက္ခုနီ- ပဏ္ဍဝဂ်- ဒုစသိက္ခာပုဒ်၌၊ တရက်ကို လွန်ခြင်းကြောင့် အာပတ်သင့်၏။ ဤမျှသာ ထူး၏။ ။ကခ်ါ (၁၉၇)

---

၃၂-မေး။ ။ဘိက္ခုနီ - ပဏ္ဍဝဂ် - ဒုတိယ သိက္ခာပုဒ်၌၊ အကာလစီဝရ- ကာလစီဝရတို့ကို ခွဲခြား၍ပြပါ။

၃၂-ဖြေ။ ။ကထိန်ခင်းသည် ရှိသော် ကထိန်လတို့မှ, ကထိန် မခင်းသည်ရှိသော် သင်္ကန်းကာလ တလမှ, တပါးသော ကာလ၌ ဖြစ်သော သင်္ကန်းသည်၎င်း၊ သင်္ကန်း ကာလ၌ သော်လည်း ရည်၍ လှူအပ်သော သင်္ကန်းသည်၎င်း၊ အကာလသင်္ကန်းမည်၏။

ကထိန်ခင်းသည်ရှိသော် ငါးလ, ကထိန်မခင်းသည်ရှိသော် တလ၌ ဖြစ်သောသင်္ကန်းသည်၊ ကာလသင်္ကန်းမည်၏။

---

၃၃-မေး။ ။အကာလ သင်္ကန်းကို - ကာလ သင်္ကန်းပြုလုပ်၍ ဝေဘန်ရာ၊ မိမိရသော သင်္ကန်းကို နိဿဂ္ဂိယ ဝိနည်းကံ ပြုပြီးသော်၊ မိမိ ရထိုက်-မရထိုက်-ဆုံးဖြတ်ပါ။

၃၃-ဖြေ။ ။အကာလ သက်န်းကို- ကာလ သက်န်းပြု၍ ဝေဘန်ရာ၊ မိမိရသော သက်န်းကို နိဿဂ္ဂိယ ဝိနည်းကံ ပြုပြီးသော်လည်း၊ မိမိ မရထိုက်ပါ။ ။ဤသို့ သဘောရှိသော သိက္ခာပုဒ်များမှာ၊ ဤနည်း အတိုင်းပင်တည်း။ ။ ကင်္ခါ (၁၉၇)

---

၃၄-မေး။ ။ဘိက္ခုနီမ တယောက်သည်၊ ဘိက္ခုနီမ တယောက်နှင့် သက်န်းချင်းလဲလှယ်၍- ပြန်၍ လုယက်ရာ၌-ပါရာဇိက မကျမူ၍၊ အဘယ်ကြောင့် ပါစိတ် အာပတ်သာ သင့်ပါသနည်း။

၃၄-ဖြေ။ ။ဘိက္ခုနီမ တယောက် သည်၊ ဘိက္ခုနီမ တယောက်နှင့် သက်န်းချင်း လဲလှယ်၍- ပြန်၍ လုယက်ရာ၌၊ ဤသက်န်း သည် ငါ၏ သက်န်းတည်း- ဤသို့ သကသညာဖြင့် သူ့ဥစ္စာသည်၏ အဖြစ်ကြောင့်၊ ပါရာဇိက မကျမူ၍ ပါစိတ် အာပတ်သာသင့်ပါသည်။ ။ ကင်္ခါဋီကာသစ် (၂၉၆)

---

၃၅-မေး။ ။စတုက္ကဲ့သ ပချမ် စေတာပေတာဖွဲ့-၌ (၁)ကံသမှာ၊ အဘယ်နှစ်သပြာရှိ၍၊ (၄)ကံသမှာ အဘယ် နှစ်သပြာ ရှိပါသနည်း။

၃၅-ဖြေ။ ။စတုတ္ထံသ ပချမ် စေဘာပေဘာဖွံ့-၌၊ (၁)ကံ သမှာ(၄)အသပြာရှိ၍၊ (၄)ကံသ ၂၁(၁၆) အသပြာရှိပါသည်။ ။ကဲ၇ါ (၁၉၉)

နိဿဂ္ဂိပါစိတ် ပြီး၏။

---

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-လသုဏဝဂ်။

၃၆-မေး။ ။လသုဏံ-ဟု သာမည ဟောဘော်မူသော ကြောင့်၊ အမှတ်မရှိသော ကြက်သွန်ကို ယူ ရမည်လော။သို့မဟုတ်- အဘယ်သို့သဘော ရှိသော ကြက်သွန်ကို ယူရမည်နည်း။

၃၆-ဖြေ။ ။လသုဏံ-ဟု သာမည ဟောဘော်မူသော် လည်း၊ အမှတ်မရှိသော (၁) မြွှောင့် (၂) မြွှောင့် (၃) မြွှောင့် ရှိသော ကြက်သွန်ကို မယူအပ်။ မဂဓတိုင်း၌ဖြစ်သော (၄)မြွှောင့် ထက်များသော ကြက်သွန် စိမ်းကို ယူရ ပါသည်။

---

၃၇-မေး။ ။ပလဏ္ဍုက- ဘဉ္ဇနက- ဟရိတက- စာပ- ကြက်သွန်တို့၏ အဆင်း- အမြွှောင့်- အသူး ကို ဘော်ပြပါ။

၃၇-ဖြေ။ ။ပလဏ္ဍုက ကြက်သွန်သည် ဖြော့တော့ သော အဆင်း ရှိ၏။ ဘဉ္ဇနက ကြက်သွန် သည် နီသော အဆင်းရှိ၏။ ဟရိတက ကြက်

သွန်သည် သစ်ရွက်စိမ်း အဆင်းရှိ၏။ စာပ ကြက်သွန် အဆင်းမှာ ငိုကာဠ်မပါ။

ပလဏ္ဍုကကြက်သွန်သည် (၁) မြွှာင့်သာရှိ၏။ ဘဒ္ဒုနက ကြက်သွန် သည် (၂) မြွှာင့်ရှိ၏။ ဟာရိတက ကြက်သွန် သည် (၃) မြွှာင့်ရှိ၏။ စာပ ကြက်သွန်သည် အမြွှာင့်မရှိ၊ အညွှန့် မျှသာ ရှိ၏။ ။ကင်္ခါ ငိုကာသစ် (၂၉၈)

၃၈-မေး။ ။ပလဏ္ဍုက- စသော ကြက်သွန် တို့သည်၊ ပကတိသဘောအတိုင်း အပ်- မအပ်။ မဂ္ဂ ကြက်သွန်ကို ဟင်းချက်ရာ စသည် တို့၌ ထည့်လျှင်-အပ် မအပ်-ဆုံးဖြတ်ပါ။

၃၈-ဖြေ။ ။ပလဏ္ဍုက- စသော ကြက်သွန် တို့သည်၊ ပကတိသဘောအတိုင်း အပ်ပါသည်။ မဂ္ဂ ကြက်သွန်ကို ဟင်းချက်ရာ စသည်တို့၌ ထည့်လျှင် အပ်ပါသည်။ ။ကင်္ခါ ငိုကာသစ် (၂၉၈)

---

၃၉ မေး။ ။သမ္မာဓေ လောမံ သံဟရာပေယျ- ဌ၊ သမ္ဗာဓ-အရ ဘော်ပြပါ။

၃၉-ဖြေ။ ။သမ္ဗာဓေလောမံ သံဟရာပေယျ-ဌ၊ သမ္ဗာဓ-အရကား၊ ပဿာဝမဂ်- လက်ကတီးကြား ဖြစ်ပါသည်။

၄၀-မေး။ ။ယာဝပန ဘိက္ခုနီ လသုဏံခါဒေယျ၊ ပါစိတ္တိယံ၊ယာ ပန ဘိက္ခုနီသမ္ဗာဓေ လောမံ သံဟရာပေယျ၊ ပါစိတ္တိယံ။ ။၎င်း သိက္ခာပုဒ်များကို ရဟန်း ယောကျ်ား လွန်ကျူးလျှင် အဘယ်အာပတ် သင့်ပါသနည်း။

၄၀-ဖြေ။ ။အထက်ပုစ္ဆာပါ သိက္ခာပုဒ်များကို ရဟန်း ယောကျ်ားများ လွန်ကျူးလျှင်၊ ဒုက္ကဋ် အာပတ် သင့်ပါသည်။

ဘိက္ခုသာ ဖြစ္စ-လသုဏော ဒုက္ကဋံ ဝုတ္တံ ပေါ်ရာဏာ။ ။ကင်္ခါဋီကာသစ်။

---

၄၁-မေး။ ။အမှတ်မရှိ တရံတခါသော အလုံးအတောင့်ကို ပဿာဝမဂ်သို့ သွင်းသော ဘိက္ခုနီမအား အာပတ်သင့်သည် ဖြစ်ပါလျက်၊ အဘယ်၏ အစွမ်းဖြင့်-ဧတုမဋ္ဌကေ-ဟု ဟောတော်မူပါသနည်း။

၄၁-ဖြေ။ ။အမှတ်မရှိ တရံတခါသော အလုံးအတောင့်ကို ပဿာဝမဂ်သို့ သွင်းသော ဘိက္ခုနီမအား အာပတ်သင့်သော်လည်း၊ နိဒါန်းဝတ္ထု၏ အစွမ်းဖြင့်- ဧတုမဋ္ဌကေ-ဟု ဟောတော်မူပါသည်။ ။ကင်္ခါ (၂၀၁)

၄၂-မေး။ ။ဘိက္ခုနီမတို့- ဥဒကာသုဒ္ဓိ အမှုကို ပြုရာ၌၊ ဒွင်္ဂုလပဗ္ဗပရမ-အရ၊ အနံ-အစောက် (၂)ပါး တို့တွင် အဘယ်ကို ယူရမည်နည်း။

၄၂-ဖြေ။ ။ဘိက္ခုနီမတို့- ဥဒကာသုဒ္ဓိ အမှုကို ပြုရာ၌၊ ဒွင်္ဂုလပဗ္ဗပရမ- အရ၊ အနံအစောက် (၂)ပါး ရုံကိုပင် ယူရသည်။

အနံ လက်နှစ်ဆစ်- အစောက် လက်နှစ် ဆစ် ယူရမည်ဆိုလိုသည်။

---

၄၃-မေး။ ။ပါနီယေနဝါ ဝိဂူပနေနဝါ-၌၊ ပါနီယ-ဝိဂူပန- အရ-ဘော်ပြပါ။

၄၃-ဖြေ။ ။ပါနီယ - အရကား၊ သက်သက်သော ရေ- ရက်တက်- နို့မေး- ပျား- နို့ရည်-စသည်တို့ တည်း။

ဝိဂူပန-အရကား၊ အယုတ်ဆုံး အားဖြင့် သက်နံးစွန်း အစပြု၍ အမှတ်မရှိသော ယပ် တည်း။

---

၄၄-မေး။ ။အာမကဓည-အရ စပါးမျိုး (၇) ပါးကို ဘော်ပြပါ။

၄၄-ဖြေ။ ။အာမကဓည-အရ စပါးမျိုး (၇) ပါးကား၊ (၁)သာလိ၊(၂)ဝီဟိ၊(၃)ယဝ၊(၄)ဂေါဓုမ၊ (၅)ကင်္ဂု၊ (၆) ဝရက၊ (၇)ကုဒြူသက-ဖြစ် ပါသည်။

၄၅-မေး။ ။စပါး စိမ်းကို၊ တောင်းခြင်း- လှော်ခြင်း- စ သည်တို့ကိုပြုသော ဘိက္ခုနီမအား အဘယ် အာပတ် သင့်ပါသနည်း။

၄၅-ဖြေ။ ။စပါးစိမ်းကို၊ တောင်းခြင်း- လှော်ခြင်း- စ သည်တို့ကို ပြုသော ဘိက္ခုနီမအား ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။ကင်္ခါ (၂၀၂)

---

၄၆-မေး။ ။ဝိဃာသ-ဟူသည် အဘယ်နည်း။

၄၆-ဖြေ။ ။ဝိဃာသ ဟူသည်၊ လုပ်ဆေးရည်- ဒန်ပူစား ဖတ်- စားရိုး- စားဖတ်- စားအန် ပြီးသည်မှ အကြွင်းတည်း။ ။ကင်္ခါ (၂၀၃)

---

၄၇-မေး။ ။တိရော ကုဋ္ဋေ ဝါ-တိရော ပါကာရေ ဝါ-၌၊ ကုဋ္ဋ- ပါကာရ- အပြားကို- သရုပ်ရေတွက် ပြပါ။

၄၇-ဖြေ။ ။ကုဋ္ဋ- အပြားကား၊ အုတ်နံရံ- ကျောက်နံရံ- သစ်သားနံရံ (၃) ပါး ဖြစ်ပါသည်။

ပါကာရ- အပြားကား၊ အုတ် တံတိုင်း- ကျောက်တံတိုင်း-သစ်သားတံတိုင်း (၃) ပါး ဖြစ်ပါသည်။

---

၄၈-မေး။ ။ဟရိတေ ဆဍ္ဍေယျဝါ-၌၊ ဟရိတ- ဟူသည် အဘယ်နည်း။

၄၈-ဖြေ။ ။ဟာရိတ-ဟူသည်၊ လယ်-ခုနံးတော-စသော အရံဥယျာဉ်- အမှတ်မရှိ ဝိုက်ပျိုးအပ်သော ဖိမ်းစိုသောအရပ်တည်း။ ။ကခ်ါ (၂၀၃)

---

၄၉-မေး။ ။ယာ ပန ဘိက္ခုနီ နစ္စံ ဝါ။လ။ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ-ဟု ဟောတော်မူသော ကြောင့်၊ က-ခြင်းစသည်ကို ကြည့်ရှုခြင်းငှါ သွားလျှင်ပင် ပါစိတ် အာပတ် သင့်ပါသလော။ သို့မဟုတ်- အဘယ်အာပတ် သင့်ပါသနည်း။

၄၉-ဖြေ။ ။ယာ ပန ဘိက္ခုနီ နစ္စံ ဝါ။လ။ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ-ဟု ဟောတော်မူသော်လည်း၊ က-ခြင်းစသည်ကို ကြည့်ရှုခြင်းငှါ သွားလျှင် ပါစိတ် အာပတ် မသင့်ပါ။ ဒုက္ကဋ် အာပတ်သာ သင့်ပါသည်။

---

၅၀-မေး။ ။ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ-ဟု ဟောတော်မူသောကြောင့်၊ သီခြင်း- တီးမှုတ်ခြင်းကို နားထောင်ခြင်းငှါ သွားသော ဘိက္ခု- ဘိက္ခုနီ- တို့အား အာပတ်မသင့်ဟု မှတ်ရမည်လော။ သို့မဟုတ်-အဘယ်လိုအဓိပ္ပါယ် ယူဆရမည်နည်း။

၅၀-ဖြေ။ ။ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ-ဟု ဟောတော်မူသော်လည်း၊ သီခြင်း- တီးမှုတ်ခြင်း-

ကိုနားထောင်ခြင်းငှါ သွားသော ဘိက္ခု-ဘိက္ခုနီ တို့အား အာပတ် မသင့် သည် မဟုတ်ပါ။ ဒုက္ကဋ်အာပတ် သင့်ပါသည်။ ။ ဝိရူပေကသေသ-နည်းဖြင့် သဝ-ကို ဒဿန-ဖြင့် ရေတွက်၍၊ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ-ဟု ဟောတော်မူသည်။ ဤလို အဓိပ္ပါယ် ယူရပါသည်။

---

၉၁-မေး။ ။မိမိကိုယ်တိုင် ကခြင်း-စသည်ကို ပြုသော ဘိက္ခုနီမအား အဘယ် အာပတ် သင့်မည်နည်း။

၉၁-ဖြေ။ ။မိမိကိုယ်တိုင် ကခြင်း- စသည်ကို ပြုသော ဘိက္ခုနီမအား ပါစိတ် အာပတ် သင့်ပါသည်။ ။ကာဠါ (၂၀၃)

---

၉၂-မေး။ ။ကခြင်း- သီခြင်း-တီးမှုတ်ခြင်းတို့ကို ကြည့်ရှု- နားထောင်သော ရဟန်း၊ မိမိကိုယ်တိုင်-ကခြင်း-သီခြင်း-တီးမှုတ်ခြင်းတို့ကို ပြုသော ရဟန်း ယောက်ျားအား အဘယ် အာပတ် သင့်မည်နည်း။

၉၂-ဖြေ။ ။ကခြင်း-သီခြင်း- တီးမှုတ်ခြင်း တို့ကို ကြည့်ရှု- နားထောင်သော ရဟန်း၊ မိမိကိုယ်တိုင်-ကခြင်း သီခြင်း-တီးမှုတ်ခြင်းတို့ကို ပြုသော ရဟန်းယောက်ျားအား ဒုက္ကဋ် အာပတ် သင့်

ပါသည်။ ။ဘိက္ခုနော သဗ္ဗတ္ထ ဒုက္ကဋံ။ ။
ကစ်ါ။

၅၃-မေး။ ။အရာမ်၌တည်၍ ကခြင်း-စသည်ကို ကြည့်ရှု-နားထောင်ခြင်းကိုရင်း၊ မိမိ၏ နေရာအရပ်ကိုလာ၍ ယှဉ်အပ်သော ကခြင်း စသည်ကို ကြည့်ရှု - နားထောင်ခြင်းကိုရင်း - ပြုသော ဘိက္ခု - ဘိက္ခုနီ တို့အား အာပတ် သင့်-မသင့် ဆုံးဖြတ်ပါ။

၅၃-ဖြေ။ ။အရာမ်၌တည်၍ ကခြင်း-စသည်ကို ကြည့်ရှု-နားထောင်ခြင်းကိုရင်း၊ မိမိ၏နေရာအရပ်ကိုလာ၍ ယှဉ်အပ်သော ကခြင်းစသည်ကို ကြည့်ရှု နားထောင်ခြင်း ကိုရင်း - ပြုသော ဘိက္ခု-ဘိက္ခုနီတို့အား အာပတ်မသင့်ပါ။

လသုဏဝဂ် ပြီး၏။

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-ရတ္တန္ဓကာရဝဂ်။

၅၄-မေး။ ။အဘယ်ကဲ့သို့ အရောင်အလင်း မရှိသည်ကို၊ အပ္ပဒီပေ-ဟု ဆိုပါသနည်း။

၅၄-ဖြေ။ ။ဆီမီးရောင် - လရောင်- နေရောင်- မီးရောင် တို့တွင် တစုံတခုသော အလင်းမျှမရှိသည်ကို၊ အပ္ပဒီပေ-ဟု ဆိုပါသည်။

၅၅-မေး။ ။ရတ္တန္ဓကာရဝဂ်- ပဌမ- ဒုတိယ- တတိယ- စတုတ္ထ သိက္ခာပုဒ် တို့၌၊ အလိုရှိအပ်သော ပုရိသ- အရဖော်ပြပါ။

၅၅-ဖြေ။ ။ရတ္တန္ဓကာရဝဂ်- ပဌမ- ဒုတိယ- တတိယ- စတုတ္ထ သိက္ခာပုဒ်တို့၌၊ အလိုရှိ အပ်သော ပုရိသကား၊ တကွရပ်ခြင်း-ပြောဆိုခြင်း၌- သိကြားလိမ္မာသော လူယောကျ်ားတည်း။ ။ ကင်္ခါ (၂၀၄)

---

၅၆-မေး။ ။ရတ္တန္ဓကာရ ဝဂ်၌၊ အဘယ် မျှလောက်သောအရပ်၌ ရပ်ခြင်း- အဘယ်မျှလောက်သော အရပ်၌ ရပ်၍ ပြောဆို ခြင်းကို၊ သန္တိဋ္ဌေယျ- သလ္လပေယျ ဟု ဆိုပါသနည်း။

၅၆-ဖြေ။ ။ရတ္တန္ဓကာရ ဝဂ်၌၊ ၂-တောင်ထွာ ဟတ္ထပါသ်၌ရပ်ခြင်း၊ ၂-တောင်ထွာ ဟတ္ထပါသ်၌ ရပ်၍ ပြောဆိုခြင်းကို၊ သန္တိဋ္ဌေယျ - သလ္လပေယျ-ဟု ဆိုပါသည်။ ။ကင်္ခါ (၂၀၄)

---

၅၇-မေး။ ။ရတ္တန္ဓ ကာရဝဂ် - ပဉ္စမ - ဆဋ္ဌ- သတ္တမ- သိက္ခာပုဒ်တို့၌၊ ပုရေဘတ္တ - ပစ္ဆာဘတ္တ- ဝိကာလ-တို့ကို ပိုင်းခြား၍ ပြပါ။

၅၇-ဖြေ။ ။ရတ္တန္ဓ ကာရဝဂ်- ပဉ္စမ - ဆဋ္ဌ - သတ္တမ- သိက္ခာပုဒ်တို့၌၊ အရုဏ်တက်က စ၍ မွန်း

တည့်တိုင်အောင်- ပုရေဘတ္တ တည်း။ ။ မွန်းတည့် လွန်သည်ကစ၍ နေဝင်သည်တိုင်အောင်- ပစ္ဆာဘတ္တတည်း။ ။နေဝင်သည်ကစ၍- အရုဏ် တက်သည် တိုင်အောင်- ဝိကာလတည်း။

---

၅၈-မေး။ ။ရတ္တန္ဓကာရဝဂ်-ပဌမ သိက္ခာပုဒ်၌၊ အသာသ နေ-ပုဒ်ကို ဝစနတ္ထပြု၍၊ အရကောက်ပြပါ။

၅၈-ဖြေ။ ။အသာသိဒ္ဓိ ဇ္ဈာတိ အသာသနံ။ ။ထက်ဝယ် ဖွဲ့ခွေ နေရာအရပ် ရစေ။

---

၅၉-မေး။ ။ရတ္တန္ဓကာရဝဂ်- ဆဋ္ဌသိက္ခာပုဒ်၊ အဘိနိသိဒေယျဝါ အဘိနိပဇ္ဇေယျဝါ- ပါဠိအရ၊ ထိုင်ရုံသာထိုင်၍ မအိပ်သောဘိက္ခုနီမ, အိပ်ရုံသာအိပ်၍မထိုင်သောဘိက္ခုနီမ, ထိုင်လည်းထိုင်အိပ်လည်း အိပ်သော ဘိက္ခုနီမ, တို့အား သင့်သော အာပတ် အရေ အတွက်ကို ဖော်ပြပါ။

၅၉-ဖြေ။ ။ရတ္တန္ဓကာရဝဂ်- ဆဋ္ဌသိက္ခာပုဒ်၊ အဘိနိသိဒေယျဝါ အဘိနိပဇ္ဇေယျဝါ- ပါဠိအရ၊ထိုင်ရုံသာထိုင်၍ မအိပ်သော ဘိက္ခုနီမ အား-အာပတ်တချက်။ ။အိပ်ရုံသာအိပ်၍ မထိုင်သော ဘိက္ခုနီမအား-အာပတ် တချက်။ ။

ထိုင်လည်းထိုင် အိပ်လည်းအိပ်သောဘိက္ခုနီမတို့အား-အာပတ် နှစ်ချက် သင့်သည်။ ။ ကဉ်ါ (၂၀၅)

---

၆၀-မေး။ ။ရတ္တန္တ ကာရဝဂ်- သတ္တမ သိက္ခာပုဒ်-၌၊ သေယျာ-အခရ- မြက်အခင်းကိုယူနိုင်- မယူနိုင် ဆုံးဖြတ်ပါ။

၆၀-ဖြေ။ ။ရတ္တန္တ ကာရဝဂ် - သတ္တမ သိက္ခာပုဒ်-၌၊ သေယျာ-အခရ မြက်အခင်း ယူနိုင်ပါသည်။ ။ ကဉ်ါ (၂၀၅)

---

၆၁-မေး။ ။ရတ္တန္တ ကာရဝဂ်- နဝမသိက္ခာပုဒ်-၌၊ ငရဲ-သာသနာတော် တို့ဖြင့် ကျိန်ဆဲ ခြင်းကို ဖော်ပြပါ။

၆၁-ဖြေ။ ။ငရဲ၌ ဖြစ်ရလို၏၊ ငရဲ၌ ဖြစ်စေသတည်း၊ ဤသို့ ဆိုခြင်းသည်- ငရဲဖြင့် ကျိန်ဆဲခြင်း တည်း။

လူဖြစ်ရလို၏၊ လူဖြစ်စေသတည်း ဤသို့ ဆိုခြင်းသည်- သာသနာတော်ဖြင့် ကျိန်ဆဲ ခြင်းတည်း။ ။ကဉ်ါ (၂၀၆)

---

၆၂-မေး။ ။တိရစ္ဆာန်- ပြိတ္တာ- မနုဿ ဒေါဘဂ္ဂဖြင့် ကျိန်ဆဲသော ဘိက္ခုနီမအား၊ အဘယ် အာပတ် သင့်ပါသနည်း။

၆၂-ဖြေ။ ။တိရစ္ဆာန် - ပြိတ္တာ - မနုဿ ဒေါဘဂ္ဂဖြစ်သော မျက်စိကန်းခြင်း- နားပင်းခြင်း-စသည်တို့ဖြင့် ကျိန်ဆဲသော ဘိက္ခုနီမအား၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ ။ကဝိ (၂၀၆)

---

၆၃-မေး။ ။ထရုံသော ထ၍မငိုသော ဘိက္ခုနီမ, ငိုရုံသော ငို၍ မထသော ဘိက္ခုနီမ, ထလည်းထ- ငိုလည်း ငိုသော ဘိက္ခုနီမ တို့အား၊ သင့်သော အာပတ်အသီးအသီးကို ဖော်ပြပါ။

၆၃-ဖြေ။ ။ထရုံသော ထ၍မငိုသော ဘိက္ခုနီမ, ငိုရုံသော ငို၍မထသော ဘိက္ခုနီမတို့အား၊ ဒုက္ကဋ်သာ သင့်သည်။ ။ထလည်းထ ငိုလည်းငိုသော ဘိက္ခုနီမအား၊ ပါစိတ်အာပတ် သင့်သည်။

ရတ္တန္ဓကာရဝဂ် ပြီး၏။

---

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-နဂ္ဂဝဂ်။

၆၄-မေး။ ။အဝတ် မပါဘဲ- အချည်းနှီး ရေချိုးသော ဘိက္ခုနီမအား၊ ရေချိုးသော ပယောဂတို့၌ ၎င်း၊ရေချိုးပြီးသော အဆုံး၌၎င်း၊ သင့်သော အာပတ် အသီးအသီးကို ဖော်ပြပါ။

၆၄-ဖြေ။ ။အဝတ် မပါဘဲ- အချည်းနှီး ရေချိုးသော ဘိက္ခုနီမအား၊ ရေချိုးသော ပယောဂတို့၌-

ဒုက္ကဋ်၊ ရေချိုးပြီးသော အခဆုံး၌- ပါစိတ်အာပတ် သင့်သည်။

---

၆၅-မေး။ ။သဃာဋိစာရော-ကို၊ သမာသဝစနတ္ထပြု၍၊ သဃာဋိ- အရ ဘိက္ခုနီမ တို့၏ သင်္ကန်း (၅) ထည်ကို ရေတွက်ပြီးလျှင်၊ ၎င်း (၅) ထည်ကို အဘယ့်ကြောင့် သဃာဋိ-ခေါ် သည်ဟု ဆော်ပြပါ။

၆၅-ဖြေ။ ။သဃာဋီနံ စာရော သဃာဋိစာရော။

ဘိက္ခုနီမတို့၏သင်္ကန်း (၅) ထည်ကား၊ တိစီဝရိက်- ရေသနုပ်- ရင်လွှမ်း တဘက် ဖြစ်သည်။

၎င်း (၅) ထည်ကို၊ ပရိဘောဂ-အဖြတ်ပနအခွမ်းဖြင့်စပ်ဒေသောကြောင့်၊ သဃာဋိ ခေါ်သည်။

---

၆၆-မေး။ ။ဂဏ္ဍသ စီဝရလာဘံ အန္တရာယံ ကရေယျ-၌၊ ဂဏ-အရဘော်ပြပါ။

၆၆-ဖြေ။ ။ဂဏဿ စီဝရလာဘံ အန္တရာယံ ကရေယျ-၌၊ ဂဏ- အရ- ဘိက္ခုနီသံဃာ ယူရပါသည်။ ။ဂဏဿာတိ ဘိက္ခုနီသံဃဿ။ ။ ကင်္ခါ။

**၆၇-မေး။** ။ဂဏဿ စိဝရလာဘံ အန္တရာယံ ကရေယျ-၌၊ စိဝရလာဘံ-အရ-အလို ရှိအပ်သော သင်္ကန်းကို ဖော်ပြပါ။

**၆၇-ဖြေ။** ။ဂဏဿ စိဝရလာဘံ အန္တရာယံ ကရေယျ ၌၊ စိဝရလာဘံ- အရ- အလိုရှိအပ်သော သင်္ကန်းကား၊ (၆) ထည်သော သင်္ကန်းတို့တွင် တထည်ထည်သော ဝိကပ္ပနာလောက်သော အငယ်ဆုံးသင်္ကန်းတည်း။

---

**၆၈-မေး။** ။ဘိက္ခုနီ သံဃာ၏ သင်္ကန်းမှ တပါးသော ပရိက္ခရာ၌၎င်း၊ ဘိက္ခုနီ- ဂိုဏ်း- ပုဂ္ဂိုလ်၏ ရအပ်သော သင်္ကန်း၌၎င်း၊ရခြင်း အန္တရာယ် ပြုရာ၌-အဘယ် အာပတ် သင့်ပါသနည်း။

**၆၈-ဖြေ။** ။ဘိက္ခုနီ သံဃာ၏ သင်္ကန်းမှ တပါးသော ပရိက္ခရာ၌၎င်း၊ ဘိက္ခုနီ- ဂိုဏ်း - ပုဂ္ဂိုလ်၏ ရအပ်သော သင်္ကန်း၌ ၎င်း၊ ရခြင်း အန္တရာယ်ပြုရာ၌- ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

**၆၉-မေး။** ။ဓမ္မိကစီဝရ ဝိဘင်္ဂ-ဟူသည်အဘယ်နည်း။

**၆၉-ဖြေ။** ။ဓမ္မိကစီဝရဝိဘင်္ဂ ဟူသည်၊ သမဂ္ဂ သံဃာသည် စည်းဝေး၍ ပြုအပ်သော သင်္ကန်းဝေဘန်ခြင်းတည်း။ ။ကင်္ခါ (၂၀၆)

၇၀-မေး။ ။နဂ္ဂဝဂ် နဝမသိက္ခာပုဒ်၌၊ အာဂါရိက- ပရိဗ္ဗာဇက-ပရိဗ္ဗာဇိကာ-အချ-ခွဲခြား၍ ပြပါ။

၇၀-ဖြေ။ ။အာဂါရိက-ဟူသည်၊ အမှတ်မရှိသော- အိမ်ကို အုပ်စိုး၍နေသော သူတည်း။

ပရိဗ္ဗာဇက-ဟူသည်၊ ရဟန်းယောကျာ်း-သာမဏေ ယောကျာ်းတို့ကိုထား၍- အမှတ်မရှိ ပရိဗိုဇ်အဖြစ်သို့ ရောက်သောသူတည်း။

ပရိဗ္ဗာဇိကာ-ဟူသည်၊ ဘိက္ခုနီ- သိက္ခမာန်- သာမဏေမ- တို့ကိုထား၍ အမှတ်မရှိ ပရိဗိုဇ်မ အဖြစ်သို့ ရောက်သော သူတည်း။

---

၇၁-မေး။ ။ကပ္ပဗိန္ဒု ထိုးအပ်ပြီးသော- ဝတ်ရုံလောက်သော သင်္ကန်းကို၊ သိတင်း သုံးဘော် (၅) ယောက်နှင့် အဝိ အဘာ တို့အား၊ ဘိက္ခု-ဘိက္ခုနီတို့ - ပေးကောင်း - မပေးကောင်း-ဆုံးဖြတ်ချက် ချလိုက်ပါ။

၇၁-ဖြေ။ ။ကပ္ပဗိန္ဒု ထိုးအပ်ပြီးသော - ဝတ်ရုံလောက်သော သင်္ကန်းကို၊ သိတင်း သုံးဘော် (၅) ယောက်နှင့် အမိ အဘ တို့အား၊ ဘိက္ခု-ဘိက္ခုနီ-တို့ ပေးကောင်းပါသည်။ ။ကင်္ခါ (၂၀၉)

၇၂-မေး။ ။မေ့ကြ ကထိန္ဒါ ဟူသည် အဘယ်နည်း။

၇၂-ဖြေ။ ။မေ့ကြကထိန္ဒါ ဟူသည်၊ သမဂ္ဂဘိက္ခုနီ သံဃာသည် စည်းဝေး၍၊ ဥတ္တိဒုတိယကံဖြင့် နုတ်ခြင်းတည်း။

နဂ္ဂဝဂ် ပြီး၏။

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-တုဝဋ္ဋဝဂ်။

၇၃-မေး။ ။တခုသော ကျောင်းစောင်း၌၊ ဘိက္ခုနီမ (၂) ယောက် တို့တွင် တယောက်သော အိပ်၍ တယောက် ထိုင်နေလျှင်၊ ပါစိတ် အာပတ်-သင့်-မသင့် ဆုံးဖြတ်လိုက်ပါ။

၇၃-ဖြေ။ ။တခုသောကျောင်းစောင်း၌၊ ဘိက္ခုနီမ (၂) ယောက်တို့တွင် တယောက်သောအိပ်၍ တယောက် ထိုင်နေလျှင်၊ ပါစိတ် အာပတ် မသင့်ပါ။

၇၄-မေး။ ။တုဝဋ္ဋဝဂ်-ဒုတိယ သိက္ခာပုဒ်၌၊ ကောဇ္ဇဝ ကာပါဝုရဏာ- အခုရ အခင်းနှင့် အရုံကို တထည်စီ ယူရမည်လော။ သို့မဟုတ်- တထည် တည်း ယူမည်လော။ဖြေပါ။

၇၄-ဖြေ ။တုဝဋ္ဋဝဂ်- ဒုတိယ သိက္ခာပုဒ်၌၊ ကောဇ္ဇဝ ကာ ပါဝုရဏာ - အခုရ အခင်းနှင့် အရုံကို

တထည်စီ မယူရ။ တထည်တည်း- တပိုင်း တစွန်းခင်း၍ တပိုင်း တစွန်းခြုံသည်ကို ယူရသည်။ ။ကင်္ခါ(၂၁၀)

၇၅-မေး။ ။ကော်ဇော တချပ် ခင်း၍- ဗိုလ်စောင် တထည်ခြုံပြီး-ဘိက္ခုနီမ(၂)ယောက်တို့အတူ အိပ်လျှင်၊ အဘယ်အာပတ် သင့်ပါသနည်း။

၇၅-ဖြေ။ ။ကော်ဇော တချပ် ခင်း၍- ဗိုလ်စောင် တထည်ခြုံပြီး-ဘိက္ခုနီမ(၂)ယောက်တို့အတူ အိပ်လျှင်၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

အတ္ထရဏံ ဝါ ပါဝုရဏံ ဝါ ဧကသ္မိံ ဒုက္ကဋံ။ ။ကင်္ခါ။

၇၆-မေး။ ။ဖျားနာသော သဒ္ဓိဝိဟာရိနီ ဘိက္ခုနီမကိုရင်း၊ အန္တေဝါသိနီ ဘိက္ခုနီမ- သာမဏေမကိုရင်း၊မလုပ်ကျွေးသောဘိက္ခုနီမအား သင့်သောအာပတ် အသီးအသီးကိုဖော်ပြပါ။

၇၆-ဖြေ။ ။ဖျားနာသော သဒ္ဓိဝိဟာရိနီ ဘိက္ခုနီမကို မလုပ်ကျွေးသော ဘိက္ခုနီမအား ပါစိတ်။ ။ အန္တေဝါသိနီ ဘိက္ခုနီမ - သာမဏေမကို မလုပ်ကျွေးသော ဘိက္ခုနီမအား- ဒုက္ကဋ်အာပတ် သင့်ပါသည်။ ။ကင်္ခါ(၂၁၁)

၇၇-မေး။ ။တုဝဋ္ဋဝဂ်- သတ္တမ- အဋ္ဌမ- သိက္ခာပုဒ်တို့၌ အနန္တရရဋ္ဌ- တိရောရဋ္ဌ တို့ကို ခြားနား၍ ပြပါ။

၇၇-ဖြေ။ ။အကြင်မင်း၏နိုင်ငံ၌ နေ၏။ ထိုမင်း၏ နိုင်ငံသည်-အနန္တရရဋ္ဌတည်း။

အကြင်မင်း၏နိုင်ငံ၌ နေ၏။ထိုမင်း၏ နိုင်ငံကိုထား၍- တပါးသော မင်း၏ နိုင်ငံသည်-တိရောရဋ္ဌတည်း။ ။ကင်္ခါ (၂၁၂)

တုဝဋ္ဋဝဂ် ပြီး၏။

---

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-စိတ္တာဂါရဝဂ်။

၇၈-မေး။ ။စိတ္တာဂါရဝဂ်-ပဌမသိက္ခာပုဒ်၌၊ စိတ္တာဂါရ-စသော (၄) ပါးတို့ အရ-မင်း၏ စိတ္တာဂါရ-စသည်ကိုသာ ယူရမည်လော။ သို့မဟုတ်-အမှတ်မရှိသော သူတို့၏ စိတ္တာဂါရ စသည်ကို ယူရမည်လော။

၇၈-ဖြေ။ ။စိတ္တာဂါရဝဂ်-ပဌမသိက္ခာပုဒ်၌၊ စိတ္တာဂါရ-စသော (၄) ပါးတို့ အရ- မင်း၏ စိတ္တာဂါရ-စသည်ကိုသာ ယူရသည် မဟုတ်။ အမှတ်မရှိသော သူတို့၏ စိတ္တာဂါရ- စသည်ကို ယူရပါသည်။ ။ကင်္ခါ ဋီကာသစ်(၃၀၃)

၇၉-မေး။ ။စိတ္တာဂါရဝဂ်-ပဌမ သိက္ခာပုဒ်၌၊ အာရာမ ဥယျာဉ် (၂) ပါးတို့၏ ထူးခြားဟန် ဘော်ပြပါ။

၇၉-ဖြေ။ ။ကစားခြင်း အကျိုးငှာ မြို့တွင်း၌ ပြုအပ်သည်ကား- အာရာမတည်း။ ။ကစားခြင်း အကျိုးငှာ မြို့ပ၌ ပြုအပ်သည်ကား- ဥယျာဉ်တည်း။ ။ဤကား-အထူး။ ။ကင်္ခါဋီကာသစ် (၁၀၃)

---

၈၀-မေး။ ။စိတ္တာဂါရဝဂ်- ဒုတိယ သိက္ခာပုဒ်၌၊ အာသန္ဒိ-ပလ္လင် (၂) မျိုးတို့၏ အထူးကို ဘော်ပြပါ။

၈၀-ဖြေ။ ။စိတ္တာဂါရဝဂ်- ဒုတိယ သိက္ခာပုဒ်၌၊ လက် (၈) သစ်ထက် လွန်သော ပမာဏရှိသော အခြေရှိသော ညောင်စောင်း အင်းပျဉ်ကို အာသန္ဒိ-ဟု ဆိုသည်။ ။မြွေ ရှားကောင်းသော သားရဲရုပ်ဖြင့် ပြုအပ်သော အခြေရှိသော နေရာကို ပလ္လင်-ဟု ဆိုသည်။ ။ကင်္ခါ (၂၁၃)

---

၈၁-မေး။ ။သုတ္တံ ကန္တေယျ-၌၊ သုတ္တ- အရ ချည်မျိုး အရေအတွက်ကို ဘော်ပြပါ။

၈၁-ဖြေ။ ။သုတ္တံ ကန္တေယျ-၌၊ သုတ္တ- အရ ချည်မျိုး အရေ အတွက်ကား၊ (၁) ခေါမ ချည်၊

(၂)ကပ္ပါသိကချည်၊(၃)ကောသေယျချည်၊ (၄)ကမ္ဗလချည် (၅)သာဏချည်၊ (၆)ဘင်္ဂချည် ဖြစ်ပါသည်။ ။ပါစိတ်- ပဒဘာဇနီပါဠိတော် (၃၃၆)

---

၈၂-မေး။ ။ချည်ဝင့်သည်မှ ရှေး၌-ဝါဖန်ခြင်းကို အစပြု၍ အလုံးစုံသော ပယောဂတို့၌- အဘယ် အကြိမ် အရေအတွက်ဖြင့်- အဘယ် အာပတ် သင့်မည်နည်း။

၈၂-ဖြေ။ ။ချည်ဝင့်သည်မှ ရှေး၌-ဝါဖန်ခြင်းကို အစပြု၍ အလုံးစုံသော ပယောဂ တို့၌ - လက် အကြိမ် အရေအတွက်ဖြင့် ဒုက္ကဋ် အာပတ် သင့်ပါသည်။ ။ကင်္ခါ (၂၁၃)

---

၈၃-မေး။ ။စိတ္တာဂါရဝဂ်- စတုတ္ထ သိက္ခာပုဒ်-၌၊ ဂိဟိဝေယျာဝစ္စ-ဟူသည် အဘယ်အမှုမျိုးနည်း။

၈၃ ဖြေ။ ။စိတ္တာဂါရဝဂ်- စတုတ္ထ သိက္ခာပုဒ်-၌၊ ဂိဟိဝေယျာဝစ္စ- ဟူသည်၊ ယာဂု- ထမင်း- ခဲဘွယ် ချက်ခြင်း, ပုဆိုး-ခေါင်းပေါင်း-ဦးရစ် ဖွပ်ခြင်း,စသော အမှုမျိုးတည်း။ ။ပါစိတ်- ပဒဘာဇနီ ပါဠိတော် (၃၄၀)

---

၈၄-မေး။ ။မိမိ၏ ဝေယျာဝစ္စကာရ ဖြစ်သော သူ၏- ယာဂု ကျိုခြင်းစသော အမှုဘ်ကို ပြုသော

ဘိက္ခုနီ အား၊ အာပတ်- သင့်- မသင့်- ခွဲ
ဖြတ်လိုက်ပါ။

၈၄-ဖြေ။ ။မိမိ၏ ဝေယျာဝစ္စကရ ဖြစ်သောသူ၏ ယာဉ်
ကျိုးခြင်းစသော အန္တရာယ်ရှိ၍ ပြုသော ဘိက္ခုနီ
အား၊အာပတ်မသင့်ပါ။ ။ကန်ပါ (၂၁၄)

၈၅-မေး။ ။အာဝသထ စီဝရ - ဟူသည်၊ အဘယ်သို့
ဆို၍ လှူဒါန်းသော သင်္ကန်းနည်း။

၈၅-ဖြေ။ ။အာဝသထ စီဝရ-ဟူသည်၊ ဥတုလာကုန်
သော ဘိက္ခုနီမတို့သည် သုံးဆောင်စေသော
တည်းဟုဆို၍ လှူဒါန်းသော သင်္ကန်းတည်း။

၈၆-မေး။ ။ဥတုနီး သင်္ကန်းကို မစွန့်မူ၍ သုံးဆောင်
သော ဘိက္ခုနီမအား၊ အဘယ် နှစ်ရက်
မြောက်သောနေ့၌ ပါစိတ် အာပတ် သင့်သ
နည်း။

၈၆-ဖြေ။ ။ဥတုနီး သင်္ကန်းကို မစွန့်မူ၍ သုံးဆောင်
သော ဘိက္ခုနီမအား၊ လေးရက် မြောက်
သောနေ့၌ ပါစိတ်အာပတ်သင့်သည်။

၈၇-မေး။ ။တံခါးရွက် ဖွဲ့တင်သော ကျောင်းကိုရင်း၊
တံခါးရွက် မဖွဲ့မတင်သော ကျောင်းကိုရင်း၊
စောင့်ရှောက် စိမ့်သော၄ါ မပေး မစွန့်မူ၍၊
ဒေသစာရီလှည့်လည် ဖဲသွားသော ဘိက္ခုနီ

တ္ထုအား၊ သင့်သောဒုက္ခပတ် အသီးအသီးကို ဟောပြပါ။

၈၇-ဖြေ။ ။တံခါးရွက် ဖွင့်တင်သော ကျောင်းကို-စောင့်ရှောက်စိမ့်သောငှါ မပေးမစွန့်မှု၍၊ ဒေသစာရိလှည့်လည် ဖဲသွားသော ဘိက္ခုနီမ အား၊ ပါစိတ် အာပတ် သင့်ပါသည်။ ။တံခါးရွက် မဖွင့် မတင်သော ကျောင်းကို-စောင့်ရှောက်စိမ့်သောငှါ မပေးမစွန့်မှု၍ ဒေသစာရိလှည့်လည် ဖဲသွားသော ဘိက္ခုနီမအား၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

၈၈-မေး။ ။တိရစ္ဆာန ဝိဇ္ဇာ- ဟူသည်၊ အဘယ် အတတ်-အဘယ်မန္တန် မျိုးကိုခေါ်ပါသနည်း။

၈၈-ဖြေ။ ။တိရစ္ဆာန ဝိဇ္ဇာ - ဟူသည်၊ ဆင် အတတ် မြင်း အတတ်- ရထား အတတ်- လေး အတတ်- သန်လျက် ဆုပ်ကိုင်သော အတတ်၊ အာဝဋ္ဋနီ မန္တန်- ဂန္ဓာရီ မန္တန်- ဝသီကရဏမန္တန် - သောသာပနမန္တန် - အဆိပ်ဆေး ယှဉ်ခြင်း- စသည် အပြားရှိသော- သူတပါး သတ်ခြင်းကို ပြုတတ်သော အတတ်ကိုခေါ်သည်။ ။ကင်္ခါ (၂၁၅)

ဝိဇ္ဇာဂါရဝဂ် ပြီး၏။

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-အာရာမဝဂ်။

၈၉-မေး။ ။အာရာမဝဂ်-ပဌမသိက္ခာပုဒ်၌၊ သဘိက္ခုကံ အာရာမံ-အရ ဘော်ပြပါ။

၈၉-ဖြေ။ ။အာရာမဝဂ်-ပဌမသိက္ခာပုဒ်၌၊ သဘိက္ခုကံ အာရာမံ-အရကား၊ အကြင်အရပ်၌ ရဟန်းတို့သည် သစ်ပင် ရင်း၌လည်း နေကုန်၏။ ထို အရပ်သည် သဘိက္ခုက အာရာမ - တည်း။

၉၀-မေး။ ။အာရာမဝဂ် - ပဌမ သိက္ခာပုဒ်၌၊ အနာပုစ္ဆာ- ပါဠိဝယ်- အာပုစ္ဆာ- အရ ပန်ကြားရမည့်ပုဂ္ဂိုလ်များကို ညွှန်ကြားခဲ့ပါ။

၉၀-ဖြေ။ ။အာရာမဝဂ်- ပဌမသိက္ခာပုဒ်၌၊ အနာပုစ္ဆာ- ပါဠိဝယ်- အာပုစ္ဆာ- အရ- ပန်ကြားရမည့် ပုဂ္ဂိုလ်များကား၊ ရဟန်းယောကျ်ား- သာမဏေ ယောကျ်ား- အရာမ် စောင့်တို့ ဖြစ်သည်။

---

၉၁-မေး။ ။အာရာမဝဂ်-ပဌမ သိက္ခာပုဒ်၌၊ အနုပညတ် များကို ဘော်ပြပါ။

၉၁-ဖြေ။ ။အာရာမဝဂ်-ပဌမ သိက္ခာပုဒ်၌၊ အနုပညတ် များကား၊ (၁) သန္တံ ဘိက္ခုံ အနာပုစ္ဆာ၊ (၂) ဇာနံ သဘိက္ခုကံ-တို့ဖြစ်သည်။

၉၂-မေး။ ။စတ္တုတ္ထိကဘာ ဂဏံ ပရိဘာသသေသျှ-၌၊ စတ္တုတ္ထိကဘာ-ဂဏံ-တို့ အရကိုလည်း၊ ပရိဘာသနောကာဒရ-ကိုလည်း၊ဖော်ပြပါ။

၉၂-ဖြေ။ ။စတ္တုတ္ထိကဘာ ဂဏံ ပရိဘာသသေသျှ-၌၊ စတ္တုတ္ထိကဘာ - အရကား၊ အချက် ထွက်ခြင်း တည်း။ ။ဂဏာ-အရကား၊ဘိက္ခုနီသံဃာ တည်း။ပရိဘာသနောကာဒရ-ကား၊ ဤဘိက္ခုနီ မတို့သည် ရိုက်ကုန်၏။ မလိမ္မာ ကြကုန်။ ကံကိုလည်း၊ ကမ္မဒေါသကိုလည်း၊ ကမ္မသမ္ပတ်ကိုလည်း၊ကမ္မဝိပတ္တိကိုလည်း၊မသိကြကုန်။ ဤသို့ အမှတ်မရှိ တပါးပါး၌ ရေရွတ်ခြင်း ဖြစ်သည်။

---

၉၃-မေး။ ။ဂဘာ- ပုဂ္ဂလ- ဖြစ်သောဘိက္ခုနီမတို့ကို ရေရွတ်သော ဘိက္ခုနီမအား၊အဘယ်အာပတ် သင့်ပါသနည်း။

၉၃-ဖြေ။ ။ဂဘာ-ပုဂ္ဂလ-ဖြစ်သော ဘိက္ခုနီမတို့ကို ရေရွတ်သော ဘိက္ခုနီမအား၊ ဒုက္ကဋ် အာပတ် သင့်ပါသည်။

---

၉၄-မေး။ ။အာရာမဝဂ်- စတုတ္ထသိက္ခာပုဒ်၌၊ ခါဒနီယ သောခနီယ (၂) ပါးတို့ကို ခွဲခြား၍ပြပါ။

၉၄-ဖြေ။ ။အာရာမဝဂ်-စတုတ္ထ သိက္ခာပုဒ်၌၊ ခါဒနီယကား၊သောခဉ် (၅) ပါး-ယာဂု-ယာမကာလိ

က-သင်္ဃာဝဟာကာသေဒိက- ယာဝဒိဒိက တို့ကို ထား၍၊ ခံစား အပ်သော ဝတ္ထု ဟူသမျှ တည်း။

ဘောဇနီယ- ကား၊ ဩဒန- ကုမ္မာသ- သတ္တု-မစ္ဆ-မံသ-ဟု ဆိုအပ်သော ဘောဇဉ် (၅) ပါးတည်း။

---

၃၅-မေး။ ။ကုလမစ္ဆရိနီ-ပါဠိ၌၊ ကုလ-အပြားတို့ ရေတွက်၍ပြပါ။

၃၅-ဖြေ။ ။ကုလမစ္ဆရိနီ-ပါဠိ၌၊ ကုလ - အပြားကား၊ ခတ္တိယ ကုလ- ဗြာဟ္မဏ ကုလ- ဝေဿ ကုလ-သုဒ္ဒ ကုလ (၄) မျိုး ဖြစ်ပါသည်။

---

၃၆-မေး။ ။အဘိက္ခုကော အာဝါသေ ဝဿံ ဝသေယျ-၌၊ အဘိက္ခုက အာဝါသ- ဟူသည်အဘယ်နည်း။

၃၆-ဖြေ။ ။ဘိက္ခုနီမ ကျောင်းမှ- ယူဇနာခွဲ အတွင်း၌- ဩဝါဒကို ပေးတတ် ကုန်သော ရဟန်း ယောကျ်ားတို့သည် မနေကုန်အံ့။ ခရီးသည် လည်း ဘေးရန်ရှိအံ့။ အန္တရာယ် မရှိသဖြင့် သွားခြင်းငှါ မစွမ်းနိုင်အံ့။ ဤကျောင်းသည်- အဘိက္ခုကာအာဝါသ-တည်း။

၉၇-မေး။ ။ဘိက္ခုနီမတို့ သိက္ခာပဒ်ပါရာဇိကာ၌ ထားသော သမ္ဗုသင်္ဂါဟိကာဉတ်ကို ရေးသားခဲ့ပါ။

၉၇-ဖြေ။ ။သမ္ဗုသင်္ဂါဟိကာဉတ်ကား။ ။သုဏာတု မေ အယျေ သံဃော၊ အယံ့ ပါရာဇိကာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပါရာဇိကံ-တည်း။

---

၉၈-မေး။ ။အာစာရမဝင်- အဋ္ဌမ သိက္ခာပုဒ်ဝယ်၊ သြဝါဒါယ ဝါ သံဝါသာယ ဝါ-ပါဠိတော်၌၊ သြဝါဒ-သံဝါသ-အရများကို ဘော်ပြပါ။

၉၈-ဖြေ။ ။အာစာရမဝင်- အဋ္ဌမ သိက္ခာပုဒ်ဝယ်- သြဝါဒ-အရကား၊ ဂရုဓံ(၈)ပါးတည်း။ ။သံဝါသ-အရကား၊ ကေကမ္မ ကေဒ္ဒေသ- သမသိက္ခာ တာ-တည်း။ ။ပဒဘာဇနီပါဠိတော် (၃၅၅)

---

၉၉-မေး။ ။အာစာရမဝင်-၌၊ အနုဒ္ဓမာသံ- ပုဒ်ကိုဝစနတ္ထ ပြုခဲ့ပါ။

၉၉-ဖြေ။ ။အနုအနု အဒ္ဓမာသံ အနုဒ္ဓမာသံ-ဟု ပါဠိ ပုဒ် - ကမ္မ ဝေနယ်ပြု။ အနုဒ္ဓရိယံ - ကဲ့သို့ တည်း။

---

၁၀၀-မေး။ ။အာစာရမဝင် - သမ သိက္ခာပုဒ်-၌၊ ပဿာဝ အရပ်ကို ဘော်ပြ၍၊ ၎င်းအရပ်ကို- ပဿာဝ-ခေါ် ခြင်းအကြောင်းကိုလည်း ဘော်ပြပါ။

၁၀၀-ဖြေ။ ။ချက်အောက်- ပုဆစ်ဒူးဝန်း နှစ်ဘက်၏ အထက်အရပ်သည် ပသာခ-အရပ်တည်း။ ။ ထိုချက်အောက် အရပ်မှ- သစ်ပင်၏ အခက်ကဲ့သို့ ပေါင်နှစ်ခု တို့သည် ဖြာ၍သွားသောကြောင့်၊ ထိုအရပ်ကို ပသာခ-ခေါ်သည်။ ။ ကခ်ါ (၂၂၀)

အာရာမဝဂ် ပြီး၏။

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-ဂဏ္ဌိနိဝဂ်။

၁၀၁-မေး။ ။ပါယန္တိ ° ရဋ္ဌာပေသျ- ပါဌ်၌၊ ပါယန္တိ- ပုဒ်ကို ဝစနတ္ထ ပြု၍၊ ၎င်းအရကိုလည်း ဘော်ပြပါ။

၁၀၁-ဖြေ။ ။ထညံ့ ပါယေတီတိ ပါယန္တိ။ ။အခရကား၊ သူငယ်ကို နို့တိုက်သော- အမိ- နို့ထိန်းတို့တည်း။

၁၀၂-မေး။ ။ဂဏ္ဌိနိဝဂ်-တတိယ-စတုတ္ထ သိက္ခာပုဒ်တို့၌၊ ဒွေဝဿာနိ-အရ၊ အဘယ်၏ အစွမ်းဖြင့် ရေတွက်ရပါသနည်း။

၁၀၂-ဖြေ။ ။ဂဏ္ဌိနိဝဂ်- တတိယ- စတုတ္ထ သိက္ခာပုဒ်တို့၌၊ ဒွေဝဿာနိ-အရ၊ ပဝါရဏာ၏ အစွမ်းဖြင့် ရေတွက်ရပါသည်။

၁၀၃-မေး။ ။ဂဗ္ဘိနီဝဂ်- တတိယ သိက္ခာပုဒ်၌၊ အသိက္ခိတသိက္ခံ-ဟူသည် အဘယ်နည်း။

၁၀၃-ဖြေ။ ။အသိက္ခိတသိက္ခံ-ဟူသည်၊ မပေးအပ်သေးသောသိက္ခာ- ပျက်သော သိက္ခာ ရှိသော သိက္ခမာန်တည်း။

---

၁၀၄ မေး။ ။သိက္ခမာန်-ပုဒ်ကို ဝစနတ္ထပြုခဲ့ပါ။

၁၀၄-ဖြေ။ ။သိက္ခတီတိ သိက္ခမာနာ။ ။သိက္ခံ မာနေတီတိ သိက္ခမာနာ။

---

၁၀၅-မေး။ ။ဂဗ္ဘိနီဝဂ်- တတိယ- စတုတ္ထ- သိက္ခာပုဒ် (၂) ပါး၌ ပါရှိသော သိက္ခမာန် (၂) ယောက်ကို အဘယ်သို့ ခေါ်ပါသနည်း။

၁၀၅-ဖြေ။ ။ဂဗ္ဘိနီဝဂ်- တတိယ- စတုတ္ထ - သိက္ခာပုဒ် (၂)ပါး၌ ပါရှိသောသိက္ခမာန် (၂) ယောက်ကို၊ မဟာသိက္ခမာန်-ဟု ခေါ်ပါသည်။

အသက်နှစ်ဆယ် ကျော်လွန်သော သိက္ခမာန်ကြီး-ဟု ဆိုလိုသည်။

---

၁၀၆-မေး။ ။ဆယ်နှစ် ပြည့်သော ဂိဟိဂတာ မိန်းမအား၊ သိက္ခာသမ္မုတိပေး၍၊ (၁၂) နှစ် ပြည့်သော သိက္ခမာန်ကို ပဉ္စင်း ခံခြင်း၌- အပ်- မအပ်- ဆုံးဖြတ်လိုက်ပါ။

၁၀၆-ဖြေ။ ။ဆယ်နှစ် ပြည့်သော ဂိဟိဂတ မိန်းမအား။ သိက္ခာသမ္မုတိပေး၍၊ (၁၂) နှစ်ပြည့်သော သိက္ခမာန်ကို ပဉ္စင်းခံခြင်း၌ အပ်ပါသည်။

ဂဗ္ဘိနီဝဂ် ပြီး၏။

---

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-ကုမာရိဘူတဝဂ်။

၁၀၇-မေး။ ။မဟာ သိက္ခမာန် - ဂိဟိဂတ သိက္ခမာန်- ကုမာရိဘူတ သိက္ခမာန် (၃) ယောက်တို့၏ ထူးခြားဟန် ဖော်ပြပါ။

၁၀၇-ဖြေ။ ။အသက် နှစ်ဆယ်ကျော်လျှင်- မဟာသိက္ခမာန်တည်း။ ။ဆယ်နှစ်မှ (၁၈) နှစ်အထိ- ဂိဟိဂတသိက္ခမာန်တည်း။ ။(၁၈) နှစ်မှ စ၍ အသက်နှစ်ဆယ်ပြည့်အောင် - ကုမာရိဘူတသိက္ခမာန်တည်း။ ။ကင်္ခါ (၂၂၃)

---

၁၀၈-မေး။ ။ကုမာရိဘူတဝဂ်-ဧကာဒသမ သိက္ခာပုဒ်၌၊ ဦနဒွါဒသဝဿကို အဘယ်၏ အစွမ်းဖြင့် ယူရမည်နည်း။

၁၀၈-ဖြေ။ ။ကုမာရိဘူတဝဂ် - ဧကာဒသမ သိက္ခာပုဒ်၌၊ ပဟာန်းခံသော ဝါ၏ အစွမ်းဖြင့် - ဦနဒွါဒသဝဿ-ကို ယူရပါသည်။

---

၁၀၉-မေး။ ။ကုမာရိဘူတဝဂ်- နဝမသိက္ခာပုဒ်၌၊ ပုရိသ-ကုမာရက-တို့၏ အထူးကိုဖော်ပြပါ။

**၁၀၉-ဖြေ။** ။ကုမာရီဘူတာဝဂ်-နဝမ သိက္ခာပုဒ်၌၊ ပုရိသ-ကား၊ အသက် နှစ်ဆယ်သို့ ရောက်သော ယောက်ျား တည်း။ ။ကုမာရက ကား-အသက် နှစ်ဆယ်သို့ မရောက် သေးသော ယောက်ျား တည်း။ ။ပဒ ဘာဇနီ ပါဠိတော် (၃၇၃)

---

**၁၁၀-မေး။** ။စက္ခုံ သောကာဝါသိ-၌၊ သောကာဝါသ-ပုဒ်ကို ရသင့်တိုင်း ဝေနဲ့ပြခဲ့ပါ။

**၁၁၁-ဖြေ။** ။ပုရိသာနံ အနွေ့ာသောကံ ပဝေသေတီတိ သောကာဝါသာ။ ။သောကံ အာဝိသတီတိ သောကာဝါသာ။ ။သောကော အာဝါသော အဿာတိ သောကာဝါသာ။

---

**၁၁၂-မေး။** ။ကုမာရီ ဘူတဝဂ် - ဒသမ သိက္ခာပုဒ်၌၊ မာတာ ပိတူဟိ ဝါ သာမိကေန ဝါ-ပါဠိတို့ အရ၊ အလိုရှိအပ်သော-မာတာ-ပိတု-သာမိက-တို့ကို ဖော်ပြပါ။

**၁၁၃-ဖြေ။** ။ကုမာရီ ဘူတဝဂ်- ဒသမ သိက္ခာပုဒ်၌၊ မာတာပိတူဟိ ဝါ သာမိကေနဝါ- ပါဠိတို့အရ၊ မွေးသော အမိ-ဖြစ်စေ တတ်သော အသာ-သိမ်းဆည်းသော လင်တို့ကို၊ မာတာ-ပိတု-သာမိက-ဟု အလိုရှိအပ်သည်။ ဋီကာ (၂၂၇)

၁၁၂-မေး။ ။ကုမာရိဘူတဝဂ်- ဧကာ သမ သိက္ခာပုဒ်၌၊ ပါရိဝါသိက ဆန္ဒဒါနေန- ပါဌ်အရ၊ ပါရိဝါသိက-အပြားကို ရေတွက်ပြီးလျှင်။ ဤ-ပါရိဝါသိက ဆန္ဒဒါနေန-ပါဌ်ကို၊ အဘယ် ပါရိဝါသိက-ကိုရည်၍ ဟောတော်မူသည်ဟု ဖော်ပြခဲ့ပါ။

၁၁၂-ဖြေ။ ။ပါရိဝါသိက အပြားကား၊ (၁) ပရိသာပါရိဝါသိက၊ (၂) ရတ္တိပါရိဝါသိက၊ (၃) ဆန္ဒပါရိဝါသိက၊ (၄) အဇ္ဈာသယ ပါရိ ဝါသိက တည်း။

ဤ-ပါရိဝါသိက ဆန္ဒဒါနေန-ပါဌ်ကို၊ ဆန္ဒ ပါရိဝါသိက- အဇ္ဈာသယ ပါရိ ဝါသိက- ကို ရည်၍ ဟောတော်မူသည်။

---

၁၁၃-မေး။ ။ကုမာရိဘူတဝဂ်- တေရသမ သိက္ခာပုဒ်၌၊ ဧကဝဿံ ဝုဋ္ဌ-ပါဌ် အရ၊ တနှစ် ခြားသော ဧကဝဿ-ကို ယူရမည်လော။ မခြားသော ဧကဝဿ-ကို ယူရမည်လော။ဖြေပါ။

၁၁၃-ဖြေ။ ။ကုမာရိဘူတဝဂ် - တေရသမ သိက္ခာပုဒ်၌၊ ဧကဝဿံဝုဋ္ဌ - ပါဌ်အရ၊ တနှစ် ခြားသော ဧကဝဿ-ကိုယူရပါသည်။ ။ကင်္ခါဋီကာ သစ် (၃၀၆)

ကုမာရိဘူတဝဂ် ပြီး၏။

## ဘိက္ခုနီ-သုဒ္ဓပါစိတ်-ဆတ္တုပါဟနဝဂ်။

၁၁၄-မေး။ ။ဆတ္တုပါဟနဝဂ်-"ပဌမ သိက္ခာပုဒ်၌၊ အဂိလာနာ-ပါဠိအရ၊ ဂိလာန အဂိလာန- ခွဲခြား၍ ပြပါ၊

၁၁၄-ဖြေ။ ။ဂိလာန ကား၊ ထီး-ဖိနပ်နှင့် ကင်း၍ မချမ်းသာသော ရဟန်းမိန်းမတည်း။

အဂိလာန-ကား၊ ထီး-ဖိနပ်နှင့် ကင်း၍ ချမ်းသာသော ဘိက္ခုနီမတည်း။

---

၁၁၅-မေး။ ။ဆတ္တုပါဟနံ ဓာရေယျ-၌၊ ဆတ္တ-အပြား ကို ရေတွက်၍ပြပါ။

၁၁၅-ဖြေ။ ။ဆတ္တ- အပြားကား၊ (၁) သေတစ္ဆတ္တ၊ (၂) ကိလဉ္ဇဆတ္တ၊ (၃) ပဏ္ဏဆတ္တ-တည်း။

---

၁၁၆-မေး။ ။ထီး-ဖိနပ် (၂) ပါးတို့တွင်-တပါးပါးကိုသာ ဆောင်သည်ဖြစ်အံ့၊ အဘယ်အာပတ် သင့်မည်နည်း။

၁၁၆ ဖြေ။ ။ထီး-ဖိနပ် (၂) ပါးတို့တွင်- တပါးပါးကိုသာ ဆောင်သည် ဖြစ်အံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

၁၁၇-မေး။ ။အဂိလာနာ ယာနေန ယာယေယျ-ပါဌ်၌၊ ဂိလာန - အဂိလာန - ခွဲခြားပြီးလျှင်၊ ယာန- အပြားကို ရေတွက်ပြပါ။

၁၁၇-ဖြေ။ ။ခြေဖြင့် သွားခြင်း၌ မစွမ်းနိုင်လျှင်-ဂိလာန၊ ခြေဖြင့်သွားခြင်း၌ စွမ်းနိုင်လျှင်-အဂိလာန။

ယာနအပြားကား၊ (၁) ဝယှ၊ (၂)ရထ၊ (၃)သကဋ၊(၄)သန္ဒမာနိကာ၊(၅)သိဝိကာ၊ (၆)ပါဋင်္ကီ-တို့တည်း။

---

၁၁၈-မေး။ ။ဆတ္တ လက်ခံရ ဝေရေယျ-ဦ၊ ဆတ္တ လက်ခံရ-အပြားကို ရေတွက်၍ပြပါ။

၁၁၈-ဖြေ။ ။ဆတ္တလက်ခံရ-အပြားကား (၁)သိဿူပဂ၊ (၂) ဂိဝူပဂ၊ (၃) ဟတ္ထူပဂ၊ (၄)ပါဒူပဂ၊ (၅) ကဋူပဂ-တို့ဖြစ်သည်။

---

၁၁၉-မေး။ ။ဆတ္တုပါဟနဝဂ် - ဧကာဒသမသိက္ခာပုဒ်၌၊ ဘိက္ခုသဿ ပုရတော - ပါဠိအရ၊ ရှေ့တည့် တည့် တူရူ အရပ်ကိုရည်၍ ဟောတော်မူပါသလော။ သို့မဟုတ် - အဘယ် အရပ်ကို ရည်၍ ဟောတော်မူပါသနည်း။

၁၁၉-ဖြေ။ ။ဆတ္တုပါဟနဝဂ်-ဧကာဒသမ သိက္ခာပုဒ်၌၊ ဘိက္ခုသဿ ပုရတော-ပါဠိ အရ၊ ရှေ့တည့် တည့် တူရူ အရပ်ကို ရည်၍ ဟောတော်မူသည်မဟုတ်။ထက်ဝန်းကျင် (၁၂) တောင် ဥပစာအရပ်ကိုရည်၍ဟောတော်မူသည်။ ။ ကင်္ခါ (၂၂၈)

၁၂၀-မေး။ ။သေက္ခိယပါဟနဝဂ် - ဘေရသမ သိက္ခာပုဒ်၌၊ အသံကစ္ဆိကာ- ပါဠိဝယ်- သံကစ္ဆိကာ ခေါ်သော ရင်လွှမ်း တဘက်ကို၊ အဘယ် အရပ်ကို ဖုံးလွှမ်းခြင်း၌ ခွင့်ပြုတော်မူပါသနည်း။

၁၂၀-ဖြေ။ ။သေက္ခိယပါဟနဝဂ်- ဘေရသမ သိက္ခာပုဒ်၌၊ အသံကစ္ဆိကာ- ပါဠိဝယ်-သံကစ္ဆိကာ- ခေါ်သော ရင်လွှမ်းတဘက်ကို၊ ညှပ်ရိုးနှစ်ဘက်၏ အောက်-ချက်ဝန်း အထက်ဟု ဆိုအပ်သော ကိုယ်အရပ်ကို ဖုံးလွှမ်းခြင်း၌ ခွင့်ပြုတော်မူပါသည်။ ။ကခ်ါ (၂၂၉)

သေက္ခိယပါဟနဝဂ် ပြီး၏။

---

[ မှတ်ချက်-ဝေသာရနှစ်ဝဂ်တို့၌၊ ဘိက္ခုပါတိမောက်နှင့် တူသည်ဖြစ်၍၊ အမေးအဖြေ ရေးသားခွင့်မရှိပြီ။ ဘိက္ခုပါတိမောက် အမေးအဖြေအတိုင်း ကြည့်ရှု၍ သိကြရာ၏]။

ဘိက္ခုနီပါတိမောက် အမေးအဖြေ ပြီး၏။

---

ဤစာပြီးသမီ၊ သက္ကရာဇ်ကား-

၁၂၉၄-ခုနှစ်တွေ့ လဆုတ် (၇) ရက်၊ တနင်္လာနေ့ နံနက် (၈)နာရီ (၄၅) မိနစ် အချိန်တွင် ခဲ့သိမ်းအနက္ခရာယ်မပြတွယ်ဘဲ၊ အောင်မြင်ပြီးလတ်၊ အခန့်သင့်သတည်း။

အနေန ပုညကမ္မေန၊
ဂမ္ဘီရ ဉာဏာ ဓာတိယံ။
ခဏေညဝ ဝိသဇ္ဇေယျံ၊
သဗ္ဗ ဂမ္ဘီရ ပဉှာနံ။ ။
ယထာ အနုတ္တရာယေန၊
နိဂ္ဂံ ပဉှာဝိသဇ္ဇနံ။
တထာ ကလျာဏ သက်ပွါ၊
သိဝံ ရတ္တိန္တ ပါဏိန္တိ။ ။

ရှတိ သဒ္ဒမ္မ ဧဓာတိ ပါလဇ္ဇေဒေန ရစိတံ
ပဉှာ ဝိသဇ္ဇနံ နိဂ္ဂတံ။

ပါတိမောက္ခ အမေးအဖြေကျမ်း ပြီး၏။